
တက္ကသိုလ်

# တင်မြင့်

# တဒိတ်ဒိတ်ခုန်တဲ့ရှင်



# တက္ကသိုလ်တင်မြင့်

## တဒိတ်ဒိတ်ခုန်တဲ့ရင်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၅၉၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၇၇၀၅၁၀

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၀၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

တဒိတ်ဒိတ်ခုန်တဲ့ရင်/တက္ကသိုလ်တင်မြင့်-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၆၄- စာ၊ ၁၂×၁၈ စင်တီ။

(၁) တဒိတ်ဒိတ်ခုန်တဲ့ရင်


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။





စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

တက္ကသိုလ်
# တာင်မြင့်

# တဒိတ်ဒိတ်ခုန်တဲ့ရင်





## ၁

ကိုယ်ပိုင်လုံးချင်းအိမ်ရာများဖြစ်၍ တစ်ခြံနှင့် တစ်ခြံ အကွာအဝေးမနီးလှ။ ခြံဝင်းကျယ်ကြီးတစ်ခြံ၏ စည်းရိုးနားသို့ နေရဲ ဖျတ်ခနဲ ချဉ်းကပ်လိုက်သည်။

ခြံစည်းရိုးက အလုံပိတ်အုတ်နံရံများမဟုတ်။

ပတ်လည်အုတ်တိုင်များတွင် သံပန်းများတွဲကာ ကာရံထားခြင်းပဲဖြစ်ပါလေသည်။ ခြံအတွင်းသို့ ကြည့်၍ရသည်။

အဖျားချွန်သံတိုင်များကို ဒေါင်လိုက်ထည့်ထား သည်။

အမြင့်က လူတစ်ရပ်သာသာခန့်ပဲရှိသည်။ ခြံအတွင်း မီးတိုင်များရှိသော်လည်း မီးထွန်းထားခြင်းမရှိ။ သီးပင်စားပင်များ၊ ချုံဆန်ဆန် သစ်ပင်ရိပ်များကြောင့် ညအမှောင်တွင် ခြံအတွင်းသို့

ကြည့်ရသည်မှာ ကွဲကွဲပြားပြားတော့မရှိ။ မြင်ကွင်းက ဝိုးတဝါးမျှပဲရှိ၏။

ကွန်ကရစ်ခင်းလမ်းမပေါ်တွင် လူသွားလူလာမရှိတော့။ မာကျူရီလမ်းမီးရောင်က ကွန်ကရစ်လမ်းပေါ်နှင့် ဘေးဝန်းကျင်သို့ ဖြာကျနေသည်။ ညကိုးနာရီကျော်ခန့်တော့ ရှိလေမည်ဟု နေရဲ ခန့်မှန်းလိုက်သည်။ ကိုယ်ပိုင်ကား။ ကိုယ်ပိုင်ခြံဝန်းပိုင်ဆိုင်သည့် အရပ်မို့ ညမှောင်လျှင် ဤဝန်းကျင်တွင် လူသွား လူလာမရှိကြတော့။

ဒီအရပ်ဝန်းကျင်မှ လူတွေသည် အပြင်ထွက်လျှင် ကိုယ်ပိုင်ကားနှင့်ထွက်သည်။ ကိုယ်ပိုင်ကားနှင့်ပဲပြန်သည်။ နေ့လယ်နေ့ခင်းတွင်ပဲ ဖြတ်သွားဖြတ်လာလုပ်သူတွေ ရှိသည်။

ဒီလို ညအချိန်ဆိုလျှင် ဖြတ်သွားဖြတ်လာလုပ်သူတွေ မရှိကြသည်မှာ အဆန်းတကြယ်တော့ မဟုတ်ပေ။

နေရဲသည် ကွန်ကရစ်လမ်းကို ကျော်ကာ ကြည့်လိုက်မိသည်။ ဟိုမှာဘက်တွင် မြက်ရိုင်းတောများနှင့် မြေအရိုင်းတွေ ကျန်ရှိနေသေးသည်။ နေရဲချဉ်းကပ်နေသည့် ခြံဝင်းကျယ်သည် ဖြတ်လမ်းနှစ်လမ်း၏ အလယ်၊ လမ်းမကြီး၏ အလယ်တွင်ရှိသည်။





အခြားသောခြံများနှင့် လမ်းများခြားထားသည်။ လမ်းမကြီး၏ တစ်ဘက်တွင်လည်း မြေအရိုင်းများသာ ရှိသည်။

ဒီတော့ အခြေအနေက နေရဲဘက်တွင်ရှိနေပါ၏။ နှစ်ခြံကျော်လောက်ဆီမှ တဝုန်းဝုန်းဟောင်နေသည့် ခွေးသံများကို နေရဲကြားလိုက်ရသည်။ သာမန်အရပ်ခွေးများတော့ မဟုတ်နိုင်။

လေလွင့်အရပ်ခွေးများအသံက ဒီမျှ မကျယ်လောင်။ ပြီးတော့ တဝုတ်ဝုတ်အသံမျှပဲ ထွက်သည်။ ဂျာမန်အမဲလိုက်ခွေးများဖြစ်သည့် အယ်လ်ဆေးရှင်း၊ ဒိုဘာမင်၊ ဂရိတ်ဒိန်းစသောခွေးများပဲ ဖြစ်လေသည်။

ခွေးသံများ ပြန်လည်၍ ငြိမ်သွား၏။ ဟောင်သံများ ပျံ့လွင့်လာခြင်းမရှိတော့။ နေရဲခြံစည်းရိုးကို ကျော်ဝင်ရန်ပြင်ဆင်လိုက်သည်။ သဃ်န်းကျွန်းလမ်းမကျယ်ကြီးပေါ်မှ ဖြတ်သန်းသွားလာနေကြသည့်ကားသံများကို ကြားနေရသည်။

ခြံစည်းရိုးအတွင်းသို့ နေရဲ သေချာအောင် ထပ်၍ကြည့်သည်။ ခြံဝင်းအတွင်း မီးရောင်မရှိ။ ခြံဝင်းအလယ်ရှိ တိုက်ကြီး၏ အပေါ်ထပ်တွင်မူ ဘယ်ဘက်အခန်းထောင့်ရှိ အခန်းတစ်ခန်းတွင် ထွန်းထားသော မီးအလင်းသဲ့သဲ့ကိုပဲ တွေ့ရသည်။ ညအိပ်မီးဖြစ်ပေမည်။ အလင်းကဖျော့တော့လွန်းပါ၏။

နေရဲသည် လွယ်ထားသော ဘေးလွယ်သားရေအိတ်ကို ရှေ့သို့ ပြောင်းလိုက်သည်။ မပြောင်းလျှင် ခြံစည်းရိုးကျော်ဝင်သည့်အခါ သားရေအိတ်နှင့် စည်းရိုးကာသံချွန်များနှင့် ငြိနိုင်၍ပဲ ဖြစ်ပါလေသည်။

အုတ်တိုင်တစ်တိုင်၏အနားမှ ကပ်၍ သံပန်းအထစ်များကို နေရဲနင်းကာ စည်းရိုးခြံကို တက်လိုက်သည်။

လွယ်တော့ မလွယ်။ ညာခြေကို ခြေတစ်ဖဝါးစာချနိုင်သည့် စည်းရိုးအုတ်တိုင်ပေါ်သို့ ဟန်ချက်ကို ထိန်းကာ နေရဲအားပြုတက်သည်။ အုတ်တိုင်များက ထုလုံးချွန်များပဲ ဖြစ်သည်။

ဘယ်ခြေကို သံချွန်နှစ်တိုင်အလယ်ကြားမှ သံတန်းကို နင်းသည်။ စက္ကန့်အနည်းငယ်အတွင်းမှပင် ညာခြေကို အားပြု၍ ကိုယ်ကို တစ်ပတ်လည်ကာ ခြံအတွင်းသို့ နေရဲ လေတွင် လွှဲ၍ လိမ့်ချလိုက်သည်။

ကိုယ်တစ်ပတ်လည်ကာ အလိုက်သင့်ကျသွားသည်။

ခြံအတွင်းသို့ လေထဲဝဲကာ နေရဲ ခြေစုံကျသွားသည်။ နေရဲမျက်လုံးနှစ်လုံးကို စုံမှိတ်လိုက်သည်။ စက္ကန့်အနည်းငယ်ကြာမှပြန်၍ဖွင့်သည်။ အမှောင်ထုအတွင်းသို့ တဖြည်းဖြည်းချင်းကြည့်ယူသည်။ နေရဲမျက်လုံးတွေ အမှောင်ထုအတွင်း ကောင်းစွာ





မြင်လာနိုင်တော့သည်။

ဒီလိုခြံဝင်းကျယ်ကြီးများထဲတွင် ခြံစောင့်ရှိနိုင်သည်။ ပြီးတော့ ခြံစောင့်ခွေးကြီးများ ရှိနိုင်သည်။ နေရဲရောက်ရှိနေသည့်နေရာမှာ ခြံ၏ ဘေးဘယ်ညာအခြမ်းဖြစ်သည်။

နေရဲ ခြေသံကို လုံအောင် ထိန်းနင်းကာ တိုက်၏အနောက်ခြမ်းသို့ လျှောက်လိုက်သည်။ တိုက်အနောက်ခြမ်းသို့ နေရဲရောက်သွားသည်။ လရိပ်ဖြင့် တိုက်အနောက်ပိုင်းကို နေရဲချဉ်းကပ်လိုက်သည်။

နေရဲရောက်ရှိသောနေရာသည် တိုက်ကြီး၏ မီးဖိုဆောင်ဖြစ်နိုင်သည်။ ဘေးပြတင်းတံခါးများမှ ဝင်ရန် မလွယ်ကူလှပေ။ နေရဲ၏ အိတ်ထဲမှာ ဘာလက်နက်တစ်စုံတစ်ရာမျှ မပါရှိခဲ့။

ပြောရလျှင် စင်စစ် နေရဲသည် သူတစ်ပါး၏ခြံဝင်းအတွင်းသို့ ပိုင်စိုးပိုင်နင်း ကျူးကျော်ဝင်ရောက်ခဲ့စေကာမူ သူခိုးတစ်ယောက်မဟုတ်လေခဲ့။ ဖောက်ထွင်းပညာရပ်များကို တတ်ကျွမ်းလေသူတစ်ဦးလည်း မဟုတ်ခဲ့။

နေရဲသည် အငတ်ဘေးကြုံ၍ ဝင်ရောက်ခိုးစားရန်ကြံရွယ်မိလေသူတစ်ဦးပဲ ဖြစ်ပါလေ၏။ ပြတင်းပေါက်တံခါးများမှာမှန်အကြည်များကို ကာရံထားသည့်အတွင်းမှ သံပန်းတံခါးများ

တပ်ထားသည်။ ဒီတော့ မီးဖိုဆောင်၏ တံခါးမကြီးရှိရာသို့ နေရဲ လျှောက်လိုက်သည်။

ကံကြမ္မာသည် နေရဲကို မျက်နှာသာပေးနေလေပြီ။

တံခါးမကြီး၏ ကြီးပေါင်များမှာ ဂွန်းကြီးပေါင်များ ဖြစ်သော်လည်း မှန်တံခါးများ ထူထဲသော မှန်ချပ်အကြည်များပဲ ဖြစ်၏။ တံခါးမကြီးဖြစ်၍ ဖမေခန့် မြင့်သည်။

ထိုမှန်ချပ်များကို နေရဲ ထိုးခွဲ၍ ဝင်ရပေမည်။ ဝမ်းဗိုက်အတွင်းမှ အစာကို တောင်းခံသံတွေက ဆူညံနေပါလေ၏။

နေရဲ ဘာမျှ မစဉ်းစားတော့။ လက်သီးနှစ်ဘက်ကို ဆုပ်လိုက်သည်။ ပြီးနောက် လေကို ဝမ်းဗိုက်အတွင်းသို့ တစ်ဝရှူသွင်းသည်။ ညာဘက်လက်သီးတစ်စုံ ထိုးသွင်းကာ မှန်ချပ်ကို ထိုးခွဲလိုက်တော့သည်။

"ခွမ်း"ခနဲ မြည်ကာ တံခါးမကြီး၏ ထူးထဲသော မှန်ချပ်များ ကွဲကျသွားတော့သည်။ ညအချိန်ဖြစ်၍ ကျယ်လောင်သွားသော်လည်း သဃ်န်းကျွန်းကားလမ်းမကြီးပေါ်မှ ဖြတ်သန်းသွားသော ကားသံနှင့် ရောသွားခဲ့သည်။

တံခါးမကြီး၏အောက်ပိုင်း သစ်သား၊ ဒူးပိတ်အထောက် ညာဘက်အခြမ်းသည် လူတစ်ကိုယ် ဝင်နိုင်သော အပေါက်





တစ်ပေါက်ဖြစ်သွားခဲ့တော့သည်။ မှန်စအကွဲများကို နေရဲ ဖယ်ရှားလိုက်သည်။

ခေါင်းဝင်လျှင် ကိုယ်ဆန့်သည်။ နေရဲ လွယ်ကူစွာ ဝင်ရောက်နိုင်ခဲ့ပါ၏။ လရောင်က မှန်ပြတင်းတွေကို ထိုးဖောက် ဝင်ရောက်နေခဲ့ပါလေသည်။

နေရဲသည် မီးဖိုဆောင်မှ စကြံနလမ်းအတိုင်း မိမိကိုယ်ပိုင် အိမ်ရာကဲ့သို့ပင် ဖြည်းညင်းစွာ လျှောက်ခဲ့သည်။

စကြံနလမ်းဆိုတော့ ခန်းမကျယ်ကြီးတစ်ဆောင်ကို တွေ့ရသည်။ အခန်းတံခါးက ပိတ်၍မထား။ နေရဲဝင်လိုက်သည်။

ရဲရဲတင်းတင်းပဲ နေရဲသည် အခန်းထောင့် ဘယ်ခြမ်းရှိ နံရံပေါ်မှ မီးခလုတ်ကို ဖွင့်ပစ်လိုက်သည်။

မီးရောင်ကြောင့် အခန်းတွင်း လင်းသွားခဲ့သည်။

ဝမ်းသာလိုက်သည် ဖြစ်ခြင်း။

အားပါးပါး စားစရာတွေက ပေါများလိုက်သည်ဖြစ်ခြင်း။

ဘဲဥပုံစားပွဲဝိုင်းပေါ်တွင် ပလတ်စတစ်အုပ်ဆောင်းဖြင့် အုပ်ထား၏။ အုပ်ဆောင်းအောက်မှ စားစရာတွေက အမယ်မျိုးစုံပဲဖြစ်ပါလေ၏။

နေရဲစားပွဲထိပ်မှာ ကျကျနန ထိုင်သည်။ လေချွန် မိသေးသည်။ အသင့်ထားရှိသော ဇွန်း၊ ခက်ရင်း၊ ဓား စသည်တို့ကို တစ်ရှူးနှင့် ကျကျနနပဲ သုတ်သည်။ လွယ်ထားသော ဘေးလွယ် အိတ်ကိုပင် နေရဲမချွတ်နိုင်။ စားစရာတွေကို ငေးကြည့်ပါ၏။

အားလားလား။ Lobster (ကျောက်ပုစွန်) ဟင်းပွဲ ကြီးတစ်ပွဲ။

ပြီးတော့ ကျောက်ပုစွန်ကို ခွာဖို့ Crusher ရှိနေ သည်။

အရည်သောက်ကြက်ကလေးမှုပ်တစ်ပန်းကန်ရှိနေ သည်။ ဟင်းရည်ကို ဆတ်ခနဲ မြည်းကြည့်လိုက်သည်။ နွေးနေဆဲ ရှိနေသေး၏။ ကြက်သားကို နီရဲကြွပ်ရွအောင် ကြော်ထားသည့် စတူးကြော်တစ်ပန်းကန်၊ ဆော့(စ)ပုလင်းတွေက စုံသည်။ အချိုပွဲ က အဆင်သင့်ရှိနေသည်။

ဝင်းနေသည့် သရက်သီးတစ်လုံး ပန်းကန်ပြားထဲမှာ အသင့်ပဲ ဖြစ်ပါလေသည်။ မလေးရှားနိုင်ငံလုပ် မုန့်ဘူးတစ်ဘူးရှိ သည်။ တစ်ခါသောက် လစ်ပတဥ်လက်ဖက်ခြောက်ကြိုးဆွဲအိတ် ကလေးများရှိနေသည်။

နို့စိမ်းဘူး၊ နို့ဆီဘူးလည်း ရှိနေပါ၏။





ထမင်းအုပ်ထဲမှ ထမင်းများကို ကြွေပန်းကန်ပြားထဲ သို့ နေရဲ ခူးခပ်ထည့်သည်။ ကောင်းလိုက်သည့် ဆန်။ အညိုရောင် ပြေးကာ လက်သန်းခန့် မရှိတရှိ ရှည်ထွက်နေပါလေသည်။

ဦးစွာ Crusher နှင့် ညှပ်ကာ လော့ဘက်စတာ (ကျောက်ပုစွန်)ဟင်းကို အခွံခွာ၊ အသားနွာလိုက်သည်။ စားပွဲပေါ် ရှိ သရက်သီးကို အခွံနွာစိပ်လိုက်သည်။ လစ်ပတဥ်လက်ဖက်ခြောက် အိတ်ကလေးကို အချိုပန်းကန်လုံးထဲသို့ ရေနွေးဓါတ်ဘူးငှဲ့ကာ အသင့်နှပ်ထားလိုက်ပါ၏။

သုံးရက်တာမျှ ထမင်းနှင့် ဝေးခဲ့သော အစာအိမ် အတွက် နေရဲ အားရပါးရ ဖြည်းဖြည်းချင်း စားပါ၏။

စားသောက်ပြီးစီးတော့ အချိုပွဲ ဆက်သည်။

နတ်ပြည်ခြောက်ထပ်ရှိ နတ်သုဒ္ဓါဆိုသည်ကို နေရဲ ကြားဖူးသည်။ ဒါပေမယ့် ယခု စားသောက်ရသည့် ထမင်းပွဲ၊ အချို ပွဲကို မှီနိုင်အံ့မထင်။

နေရဲ သွားဝမ်းဗိုက်ကို ညာလက်ဖြင့် ပွတ်သပ်လိုက် သည်။ ဗိုက်လေးသွားသည်။ စားပြီးပြီဆိုတော့ မျက်ခွံတို့က လေးလံ လာတော့သည်။ မျက်ခွံများကို နေရဲ အတင်းအားယူဖွင့်သည်။

မဖြစ်သည်မှာ လုံးဝကို မဖြစ်။ သူက ဒီအိမ်ကြီး၏

အရှင်သခင်မှ မဟုတ်တာ။ ဒီအရပ်က ထမင်းစားပြီးလျှင် စွန့်ခွာရမည့် အရပ်သာလျှင်ပဲ ဖြစ်ပါလေသည်။ စိတ်ကြီးဝင်၍ လုံးလုံးမှ မဖြစ်ပါလေ။

နေရဲသည် လာရာလမ်းအတိုင်း ပြန်ရန် ပြင်တော့သည်။

ဗိုက်တော့ ဝသွားပြီ။ ဂပ်ကျင်းရှာရန်ပဲ လိုတော့သည်။ ဒါကလည်း မခက်ပါ။ အမိုးအကာရှိသည့် တိုက်တန်းလျားတစ်ခုခု၏ အောက်တွင် သွားအိပ်ရုံပဲပေါ့။

နေရဲ စားပွဲထိပ်မှ မထချင် ထချင် ထရတော့သည်။

လူစိတ်သည် အတော်ကလေးတော့ ခက်သည်။ စားလိုက်ရသည့် စည်းစိမ်၊ ထိုင်ရသော တခဏတာမျှစည်းစိမ်ကို မက်မောမိနေပါသေးသည်။

ထိုစဉ်မှာပင် နေရဲခြေလှမ်းများက တုံ့ရပ်သွားရပါလေပြီ။

သာယာလှသော အသံကလေးက တားမြစ်လိုက်ခြင်းကြောင့်ပဲ ဖြစ်ပါ၏။

"နေရာမှာပဲ ရပ်နေလိုက်ပါ ကိုရွှေရော ... ငြိမ်ငြိမ်လေး နေလိုက်ပါ"





နေရဲ လှမ်းကြည့်လိုက်မိသည်။

သို့သော်

နည်းနည်းလေးမှတော့ မလှုပ်ဖြစ်တော့ပါ။ ဒါပေမယ့် နေရဲမျက်လုံးများက မမချောကို ကြည့်နေမိပါသေး၏။

လှတာမှ အတော်ကို လှသည်။

အမို့အမောက်၊ အကွေ့အကောက်၊ အစွင့်အကား၊ အလုံးအဝန်းတွေက ရှိသည့်နေရာမှာရှိသည်။ အချိုးကျသည်။

သူမ၏ အရပ်က မြင့်မားသည်။ ပန်းနုရောင်ပိုးပျော့သားစကတ် ပေါင်လည်ခန့် ဝတ်ထားသည်။ ပန်းနုရောင် လက်ပြတ်ပိုးပျော့သားခါးကျပ်အင်္ကျီ ဝတ်ထားသည်။ ဆင်စွယ်နှစ်ရောင် သူမအသားအရောင်နှင့် စပ်ဟပ်သည်။ လှပသော လက်မောင်းအိုးများ ရှိသည်။

ပိုးပျော့သားစကတ်ပေါင်လည်ခန့်မို့ ဆင်စွယ်နှစ်ရောင် အရင်းတုတ်ပြီး အဖျားရှူးသွားသည့် ပေါင်သားနှင့် ခြေသလုံးသားဝင်းဝင်းများကို တွေ့နေရပါလေသည်။

မျက်နှာက ဝိုင်းသယောင်ယောင်နှင့် မေးအနည်းငယ် ကားသည်။ နှာတံက လိုက်ဖက်စွာ လှသည်။ ဆံပင်က ကုပ်သား ဝင်းဝင်းပေါ် ဖွာကျနေခဲ့သည်။ ခါးတုတ်သော်လည်း ပြည့်

တင်းစွင့်ကားသော တင်သားများ ရှိသည်။ မျက်လုံးက မျက်အိမ်ကျယ်သည်။

သေးမျှင်သော မျက်ခုံးမွေးများနှင့် ထူအမ်းသော နှုတ်ခမ်းနှစ်လွှာရှိကာ ဆံဖျားစတွေကို ရွှေအိုရောင် ဆိုးထားပါသည်။

သူမလက်ထဲတွင် ဒန်ရောင်မိန်းမကိုင် ဒသသမ သုံးနှစ် ပစ္စတိုတစ်လက်ကို ကိုင်ထားသည်။ ပြောင်းဝက နေရဲ၏ နှလုံးသားတည့်တည့်ကို ချိန်ရွယ်ထားပါလေသည်။

သူမ၏ အကြည့်က နေရဲ၏ဆံစမှသည် ခြေဖျားအဆုံး ကြည့်ပါ၏။ ပြီးတော့မှ နေရဲကို ပြောပြန်တော့သည်။

"ဝတ်ပုံ စားပုံက အဆင့်မနိမ့်ဘူးနော် ... ဒါပေမယ့် သူများအိမ်ထဲဝင်ပြီး ထမင်းခိုးစားတာတော့ အကျည်းတန်လွန်းတယ် ... မင်း ငြိမ်ငြိမ်ကလေးနေပါ ... နည်းနည်းလေးမှ လှုပ်ဖို့ မကြံနဲ့"

သူမပြောမှ နေရဲ သူ့ကိုယ်သူ ပြန်၍ ကြည့်မိသည်။ သူမပြောလည်း ပြောချင်စရာပဲ ဖြစ်ပါလေ၏။

အပေါ်ပိုင်းတွင် တန်ဖိုးမသေးလှသော ခဲရောင်ရှပ်လက်တို ဝတ်ထားသည်။ အောက်ပိုင်းတွင် ဘက်ကီငါးရှဉ့်သွေးရောင် သက္ကလတ်ပျော့ဘောင်းဘီရှည်ဝတ်ထားသည်။





သူမက ဆက်ပြောပြန်သည်။

"မင်း ... ငါ့လက်က လွတ်နိုင်ဖို့ စဉ်းစားနေသလား"

နေရဲ ဘာမှ မပြော။ သူမ အလှအပတွေကို ငေးကြည့်နေဖြစ်သည်။ သူမမျက်နှာ နီမြန်းစပြုလာသည်။ စိတ်ရှည်ဟန် မဟုတ်တော့။

"မင်းကို မေးနေတယ်လေ ... မင်းလွတ်နိုင်မယ်ထင်နေလို့လား"

"အဲဒါတွေ စဉ်းစားနေတာ မဟုတ်ဘူး ... ခင်ဗျား လှလွန်းလို့ ငေးကြည့်နေတာ"

"ဘာ"

သူမ မျက်နှာမှာ ဒေါသသွေးနှင့် ရှက်သွေးရောသွားပြီး သူမမျက်နှာကလေးက ပန်းနုရောင် ပြောင်းသွားပါ၏။

"ဟုတ်တယ် ... လှလို့ ကြည့်တာ တကယ်ပြောတာပါ"

"တော်တော့ ... မင်းကို ငါ ဘာမှ ဆက်မပြောတော့ဘူး ရဲလက်အပ်လိုက်တာပဲ အေးတယ်"

"ရဲ တိုင်ရင် တိုင်နိုင်ပါတယ် ... ကျွန်တော့်ကိစ္စ ပြီးသွားပြီ ထမင်းစားချင်လို့ ဒီတိုက်ကြီးထဲ ဝင်လာတာ ... တခြား ရည်ရွယ်ချက် ဘာမှ မရှိဘူး ... အခု ဗိုက်တင်းသွားပြီ

နတ်သုဒ္ဓါဆိုတာ ကျွန်တော်မမြင်ဖူးဘူး ... ကြားရုံ ကြားဖူးတာ ... ဒါပေမဲ့ သူ့ဘာသာသူ ကောင်းချင်ကောင်းနေလိမ့်မယ် ... အခုစားရတဲ့ ထမင်းတွေ ဟင်းတွေကိုတော့ မီမယ် မထင်ဘူးဗျ ကျေးဇူးတင်ပါတယ်"

စကားရော သောကာ ပြောပြီး ခပ်တည်တည်ပင် နေရဲက အခန်းထဲမှ ထွက်ခွာလိုက်သည်။

"ရပ်လိုက် ... လုံးဝမလှုပ်နဲ့ ... မင်းနှလုံးသားကို ချိန်ထားတာနော် ... ငါ့လက်ထဲက လက်ညှိုးကွေးလိုက်တာနဲ့ အသည်းနှလုံးတည့်တည့်ကို ထိသွားမှာ သေချာတယ် ... မင်းအသက်ကို နှမြောရင် ငြိမ်ငြိမ်နေလိုက်နော်"

ပြောလျှင် ပြောမည့်အတိုင်း လုပ်မည့်အမျိုးသမီးဖြစ်မှာ နေရဲ ရိပ်စားမိသည်။ သူမ အကြည့်က စူးစူးရဲရဲ။

နေရဲ မလှုပ်တော့။ နားရွက်ပင် မခတ်ရဲ။

ဒါပေမယ့် လှုပ်နိုင်သည်ကိုတော့ လှုပ်ပါသေး၏။

မျက်လုံး။ ပြီးတော့ နှုတ်ခမ်းနှစ်လွှာပဲဖြစ်ပါ၏။

"ဟက်(တ်) (heart) ကို ထိမှာတော့ ကြောက်တယ်ဗျာ လူမှာ နှလုံးသားက သိပ်အရေးကြီးတာလေ ... ကျွန်တော်က လူပျိုလေ ... မိန်းမ မရသေးဘဲ တမလွန်ဘုံကို မသွား





ချင်သေးဘူး ... ပြောရရင် ရည်းစားတောင် မည်မည်ရရ မထားဖြစ်ခဲ့ဘူး ... တကယ်ပြောတာပါ ... ကျိန်ဆိုရင် ကျိန်ပြပါ့မယ်"

"တော်တော့ ... ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး မင်းရည်းစား မရှိတာ ရှိတာ ငါ့အလုပ်မဟုတ်ဘူး ... မင်း ငါ့အိမ်ထဲက ဒီလို လွယ်လွယ်လေး ဘယ်ပြန်လို့ရမလဲ ... မင်းကို ရဲစခန်းအပ်ရင်ကောင်းမလား ... ဒါမှမဟုတ် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားရဦးမယ် ... မင်း အခု အခန်းထဲက ထွက်ပြီး တိုက်အပေါ်ထပ်ကို သွားရမယ် ... ထွက်"

နေရဲ မငြင်းသာ။ မမလှလှကလေးအမိန့်ကို နာခံရုံပဲ ရှိသည်။ အခန်းထဲမှ နေရဲ ထွက်ရသည်။ စကြိန်လမ်းအတိုင်း လျှောက်ရ၏။ အောက်ထပ် အဝင် ဘယ်ခြမ်းတွင် ကျွန်းလှေကားကြီးကို တွေ့ရသည်။ လှေကားအပေါ် မတက်သေးဘဲ နေရဲ ရပ်နေလိုက်သည်။

"တက်လေ ... ကောက်ကျစ်ဖို့ မကြံနဲ့ ... ကလိမ်ကကျစ်ဉာဏ်တွေ ထုတ်ဖို့ မစဉ်းစားနဲ့ ... ကောက်ကျစ်ဖို့ ခြေတွေလက်တွေ လှုပ်လာရင် နောက်ကျောပွင့်သွားမယ်"

မမလှလှကလေးက သံပြတ်နှင့် ပြောသည်။ အမိန့်

အတိုင်း နာခံရပါလေ၏။

အပေါ်ထပ်သို့ ရောက်သွားသည်။

"ဟောဟို အိပ်ခန်းထဲကို ဝင်လိုက်"

"ဟုတ်"

အိပ်ခန်းမှာ အတော်ကြီးကို သန့်ပြန့်ပါလေသည်။ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ဒန်းလော့မွေ့ရာအထူကြီးရှိသည်။ ခုတင်ခေါင်းရင်းတွင် ကျွန်းစာရေးစားပွဲခုံရှိသည်။

စားပွဲပေါ်တွင် ရေဖန်ချိုင့်နှင့် မှောက်ထားသော ကြွေသောက်ရေခွက်တစ်လုံးရှိသည်။ နံရံတွင် ကပ်၍ ချိတ်ထားသော ၂၉ လက်မ တီဗွီတစ်လုံးရှိသည်။ တီဗွီအောက်တွင် အီးဗီဒီ ပြစက်တစ်လုံး ရှိနေပါလေ၏။

"ဟောဟိုက ခုတင်ပေါ်မှာ သွားထိုင် … ငြိမ်ငြိမ်ကလေး နေ"

နှစ်ယောက်အိပ် ခုတင်ကျယ်ကြီးကို နေရဲ ပြုံးမဲ့မဲ့ လေး ကြည့်၏။ ပြီးတော့ အိပ်ခန်း ညာဘက်အဝင် တယ်လီဖုန်း စင်နားမှ သေနတ်နှင့် ချိန်ထားဆဲဖြစ်သော မိန်းမလှလေးကို မပြုံးချင် ပြုံးကာ ကြည့်ပါ၏။

"ငြိမ်ငြိမ်ကလေးထိုင်နေမှာတော့ စိတ်ချပါ … ဒါပေမယ့်





ဟို ဟိုမတော်တရော်လုပ်ဖို့တော့ မစဉ်းစားနဲ့နော် … ယောကျ်ားသားလေးဆို ကျွန်တော်တစ်ယောက်တည်း ရှိတာ"

"ဘာ … ဘာပြောတယ် … ငါက မင်းကို ဘာမတော်တရော် လုပ်ရမှာလဲ … စကားကို ကြည့်ပြော"

မိန်းမလှလေး မျက်နှာနီရဲသွားသည်။ အသံတွေက ဒေါသကြောင့် တုန်နေပြီ။

"ဟာ … ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ … ကျွန်တော်ပြောတာက ခါတိုင်းလို ခင်ဗျားတစ်ယောက်တည်း ရှိတယ်ဆိုပြီး အဝတ်တွေဘာတွေ လဲမိမှာစိုးလို့ သတိပေးရတာ … သတိလက်လွတ် ၄က်တောင်ကျွတ်တဲ့ မတော်ဟိုချွတ် ဒီချွတ်တွေ လုပ်မိရင် မခက်ဘူးလား … အခန်းထဲမှာ ယောကျ်ားသားလေးဆိုလို့ ကျွန်တော် တစ်ယောက်တည်း"

ဆန့်ကြမ်းက ဈေးပြနေတော့ ကောက်ညှင်းမလေး ဈေးစရာမကျန်တော့။ နေရဲကို ဒေါသထွက်ထွက်နှင့် မိန်းမလှလေး အော်ပစ်လိုက်ပါ၏။

"မင်းပါးစပ် တိတ်တိတ်ကလေးနေ … ထပ်ပြောရင် ပစ်

ထည့်လိုက်မယ် … ကျောပူခံချင်တယ် … နားပူလုံးဝ မခံနိုင်ဘူး"

မိန်းမလှကလေး တကယ်စိတ်ဆိုးသွားပါလေပြီ။ သူမမျက်လုံးတွေ အရောင်တဖျပ်ဖျပ် ထွက်လာသလား ထင်ရသည်။

နေရဲ ပါးစပ်ပိတ်သွားသည်။

မိန်းမလှကလေး ချစ်စရာကောင်းပေမယ့် သူမလက်ထဲက ဒါန်ရောင်ပစ္စတိုကလေးက သိပ်ကြောက်စရာကောင်းသည်။

မိန်းမလှလေးက ရီဆီဗာပေါ်မှ ဖုန်းကို သွဲ့ပြောင်းသော ဘယ်လက်ဖြင့် ယူသည်။ အင်တာကွန်းပဲ ဖြစ်ပေမည်။

"ဦးပါပ … အခုပဲ လာခဲ့ပါ"

"ဟုတ်တယ် … သူခိုးတစ်ကောင် မိထားလို့"

ခပ်တိုတိုပဲ မိန်းမလှလေးပြောပြီး ဖုန်းကို ရီဆီဗာပေါ်သို့ သူမပြန်ချထားလိုက်သည်။

"ကဲ ထစမ်း မင်းရှေ့က ထွက်"

အခန်းထဲမှ နေရဲ ထွက်ရပြန်သည်။

လှေခါးပေါ်မှ ပြန်ဆင်းရသည်။





အောက်ထပ်သို့ ရောက်သွားခဲ့ကြသည်။

ညှော်ခန်းကို ဖြတ်ကျော်ကာ အိမ်ရှေ့တံခါးများ ရှိရာသို့ လျှောက်ရသည်။ မိန်းမလှလေးက နံရံရှိ မီးခလုတ်များကို နှိပ်သွား၏။

တိုက်ကြီးအပေါ်ထပ်၊ အောက်ထပ်မီးများ လင်းသွားပါ၏။

မိန်းမလှလေးက တံခါးမကြီးကို သူမခါးတွင် ထိုးထည့်ထားသော ရီမုု(ဒ်)ကို ထုတ်ယူလိုက်သည်။

ရီမုု(ဒ်)ကိုကိုင်ကာ မိန်းမလှလေးက တံခါးမကြီးကို ဖွင့်လိုက်သည်။ တံခါးမကြီးပွင့်သွား၏။ တိုက်အတွင်းသို့ ဆန်ကုန်လူထွားကြီးတစ်ဦး ဝင်ရောက်လာပါ၏။

ထွားကြိုင်သလို မျက်နှာပေါက် အတော်ဆိုးသည်။ တစ်လောကလုံး သူတင်ကျွေးထားရသလိုပင် မျက်နှာထားက တင်းမာလှ၏။

"ဘယ်သူလဲ နဒီမာယာ … သူခိုးဆိုတာ ဒီအကောင်လား"

မိန်းမလှလေးနာမည်က နဒီမာယာမှန်း သိလိုက်ရသည်။ အတော် အကွေ့အကောက်အလှည့်အပတ်များမည့် မိန်းမလှလေးပဲ ဖြစ်ရပေမည်။

ပညတ်သွားရာ ဓာတ်သက်ပါတတ်သည်။

ဒီသို့ဆိုလျှင် အတော်မလွယ်မည့်မိန်းမလှကလေးပဲဖြစ်မည်။

"ဟော့ကောင် ... သူခိုး"

ကဗျာမဆန်လိုက်တာ။ ရင့်သီးသည်။ နေရဲ တင်းသွား၏။

"ဟော့လူကြီး ... ခင်ဗျား မရိုင်းနဲ့ဗျာ ... သူခိုးလို့ မခေါ်ပါနဲ့"

"မင်းက သူခိုးမဟုတ်လို့ ... ဘုရားတကာလား"

"ခင်ဗျားရဲ့ အိမ်ကြီးရှင်မမကို မေးကြည့် ... ကျွန်တော် ဒီတိုက်ကြီးထဲက ဘာမှ မခိုးရသေးဘူး ... ခိုးဖို့လည်း လာတာ မဟုတ်ဘူး"

"ဘာကွ ... မင်းအမေလင် အိမ်မို့ ... ဒါ်ဆို အပန်းလာဖြေတာလား"

"ရိုင်းပြန်ပြီဗျာ ... ကျွန်တော်က ထမင်းဝင်စားတာ ... ဒီတိုက်ကြီးထဲက ဘာပစ္စည်းမှ ခိုးဖို့လာတာ မဟုတ်ဘူး ... တကယ်ပါ နည်းနည်းလေးမှ မပစ်မှားခဲ့ပါဘူး ... ယုံလိုက်စမ်းပါ"





"မင်း ထမင်းဝင်စားရအောင် ဒီတိုက်ကြီးက ဟိုတယ်လည်း မဟုတ်ဘူး ... အင်းလဲ မဟုတ်ဘူး ... မိုတယ်လည်း မဟုတ်ဘူး ... ခွေးသူခိုးလေးရ"

"ဟာဗျာ ... သူခိုးလို့ ခေါ်ချင်ခေါ်ဗျာ ... အဲ ထမင်းသူခိုးလို့ ခေါ်ချင်ခေါ် ... သူခိုးထဲမှာ ခွေးသူခိုးတော့ မဖြစ်ပါရစေနဲ့ ... ဗီး(လ်)ငုတ်လွန်းလို့ပါ"

နဒီမာယာနှင့် ဦးဆန်ကုန်လူထွားကြီး ပြုံးယောင်ယောင်ဖြစ်သွားကြရ၏။

"ဦးပါပ"

"ပြော ... နဒီမာယာ"

"ရှေ့ ... သေနတ်ယူထား ... ပြောမရရင် ပစ်သာထည့်လိုက် နဒီမာယာရှင်းမယ် ... နဒီမာယာအပေါ်ထပ် ခဏတက်ဦးမယ် မကြာပါဘူး"

သေနတ်ကို ဦးပါပ ဆိုသည့် ဂြိုဟ်ဆိုးကြီး လှမ်းယူထားလိုက်သည်။ နဒီမာယာ အပါးမှ ထွက်ခွာသွားခဲ့ပါ၏။

မိနစ်အတော်ကြာလှပြီထင်သည်။ နေရဲ ရသည့် အချိန်ကာလအတွင်းမှာ ဆိုဖာအိအိပေါ်မှာ ထိုင်ရင်း အိပ်ပစ်လိုက်သည်။

စကားသံတွေကြားမှ ဖျတ်ခနဲ နေရဲ လန့်နိုးမိသည်။

"မင်းကြည့်ရတာ အတော်တော့ ကြောင့်ကြမှုကင်းမယ် ထင်တယ် … အိပ်နေလိုက်တာ တစ်ခါတည်း ကိုယ့်အိမ် ကိုယ့်ရာအတိုင်းပဲ"

နဒီမာယာက ပြောသည်။ နေရဲ မငြင်း။

"ဟုတ်တယ် … ကျွန်တော့်မှာ ကြောင့်ကြစရာ ဘာမှမရှိ တော့ဘူးလေ … လောကကြီးမှာ ကျွန်တော်သိပ်ချစ်တဲ့ မာမီလည်း မရှိတော့ဘူး … မာမီဘဝကူးသွားတာ သုံးနှစ်





ကျော်ပြီ … ဒက်ဒီက နောက်မိန်းမယူထားတော့ ကျွန် တော့်ကို ဂရုမစိုက်တော့ဘူး … ဒက်ဒီ့နောက်မိန်းမ မိထွေး နဲ့ စကားများကြရာက ဒက်ဒီကို အမွေတောင်း မိရော"

နေရဲ စကားဖြတ်ထားလိုက်သည်။

ဦးပါပရော နဒီမာယာပါ စိတ်ဝင်စားစွာ နားထောင် နေကြပါလေမှ နေရဲ စကားပြန်ဆက်သည်။

"အဲဒီတော့ ဒက်ဒီက သူလောကမှာ သက်ရှိထင်ရှား ရှိနေ သေးလို့ အမွေမပေးနိုင်ဘူး … သူ့နောက်မိန်းမရယ် … အဲဒီ သူ့မိန်းမကပါလာတဲ့ သားတစ်ယောက် သမီးတစ်ယောက် ကိုတည့်အောင် မပေါင်းနိုင်ရင် အိမ်ပေါ်က ဆင်းပါတဲ့ … မာမီဆုံးပြီးကတည်းက အိမ်မှာ ဒက်ဒီ့နောက်မိန်းမခြေလက် ဖြစ်နေပါပြီ … ကျွန်တော် သုံးချင် ဖွဲချင်ရင် လက်ဖြန့် ခံ တောင်းရတာပဲ … ဒီမိန်းမကြီးက ကျွန်တော့်ကို ကလေး မုန့်ဖိုးပေးသလို ပေးတာပဲ … သူ့အပြောက တိုင်းထွာ ပေးတယ်ပေါ့ဗျာ … ကျွန်တော့် အခွင့်အရေးအားလုံးကို သူချုပ်ကိုင်လိုက်တာ … ဒါကို ကျွန်တော်ပြောတော့ ဒက်ဒီ က မနေနိုင်ရင် အိမ်ပေါ်က ဆင်းသွားနိုင်ပါသတဲ့ … မဖြစ် နိုင်တော့မှန်း သိလိုက်ရတာနဲ့ အဝတ်အစားတွေထည့်ပြီး

အိမ်ပေါ်က ဆင်းလာတာ ... ပါတဲ့ ငွေငါးသောင်းလည်း ကုန်ပြီ ... အဝတ်အစားလက်ပတ်နာရီမကျန် ရောင်းစားလို့ ကုန်ပြီ ... အခုဝတ်ထားတဲ့ အဝတ်အစားတစ်စုံနဲ့ ဘေးအိတ် တစ်လုံးပဲ ကျန်တယ်"

နေရဲသည် မိန်းမလှလေးနှင့် ဦးပါပတို့ကို ရှင်းပြလိုက်သည်။ နဒီမာယာက နေရဲကို အကဲခတ်ကြည့်နေဆဲဖြစ်သည်။ ဦးပါပက နေရဲကို ပစ္စတိုနှင့် ချိန်ရွယ်ထားဆဲပင် ဖြစ်ပါသည်။

"နဒီမာယာ ... သူ့ကို ဆရာကျောက်အိုးရဲ့ လုပ်ငန်းခွင်မှာ အသုံးချရင် မကောင်းဘူးလား ... အသုံးတည့်ရင်ပေါ့ကွယ်"

ဦးပါပက နဒီမာယာကို ပြောလိုက်သည်။

"အင်း ... ဦးပါပ ပြောသလိုပဲ နဒီလည်း တွေးမိပါတယ် ... သူပြောတာဟုတ် မဟုတ်ဆိုတာ ဆန်းစစ်ကြည့်ရဦးမယ် လေ ... ပြီးတော့မှ အသုံးချဖို့ စဉ်းစားရမယ်လေ"

မိန်းမလှလေး နဒီမာယာ၏အကြည့်က နေရဲကို စူးစူးနစ်နစ်ကြည့်ပါလေသည်။ ပြီးမှ ...

"ကဲ ... မင်းပုံပြောတာလား ... ပုံမပြောတာလား သိရအောင် မင်းလွယ်ထားတဲ့ အိတ်ကို စားပွဲပေါ်တင်လိုက်ပါ"

"ရပါတယ် ... မကြည့်ချင်တာ လှန်ကြည့်ပေါ့"





"ဘာပြောတယ် ... မင်းစကားက"

မိန်းမလှလေး နဒီ မျက်ထောင့်နီသွားသည်။

"အော် ... ခက်တာပဲ ... ဘေးအိတ်ကို လှန်လှောကြည့်မှ ရမယ်လို့ ပြောတာပါဗျာ"

နဒီ ဘာမှ ဆက်မပြောတော့။ ဘေးလွယ်အိတ်ကို မှောက်ကြည့်သည်။ လှည့်ကြည့်သည်။

နေရဲ ပြောသလိုပင် ငွေနှင့် ပတ်သက်သော စက္ကူစုတ်တောင် မရှိ။ နိုင်ငံသား စိစစ်ရေးကတ်ထွက်လာသည်။ ဘွဲ့ရကြောင်း အထောက်အထားဖြစ်သည့် ထောက်ခံချက်တစ်ခု တွေ့ရသည်။

နိုင်ငံသားစိစစ်ရေးကတ်ကို နဒီမာယာ အသေအချာ ဖတ်ကြည့်လိုက်သည်။ ပြီးတော့ နေရဲကို မေးတော့သည်။

"မင်းနာမည်"

"နေရဲ"

"အဖေနာမည် ... အမေနာမည်"

"မမက လူဝင်မှုကြီးကြပ်ရေးဌာနကတော့ မဟုတ်ပါဘူး နော်"

"မရှည်နဲ့ ငါမေးတာပဲ ဖြေ"

"အဖေ ဦးကျော်ဝေ … အမေ ဒေါ်တင့်တင့် … မွေးချင်း တစ်ယောက်တည်း … နဖူးမှာ အမာရွတ်လေးသေးသေး ရှိ… နေရပ်က တောင်ငူ ဈေးကြီးပိုင်းက … အိမ်ထောင်ရေး အခြေအနေ မရှိ လူပျို … ဘွဲ့ရပြီးပြီ … မိတ်ဆွေနာမည်က"

နဒီမာယာက လက်ကာပြသည်။ နေရဲ ရပ်ပစ်လိုက်သည်။ မြွေတစ်ကောင်ထက် ဆိုးပုံရသည့် ဦးပါပကြီးက သူ့လက်ကြမ်းကြီးဖြင့် စားပွဲကို ရိုက်ချလိုက်၍ပဲ ဖြစ်သည်။

"မင်း ဘာဆက်လုပ်မလဲ နေရဲ"

"ပြန်ခွင့်ပေးရင်တောင် ကျွန်တော် ဘယ်ပြန်ရမှန်း မသိဘူးဗျာ"

ဒီတော့ နဒီမာယာက သူမ၏ ဆန္ဒကို ထုတ်၍ ပြောလာခဲ့သည်။

"မင်း … ဒါဆိုရင် ငါတို့နဲ့ အလုပ်တွဲလုပ်မလား"

"ခင်ဗျားတို့ အလုပ်က ဘာအလုပ်လဲ … ပြောဦးလေ … မဟုတ်က ဟုတ်က အလုပ်ဆိုရင်တော့ ကျွန်တော်အလုပ် မလုပ်ချင်ဘူး"

"ဒုစရိုက်အလုပ်ဆိုရင် တကယ်မလုပ်ချင်ဘူးဆိုပါတော့ … ဒီလိုလားနေရဲ"





"ဟုတ်တယ် မနဒီ"

"ဟင်း … ဟင်း … ဟင်း … မင်းခြံထဲကို ဝင်လာတဲ့ပုံ၊ ထမင်းစားတဲ့ပုံတွေကို တို့လုံခြုံရေးကင်မရာက ရိုက်ယူမှတ်တမ်းတင်ထားတာလေ … မင်း ခြံထဲကို ဝင်လာကတည်းက တို့သိပြီးသား … အဲဒီအခွေကို မင်းအဖေဆီပို့ပေးလိုက်မယ်ကွာ … ပြီးတော့ ရဲလက်အပ်လိုက်မယ် … အေး တို့တွေနဲ့ အလုပ်တွဲလုပ်မယ်ဆိုရင်တော့ ရဲလက်လည်း မအပ်ဘူး … မင်းအဖေဆီကိုလည်း မင်းရဲ့ မှတ်တမ်းအခွေကို မပို့ပေးဘူး စိတ်ချ"

နေရဲ သက်ပြင်းချလိုက်မိပါလေသည်။

အကယ်၍သာ ထိုမှတ်တမ်းတင် အခွေသာ ဒက်ဒီဆီသို့ တန်းမတ်စွာရောက်ရှိသွားခဲ့လျှင် မိမိအတွက် ဒက်ဒီမျက်နှာပျက်ရပါလေမည်။ ပြီးတော့ ဒက်ဒီနောက်မိန်းမ ဒေါ်ဥမ္မာလေးသည် ဒက်ဒီကို သူ့ကြောင့် အနိုင်ယူလေတော့မည်။ ဒက်ဒီ၏ မယားပါသမီး နန်းစီနှင့် သားဖြစ်သူ ကြည်လတ်တို့၏ သရော်ပြုံးကို မခံချိ မခံသာ ခံရပေလိမ့်မည်။

"ရတယ်ဗျာ … ကျွန်တော် ခင်ဗျားတို့နဲ့ ပူးပေါင်းမယ် … အဲဒီလို ပူးပေါင်းရင် မှတ်တမ်းတင်ထားတဲ့ အခွေကို

ကျွန်တော့်ရှေ့မှာပဲ ဖျက်ဆီးပစ်ရမယ် ... အခြေအနေက ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ တခြား ရွေးချယ်စရာလမ်းမရှိပါဘူး ... ကျွန်တော် ဘာလုပ်ရမယ်ဆိုတာတော့ ပြောပြရလိမ့်မယ် ... သိချင်ရုံပါ ... ကျွန်တော့်အဖြစ်က ရွှေဟင်္သာသောင်ပြင်လွှတ်ခံရတဲ့ ကိန်းဆိုက်နေပြီပဲ"

"မင်းရဲ့ အခြေအနေကို စောင့်ကြည့်ရဦးမယ်လေ ... မင်း အခြေအနေစိတ်ချရပြီဆိုတဲ့နေ့ မှတ်တမ်းတင်အခွေကို မင်းကို တို့ပေးမှာပါ စိတ်ချ ... တို့အဖေက ကျောက်စိမ်းမှောင်ခိုထုတ်တယ် ... ဆင်စွယ်တွေကို အရောင်းအဝယ်လုပ်တယ်ဆိုပါတော့ ... လူသတ်ခားပြတိုက်တဲ့အလုပ် မဟုတ်ပါဘူး ... တို့အဖေက သူ့ပိုက်ဆံနဲ့ သူရင်းပြီး အရောင်းအဝယ်လုပ်တာပါ"

နေရဲဘဝက ထောင်ချောက်မှန်းသိလျက်နဲ့ ရှေ့တိုးရမည့်သားကောင်ပဲ ဖြစ်ပါလေ၏။ နဒီမာယာဆိုသော မိန်းမလည်လေး၏ စကားသည် ဆင်သေကို ဆိတ်ရေနှင့် ဖုံးရန် ကြိုးစားခြင်းပဲ ဖြစ်ပါသည်။

နိုင်ငံတော်၏ တားမြစ်ထားသော ဥပဒေအရ ကန့်သတ်ထားသောပစ္စည်းကို ရောင်းဝယ်ဖောက်ကားခြင်းသည်





ဒုစရိုက်အမှုပဲဖြစ်သည်။ နိုင်ငံတော်၏ အဖိုးတန်ရတနာပစ္စည်းများကို ပြည်ပသို့ ခိုးထုတ်ရောင်းချခြင်းသည် ဥပဒေကို ချိုးဖောက်ခြင်းပဲ ဖြစ်ပါလေ၏။

နေရဲ ငြင်းဆိုခြင်း မပြုပါလေတော့။

"ကောင်းပြီလေ ... တို့နဲ့ ပူးပေါင်းပြီဆိုရင် စားဝတ်နေရေးတို့ အားလုံး လုံးဝတာဝန်ယူပြီလို့ မှတ်ပေါ့ ... ဒီညတော့ ဦးပါပကြီးနဲ့ မင်းသွားအိပ်လိုက်ပါ ... တို့လည်း အိပ်ချင်နေပြီ ... မနက်ကျမှ မင်းကို တို့သင့်တော်တဲ့နေရာမှာ နေဖို့ စီစဉ်ပေးမယ်"

နေရဲက မိန်းမလှလေး နဒီမာယာကို ကြည့်လိုက်ပြီး

"နေပါဦး ... ဒီည ဒီတိုက်ကြီးထဲမှာ အိပ်လို့ မရဘူးလား"

"ဘာစကားပြောတာလဲ ... ဒီတိုက်ကြီးထဲမှာ အိပ်လို့ ဖြစ်မလား ... နဒီက အပျိုရှင့် ... ဒီတိုက်ထဲမှာ တစ်ယောက်တည်းနေတာ ... ဦးပါပကြီးက ခြံစောင့်ကိုဘိုးချိန် မရှိလို့ ခြံစောင့်ဝင်လုပ်နေတာ ... သူက တို့အဖေရဲ့ ဘယ်လက်ရုံးတစ်ဆူပဲ ... စကားပြောရင် ကြည့်ပြော"

နေရဲ ပုခုံးကို တစ်ချက်တွန့်လိုက်သည်။

အိတ်ထဲသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဘွဲ့ရ

ကြောင်း အထောက်အထားထောက်ခံချက်ကို ပြန်၍ ထည့်သည်။

"လာ သွားမယ် ... မောင်ရင်"

အိတ်ကို နေရဲ ကောက်လွယ်လိုက်သည်။

ဦးပါပက ဒသမ သုံးနှစ် ပစ္စတိုကလေးကို နဒီမာယာအား ပြန်၍ပေးသည်။ ဦးပါပနှင့်အတူ နေရဲတိုက်ကြီးအတွင်းမှ ထွက်ခွာခဲ့သည်။

နေရဲနှင့် ဦးပါပတို့ ပေါ်တီကိုအောက်အရောက်တွင် တိုက်တံခါးပြန်လည်၍ ပိတ်သွားပါလေ၏။

နေရဲ ကောင်းကင်ပြင်ကို ကြည့်မိသည်။

ခုနစ်စင်ကြယ်သည်ပင် အမြီးထောင်နေခဲ့ပါလေပြီ။ သုတ်ခရဲ ရှေ့တိုက်သော လေတွင် အမွှေးရနံ့စူးရှလှသော ညမွှေးပန်းရနံ့က သင်းပျံ့ပါလာခဲ့သည်။

ညမွှေးပန်းရနံ့သည် မွှေးကြိုင်လွန်းသည်။ ညမွှေးပန်းဆိုသည့်အတိုင်းပင် ညတွင်သာ အမွှေးရနံ့ပေးနိုင်စွမ်းရှိသည်။ ညမွှေးပန်းရနံ့သည် ကြာရှည်လာလျှင် အမွှေးရနံ့စူးရှလွန်းခြင်းကြောင့် လူအချို့သည် မကြိုက်တတ်။ ပြီးတော့ ညမွှေးပန်းတို့မည်သည် မနက်လင်းလျှင် အမွှေးရနံ့ပြယ်လွင့်သွားတော့သည်သာ။

"လာ မောင်ရင် ... မင်းကြိုက်တဲ့နေရာမှာ ကိုယ့်ဘာသာ





ခင်းပြီး အိပ်တော့"

ခြံမရှိ ဘန်ဂလိုဆန်ဆန်ရှိသော ခြံစောင့်အိမ်ကလေးထဲသို့ ဝင်ပြီးနောက် နေရဲကို ပြောလိုက်ခြင်းပဲ ဖြစ်သည်။

ခြံစောင့်အိမ်ကလေးမှာ လူသုံးဦးခန့် ချောင်ချိစွာ နေနိုင်သော သစ်သားအိမ်ကလေးတစ်လုံးပဲ ဖြစ်ပါ၏။ အခန်းထဲတွင် ခုတင်တော့ မရှိ။ မြက်ဖျာချပ်များရှိသည်။ သစ်သားစင်ကလေးပေါ်တွင် ခေါင်းအုံးနှင့် စောင်နှစ်ထည်တွေ့ရသည်။ ၂၅တိုင်ဝပ်အားမီးလုံးကလေးတစ်လုံး ထွန်းထားသည်။ အခန်းထောင့်တွင် မြက်ဖျာတစ်ချပ်ခင်းကာ စောင်ခြုံပြီး နေရဲ အိပ်ပစ်လိုက်တော့သည်။

## ၂

နေအတော်မြင့်မှပင် နေရဲ အိပ်ရာမှ နိုးလာခဲ့သည်။ မြက်ဖျာ၊ ခေါင်းအုံး၊ စောင်တို့ကို နေရဲ သိမ်းဆည်းလိုက်သည်။ သစ်သားခေါက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသော ဦးပါပကို တွေ့ရပါလေသည်။

“နိုးလာပြီလား မောင်ရင် ... ကျုပ်တောင် အဆာပြေစားသောက်ပြီးပြီ ... နဒီတောင် မင်းကို မေးနေသေးတယ် ကျုပ်က နိူးလိုက်ရမလားမေးတော့ မနိူးပါနဲ့ အိပ်ပါစေတဲ့လေ ... ဒါနဲ့ ကျုပ်လည်း မနိူးတော့ဘဲ မောင်ရင် နိုးအလာကို စောင့်နေတာ”

“ဟုတ်လား ... ဦးပါပ ကျွန်တော်လည်း အိပ်ကောင်းခြင်း





စားကောင်းခြင်း မရှိတာ လေးငါးရက်လောက်ရှိပြီဆိုတော့ မနေ့ညက ခေါင်းချတာနဲ့ အိပ်ပျော်သွားတော့တာပဲ ... လောလောဆယ်တော့ ကိုယ်လက်သန့်စင်ချင်တယ် ... ဦးပါပ”

“ရတယ် မောင်ရင် ... ကျုပ်နဲ့ လိုက်ခဲ့လေ”

ဦးပါပက ထိုင်ရာမှ ထသည်။ ဦးပါပနှင့် အတူ မြ်စောင့်သစ်သားအိမ်ကလေးအတွင်းမှ ထွက်ရန်ပြင်သည်။

ဦးပါပက သစ်သားအိမ်ကလေးအတွင်းရှိ ဖုန်းစင်ရှိရာသို့ သွားသည်။ ဖုန်းစင်ကလေးပေါ်တွင် ဖုန်းနှစ်လုံးတွေ့ရပေသည်။ တစ်လုံးက အင်တာကွန်းဖြစ်ပြီး၊ တစ်လုံးက အဝေးပြောကြိုးဖုန်းပဲဖြစ်ပါလေ၏။

အင်တာကွန်းဖြင့် ဦးပါပ တိုက်ကြီးအတွင်းသို့ လှမ်းပြောလိုက်ပါလေသည်။

“ဟုတ်တယ်”

“နိုးနေပြီ”

“အေး ... အေး ... ခေါ်လာခဲ့မယ်လေ”

ဦးပါပက ဖုန်းကို ရီဆီဗာပေါ်သို့ ပြန်၍ ချထားလိုက်သည်။ ထို့နောက် ဦးပါပနှင့် နေရဲတို့ မြ်စောင့်အိမ်ကလေးအတွင်းမှ

ထွက်ခွာလိုက်ကြပါ၏။

တိုက်ကြီး၏ ပေါ်တီကိုအောက်အရောက်တွင် တံခါးကပွင့်သွားပါလေသည်။ တံခါးမကြီးအနီးတွင် ရပ်နေသော နဒီမာယာကို တွေ့လိုက်ရသည်။

"သူ့ကို ဦးပါပ ရေချိုးခန်း လိုက်ပို့လိုက်ပါ ... ပြီးတော့ တစ်ဆက်တည်း အဆာပြေပါ တစ်ခါတည်း ကျွေးခဲ့လေ နဒီ ညှိခန်းမှာ စောင့်နေမယ်"

ဦးပါပ ခေါင်းညိတ်ပြသည်။ နဒီမာယာက နေရဲကို စေ့ကြည့်လိုက်ပြီး ဘာမှ မပြောဘဲ ညှိခန်းရှိရာသို့ လျှောက်သွားခဲ့ပါ၏။

ဦးပါပနောက်မှ နေရဲ လိုက်ပါခဲ့သည်။ တိုက်ကြီး၏ အောက်ထပ်မှာ ဖွဲ့စည်းပုံရှင်းသည်။ အောက်ထပ်တွင် ညှိခန်းနှင့် ထမင်းစားခန်းပဲရှိသည်။ အိပ်ခန်းမရှိပေ။ ကျွန်းသားပါကေးများကို အကွက်ဖော်ကာ ကြမ်းခင်းထားသည်။ တိုက်နံရံများကို နို့စိမ်းရောင်ရေဆေး သုတ်ထားသည်။

နံရံဘေးတွင် နို့နှစ်ရောင်မီးလုံးများ တပ်ဆင်ထားပါလေ၏။ မျက်နှာကျက်တွင် မှန်းလိုက်မီးချောင်း လေးပေချောင်းများ တပ်ဆင်ထားသည်။ ထမင်းစားခန်းကျော်ကာ မီးဖိုဆောင်သို့





ရောက်ခဲ့၏။

ရေချိုးခန်းရှိရာသို့ လျှောက်သွား၏။ ရေချိုးခန်းနှင့် သန့်စင်ခန်း တွဲထားသည်။

"ကဲ မောင်ရင် ... ရေချိုးချင်ချိုး ... ကြိုက်တာလုပ် ... ကျုပ် ထမင်းစားခန်းထဲမှာ စောင့်နေမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲ ဦးပါပ"

ရေချိုးခန်းထဲသို့ နေရဲ ဝင်လိုက်သည်။ တံခါးပိတ်လိုက်၏။ အကျီနှင့် ဘောင်းဘီက နံနေပြီ။ မတတ်နိုင် ကိုယ့်မှာက ဒီအဝတ်တစ်စုံပဲ ရှိတော့သည်ပဲ ဖြစ်သည်။

သွားတိုက်သည်။ အဝတ်အစားချွတ်ပြီး ရှာဝါ ရေပန်းပွားအောက်မှာ ချိုးပစ်လိုက်သည်။ သွားပွတ်တံက တစ်ခါသုံးဖြစ်သည်။ သွားပွတ်တံနှင့် ကိုယ်တိုက်တစ်ခါသုံးဆပ်ပြာကို အမှိုက်တောင်းထဲသို့ ထည့်လိုက်သည်။

ရေချိုးခန်းထဲမှ သဘက်ဖြင့် ကိုယ်ကို နေရဲ သုတ်လိုက်သည်။ ထိုစဉ်မှာပင် ရေချိုးခန်းတံခါးခေါက်သံကို ကြားရသည်။

"ဘယ်သူလဲ"

"ကျုပ်ပါ ဦးပါပလေ"

"ဘာကိစ္စရှိလို့လဲ ဦးပါပ"

"မောင်ရင့် အဝတ်အစားတွေက နံနေပြီလေ … အဲဒါနဲ့ ကျုပ်ကို နဒီက ဒီအနီးအနားမှာရှိတဲ့ စီးတီးမတ်(ခ်)မှာ မောင်ရင့်အတွက် အဝတ်အစားနှစ်စုံဝယ်ခိုင်းလိုက်တယ် အဲဒါ တစ်စုံလာပို့တာ … တစ်စုံက ဧည့်ခန်းထဲမှာ ထားခဲ့တယ် … တံခါးဖွင့်ကွာ"

တစ်ကိုယ်လုံးလုံသော မွေးပွသဘက်ဖြစ်၍ နေရဲ လုံအောင် ပတ်၍ ခြုံကာ တံခါးဖွင့်ပေးလိုက်ပါ၏။ ဦးပါပက ပလတ်စတစ်လက်ဆွဲအိတ်တစ်အိတ်ကို ကမ်းပေးသည်။ အထဲမှ အင်္ကျီတစ်ထည်နှင့် မိုးပြာရောင် ဂျင်းပင်(န်)ဘောင်းဘီရှည်ကို ထုတ်ယူလိုက်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် ဦးပါပ"

"မောင်ရင် ကျုပ်ကို ကျေးဇူးမတင်နဲ့ နဒီကိုပဲ တင်ပါ"

ပလတ်စတစ်အိတ်ကိုဆွဲကာ ဦးပါပ ပြန်ထွက်သွားသည်။

အခန်းတံခါးပိတ်၍ နေရဲအဝတ်လဲလိုက်သည်။ ရှပ်အင်္ကျီ ဘောင်းဘီပါ အနေတော်ပဲဖြစ်သည်။ နဒီမာယာ အမှန်းတော်ပါလေသည်။





ဘက်(ဒ်)ဖိတ် မှန်ရှေ့တွင် ဆံပင်ကို နေရဲ ဘီးနှင့် သပ်ရပ်စွာ ဖြီးလိုက်သည်။ နေရဲ ရေချိုးခန်းအတွင်းမှ ပြန်၍ ထွက်လာခဲ့သည်။

ထမင်းစားခန်းထဲတွင် ဦးပါပ ထိုင်နေသည်။

"လာဟေ့ မောင်ရင် … ထိုင်လေကွာ"

ဦးပါပနှင့် မျက်နှာချင်းဆိုင်တွင် နေရဲ ဝင်ထိုင်လိုက်ပါ၏။ ဦးပါပက ပူနွေးဆဲရှိသေးသော ထမင်းကြော်ပန်းကန်ကို နေရဲရှေ့သို့ တိုးပေးလိုက်သည်။ ထမင်းကြော်မှာ အသားများများနှင့် ကြော်ထားသည်။ ဘဲဥကို မွှေထည့်ထားပြီး ရေပ်ကောင်းနံ့သင်းနေပါ၏။ နေရဲကြိုက်တတ်သော ထမင်းကြော်ပဲ ဖြစ်ပါလေသည်။

နေရဲ ဆာဆာနှင့် စားလိုက်မိသည်။ ထမင်းကြော်တစ်ပန်းကန် ပြောင်ခနဲ ကုန်သွားသည်။ လက်ပတဉ်ခြောက်ကို အသင့်ပင် ဦးပါပက နှပ်ပေးထားသည်။ အစာပိတ်အဖြစ် လက်ဖက်ရည်တစ်ခွက် နေရဲ သောက်လိုက်ပါ၏။

"လာကွာ မောင်ရင် … ဧည့်ခန်းကို သွားကြစို့"

ညှော်ခန်းအတွင်းရှိ ဆိုဖာဆက်တီပေါ်တွင် ထိုင်နေသော နဒီမာယာက နေရဲအား ပြုံးပြဆီးကြိုပါ၏။

"လာ ထိုင် ... နေရဲ"

နဒီမာယာနှင့် မျက်နှာချင်းဆိုင်တွင် နေရဲ ဝင်ထိုင်သည်။ ဦးပါပက ကန့်လန့်ခင်းထားသော ဆိုပါဆက်တီမှာ ထိုင်သည်။

နဒီမာယာက သူမရှေ့ရှိ ပလတ်စတစ်တစ်အိတ်ကို နေရဲ ရှေ့သို့ တိုးပေးလိုက်သည်။ အဝတ်အစားတစ်စုံပဲ ဖြစ်လေမည်။

"နေရဲအတွက် အဝတ်အစားနှစ်စုံကို ဒီနားက စီးတီးမတ်(ခ်)မှာ ဦးပါပကို ဝယ်ခိုင်းလိုက်တယ် ... နဒီမှန်းပြီး ပြောလိုက်





တာပဲ အဆင်ပြေချင်မှတော့ ပြေမှာပေါ့"

"ပြေပါတယ် မနဒီ ... ကျွန်တော့်အဝတ်အစားတွေက လေးငါးရက်လောက် ဝတ်ခဲ့တာဆိုတော့ နံနေပြီလေ ... အင်္ကျီနဲ့ ဘောင်းဘီအရောင်က အပေအကျံခံလို့သာ ရုပ်မပျက်တာ ... ရန်ကုန်ကို ကျွန်တော် မကျွမ်းကျင်ဘူးလေ သယ်န်းကျွန်းဘက်ကို ရောက်တာ လေးရက်လောက်တော့ ရှိပြီ ... နေ့ခင်းဘက် လက်ဖက်ရည်ဆိုင်ထိုင် ... ညဘက်ဆိုရင် တိုက်တန်းလျားတစ်ခုခုမှာ ခိုပြီး အိပ်ခဲ့တာ"

"တော်သေးတာပေါ့ ... ရဲနဲ့ တိုးရင် အခုလောက်ဆို အချုပ်ခန်းထဲ ရောက်နေလောက်ပြီ"

"ဒါကတော့ မနဒီရယ် ... ကိုယ်ဘေးတော့ ကိုယ်ကြည့်ပြီး လုံခြုံမယ်ထင်တဲ့ တိုက်ခန်းလှေကားထစ်မှာ အိပ်ရတာပေါ့ ကျီးလန့်စာစား အိပ်ရတာဆိုတော့ မှေးခဏပေါ့ ... အဲ ... စရိတ်လုံးဝပြတ်သွားလို့သာ နဒီတို့ တိုက်ထဲ ထမင်းဝင်ခိုးတာပါ ... တစ်ခုတော့ ကျွန်တော် စဉ်းစားခဲ့ပါတယ်"

"ဘာကို နေရဲ စဉ်းစားထားလို့လဲ"

"ဒီလိုပါ ... မနဒီက အပေးအယူသဘောမျိုးနဲ့ ကျွန်တော့်ကို ပြောနေတဲ့အချိန်မှာ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာကို

သတိရလိုက်တယ်လေ … ကျွန်တော်က ဘာပဲပြောပြော အဲဒီအချိန်မှာ မနုဒီတို့ရဲ့ ထမင်းကို စားပြီးပြီလေ … မြန်မာရာဇဝင်မှာ အထင်အရှားရှိပါတယ် … သက္ကရာဇ် ၇၀၄ ခုပင်းယမှာ မင်းဖြစ်တဲ့ ငါးစီးရှင်ကျော်စွာက ပင်လယ်ကို စားရတဲ့အခါ ညီတော် စစ်ကိုင်းအသခ်ယာစောယွမ်းကို လုပ်ကြံဖို့ ခေင်ညိုဆိုတဲ့ အမှုတော်ထမ်းကို စေခိုင်းခဲ့တယ်။ ခေင်ညိုလည်း စစ်ကိုင်းကိုရောက်တော့ အခွင့်မသာသေးတာနဲ့ တောထဲမှာ သုံးရက်ခိုပြီး အခွင့်အခါစောင့်တာပေါ့ အခွင့်လည်း သာရော စစ်ကိုင်းမင်းကို လုပ်ကြံဖို့ နန်းဆောင်ကိုအလာ ခေင်ညိုဟာ စစ်ကိုင်းမင်း မဟာဂီရိနတ်တင်ထားတဲ့ ရွှေစလောင်းနဲ့ ထည့်ထားတဲ့ အမဲသားထမင်းကို တွေ့တော့ ထမင်းသုံးရက်လောက် မစားရတဲ့ ခေင်ညို စားတော့တာပဲ … ထမင်းဝတော့ အသခ်ယာကို လုပ်ကြံဖို့ နန်းတော်ထဲရောက်ခဲ့တယ်လေ … လုပ်ကြံဖို့ အိပ်နေတဲ့ အသခ်ယာစောယွမ်းကို ကြည့်ပြီး ခေင်ညိုက ဤမင်းသည် ငါ့ရဲ့ ယနေ့ ထမင်းရှင်ဖြစ်ခဲ့ပြီ … ထမင်းသခင်ကို ငါပြစ်မှားမိလျှင် အလွန်ပင် အပြစ်ကြီးတော့မည် … ငါ့အရှင်ကလည်း လုပ်ကြံ၍ ရပါလျက် မသတ်ပဲ ပြန်လာခဲ့သည်ကို





အပြစ်ယူလျှင် ငါသေရလိမ့်မည်”

“ငါ့အရှင်သတ်၍ သေလျှင်လည်း တစ်သက်သာသေရမည်။ ထမင်းရှင်ကို ငါသတ်သော် သံသရာဝယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံရမည် … အပါယ်လေးပါးမှ လွတ်၍ လူအဖြစ်ကို ရစေကာမူ ယုတ်မာသော လူအဖြစ်ကိုသာ ရပေလိမ့်မည် … ဒီတော့ ငါမသတ်တော့ပြီ … မသခ်ယာစောယွမ်းထံ ရောက်ခဲ့ကြောင်း သက်သေပြရန် ခမည်းတော်က စီးရှင်က အသခ်ယာစောယွမ်းအား ပေးခဲ့သော ပဏ္ဏမြား ဓားကို ယူပြီး ပြန်ခဲ့သတဲ့ … ငါးစီးရှင်ကို သူမသတ်ဖြစ်ခဲ့ကြောင်း လျှောက်တင်တဲ့အခါ … ငါးစီးရှင်က တစ်နပ်မျှသာ ထမင်းရှင်၏ကျေးဇူးကို ဤမျှသိလျှင် အနပ်ပေါင်းများစွာ ကျွေးခဲ့တဲ့ ငါ့ထမင်းကျေးဇူးကို ခေင်ညိုသည် ဆိုဖွယ်ရာ မရှိအောင် သိလိမ့်မည်ဆိုပြီး ငါးစီးရှင်က မသတ်ပဲ ထမင်းတစ်နပ်ကျေးဇူးကို စောင့်သိခဲ့တဲ့ ခေင်ညိုကို ဆုလာဘ်ပေးတော်မူခဲ့သတဲ့ မနုဒီ”

“လေးစားပါတယ် နေရဲ … တို့ဘက်ကလည်း နေရဲ သဘောကို သိလိုက်ရတဲ့အတွက် မင်းကို တို့ပေးထားတဲ့ ကတိအတိုင်း ကျေပွန်အောင် လုပ်ပေးမှာပါနော်”

CDMA ကမ်းရိုးတန်းသုံးဖုန်းခေါ်သံ ကြားလိုက်ရသည်။ ခါးတွင် ချိတ်ထားသော ဖုန်းကို ဖြုတ်၍ နဒီမာယာ နားထောင်လိုက်သည်။

"ဟုတ် ... ဟုတ်"

"ညှိသည်တစ်ယောက်တော့ ပါလာမယ်ဖေဖေ ... လုပ်ငန်းအတွက်ပါ"

"စိတ်ချရပါတယ် ... ဟုတ်"

ဖုန်းကို ပြန်ပိတ်ပြီး ခါးမှာ နဒီမာယာ ချိတ်လိုက်သည်။

ဦးပါပက နဒီအား လှမ်း၍ မေးလိုက်၏။

"ဆရာ ဦးကျောက်ဆီက ထင်တယ် ... ဟုတ်လား နဒီ"

"ဟုတ်တယ် ဦးပါပ ... ရန်ကုန်က ကိစ္စပြီးပြီလားလို့ မေးတယ် ... ကိစ္စပြီးပြတ်သွားပြီဆိုတာ ဖေဖေသိသွားတယ် နေရဲပါလာမယ့်အကြောင်း ပြောလိုက်တယ် ... သဘက်ခါလောက် မြစ်ကြီးနားကို တက်လာခဲ့ဖို့ မှာလိုက်တယ်"

"ဒါဆို ဘယ်လို စီစဉ်မလဲ နဒီ"

ဦးပါပက မေးလိုက်သည်။

"မနက်လောက်တော့ ကိုဘိုးချိန် ပြန်ရောက်မယ်ထင်တယ်





ဦးပါပ ... ကိုဘိုးချိန် ပြန်ရောက်ရင်တော့ မြစ်ကြီးနားသွားဖို့ စီစဉ်သင့်တာ စီစဉ်မယ်လေ"

"ကောင်းသားပဲ နဒီ ... ဦးပါပလည်း ရန်ကုန်မှာနေရတာ ပျင်းလာပြီ ... မြစ်ကြီးနားပြန်ချင်ပြီကွယ်"

ဦးပါပက နဒီမာယာအား သူ့ဆန္ဒကို ထုတ်ဖော်ပြောလာခဲ့ပါလေသည်။

"နေရဲ အသက် ဘယ်လောက်ရှိပြီလဲ ... တို့အသက်က နှစ်ဆယ့်ငါးထဲမှာ"

"ဒါဆိုရင် မနဒီက အတော်ဟိုင်းနေပြီပဲ ... ကျွန်တော့်အသက်လည်း နှစ်ဆယ့်ငါးပဲလေ"

"ဘာပြောတယ် နေရဲ"

"အော် ... မနဒီက ကျွန်တော်ပြောရင် အလွဲထင်နေတော့တာပဲ ... တချို့ဆို ဒီအရွယ်တွေမှာ သားတွဲလောင်း သမီးတွဲလောင်းဖြစ်နေကြပြီလေ ... အဲဒါကို ကျွန်တော်က ရည်ရွယ်ပြောတာပါ ... ဟုတ်တယ်နော် ဦးပါပ"

ဆန်ကုန်လူထွားကြီး ဦးပါပကို နေရဲက သူ့ခိုးသေဖော် ညှိပါ၏။

"သိဘူးလေကွယ် ... ဟုတ်ချင်လည်း ဟုတ်မယ် ... မဟုတ်

ချင်လည်း မဟုတ်ဘူးပေါ့"

ဦးပါပက ထမင်းရည်ပူ လျှာလွှဲ သွားခဲ့ပါလေသည်။

နဒီမာယာ၏ မျက်နှာကလေးက နီမြန်းဆဲ ရှိပါသေးသည်။

"တော်ပါ ... ဘာတွေ လျှောက်ပြောနေမှန်းကို မသိဘူး"

နေရဲ ပုခုံးကို တွန်းလိုက်မိသည်။ ဦးပါပ ပြုံးလိုက်ပါ၏။

နဒီမာယာက ဦးပါပကို ကြည့်၍ပြောသည်။

"နေရဲကို တိုက်အနောက်ဘက်က ဆဲဗင့်ကွာတားမှာ နေရာချပေးလိုက်ပါလား ... ဦးပါပနဲ့ ကိုဘိုးချိန်အခန်းကြားက အခန်းလွတ်နေတာပဲ"

"ကိစ္စမရှိပါဘူး မနဒီ ... မနက်ဖြန် သဘက်ခါပဲ မြစ်ကြီးနားကို သွားကြမှာဆို မလုပ်ရှုပ်မခံပါနဲ့ ... ဦးပါပနဲ့ အတူတူ အိပ်လို့ ဖြစ်သားပါပဲ"

"ဒါဆိုရင်လည်း ပြီးတာပဲလေ ... နဒီဘက်က တာဝန်ကျေပါတယ်နော် ... စားတာသောက်တာကတော့ ဦးပါပပဲ စီစဉ်တာ ... နဒီတို့ မြစ်ကြီးနားကနေ ရန်ကုန်ဆင်းရင် ဒီလိုပဲ အဆင်သင့်ရတာ ဝယ်စားလိုက်ကြတာပဲ ... ရန်ကုန်မှာက





လိုတာရတာယ်လေ ... ပိုက်ဆံရှိဖို့ အရေးကြီးတာပါ ... ဒီခြံထဲမှာက နဒီတို့အမြဲနေကြတာ မဟုတ်ဘူးလေ ... ဒီခြံထဲမှာ အမြဲနေတာက ကိုဘိုးချိန်တစ်ယောက်ပဲ ... သူကတော့ သူ့ဘာသာသူ ချက်ပြုတ်စားသောက်တာပါပဲ"

နဒီမာယာက ရှင်းပြလိုက်သည်။

"ဒါဆိုရင် ဦးပါပတို့လည်း ခြံထောင့်အိမ်ကလေးမှာ လွတ်လွတ်လပ်လပ်နားကြဦးမယ်"

"တိုက်ကြီးထဲမှာပဲ နေလည်း ရပါတယ် ဦးပါပ"

"ဟိုဘက်က မောင်ရင်လေး နေရဲရော ကျုပ်ပါ အနေလွတ်လပ်တာပေါ့ကွယ် ... ထမင်းစားချိန်ရောက်ရင်တော့ ဦးပါပ လာပို့ပေးမယ်လေ ... နဒီ မနက်စာ ဘာစားမှာလဲ"

"နဒီတော့ တစ်ခါတလေ မြန်မာထမင်းဟင်းကောင်းကောင်း စားချင်တာပါပဲ ... နေရဲနဲ့ ဦးပါပတို့ ကြိုက်တာစားနော် ... ပိုက်ဆံလိုသေးရင် ထပ်ယူသွားဦး"

"ကျန်ပါသေးတယ် နဒီ ... ဦးပါပ ပိုက်ဆံလည်း ရှိနေတာပဲ ဆရာကျောက် ကျေးဇူးတွေ ဦးပါပအပေါ်မှာ အပုံကြီးပါကွယ်"

ဦးပါပသည် နဒီအဖေ ဦးကျောက်အိုး၏ကျေးဇူးကို

ခဏခဏထည့်၍ ပြောတတ်သည်။ ယခုလည်း သူစိမ်းမျှသာ ဖြစ်သော နေရဲ၏ရှေ့တွင် ထုတ်ဖော်ပြောကြားပါလေသည်။ လူဆိုး လူမိုက်တစ်ဦး ဖြစ်သော်လည်း ကျေးဇူးတရားကို စောင့်သိပုံရပါသည်။

ထို့နောက် ဦးပါပနှင့်အတူ ခြံစောင့်အိမ်ကလေး အတွင်း နေရဲပြန်၍နားသည်။ ဦးပါပကြီး တရေးမှေးချိန်တွင် နေရဲ ခြံဝင်းအတွင်း လှည့်ပတ်ကြည့်ရှုခဲ့သည်။

ခြံဝင်းမှာ ကျယ်ဝန်းပြီး သီးပင်စားပင်များ၊ အလှ စိုက်အုန်းထန်းပင်များရှိသည်။ အလှစိုက်ပန်းပင်များ မတွေ့ရပေ။ ချုံဆန်ဆန်ပန်းပင်များပဲ ရှိသည်။ ခြံအရှေ့ဘက်တွင် ညမွှေးပန်း ပင်များကို တွေ့ရသည်။

နေ့ဘက်ဖြစ်၍ ရန့်ပြယ်နေခဲ့လေပြီ။ အမှတ်မထင် ပင် မိန်းမလှလေး နဒီမာယာနှင့် ရန့်ပြယ် ညမွှေးပန်းတို့ကို နေရဲ နှိုင်းယှဉ်လိုက်မိသည်။ နဒီမာယာသည် ညမွှေးပန်းနှယ် တူပါလေသည်။

ညမွှေးပန်းသည် မည်မျှပင် မွှေးစေကာမူ လူတကာ အိပ်ချိန်မှာ မွှေးပျံ့သောရနံ့ကို ထုတ်ပြနိုင်စွမ်းရှိသည်။ နံ့သာ လိမ်းချိန် ပန်းပန်ချိန်မဟုတ်လေ၍ ပန်ဆင်သူမဲ့ရှာပါလေ၏။





ထို့အတူ လှပစေကာမူ ဒုစရိုက်နယ်ပယ်ထဲတွင် ပျော်ရဲလေသော နဒီမာယာကိုလည်း ခူးချင်သူနည်းရှာပေလိမ့်မည်။

ခြံအနောက်ဘက်တွင် သပ်ရပ်သော သုံးခန်းတွဲ သစ်သားအိမ်ကလေးကို တွေ့ရသည်။ နေချင့်စဖွယ်ပဲ ဖြစ်ပါ၏။

အချိန်အတော်ကြာ နေရဲ ခြံထဲတွင် လျှောက်ကြည့် နေဖြစ်သည်။

ဝှနေသည်ပင် တဖြည်းဖြည်း အပူပြင်းစ ပြုလာခဲ့ပါ သည်။

ခြံဝအနီးရှိ ခြံစောင့်အိမ်ကလေးသို့ နေရဲ ပြန်အရောက်တွင် ဦးပါပကြီး နိုးနေခဲ့ပါလေပြီ။ ဦးပါပ အိမ်ကလေးအတွင်းမှ ထွက်သွားသည်။ ဦးပါပ ထွက်သွားပြီးနောက် နေရဲသည် ဦးပါပထိုင်သွားခဲ့သည့် သစ်သားပက်လက်ကုလားထိုင်တွင် လဲလျောင်းထိုင်မိသည်။

မှေးခနဲ နေရဲ အိပ်ပျော်သွားပါ၏။

နေရဲ နိုးလာချိန်တွင် ဦးပါပ ဝယ်ထားဟန်တူသော စတီးချိုင့်လေးဆင့်ချိုင့်ကို တွေ့ရပေသည်။ အိမ်ကလေး၏ အနေးထောင့်တွင် တွေ့ရသော ရေသန့်ဘူးကြီးအတွင်းမှ ရေဖြင့်ပင် နေရဲ ပလုတ်ကျင်း မျက်နှာသစ် သန့်စင်လိုက်ပါ၏။





ခဏအကြာတွင် ဦးပါပ ပြန်ရောက်လာသည်။ မယ်လမင်းပန်းကန်ပြား နှစ်ချပ်၊ စတီးဇွန်း သုံးဇွန်းပါလာသည်။

ကြမ်းပြင်ပေါ်မှာပဲ နှစ်ဦးသား ထမင်းစားသောက်လိုက်ကြသည်။ ထမင်းစားပြီးတော့ နေရဲတစ်ရေး ပြန်အိပ်သည်။ နေရဲ နိုးလာချိန်တွင် ဦးပါပကို မတွေ့ရပြန်ပေ။

နေရဲ၏ခြေဆန့် လက်ဆန့်သဘောမျိုး ခြံပြင်ထွက်၍ လျှောက်ချင်သည်။ သို့သော် နေရဲ လျှောက်၍မဖြစ်သည်ကို သိထား၍ ခြံအတွင်းမှာပဲ လမ်းလျှောက်ဖြစ်သည်။

တစ်ခါတစ်ရံ လေသင့်လျှင် သဃ်န်းကျွန်းလမ်းမကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်နေသော ကားသံများကို ကြားနေရပါ၏။

နေညိုသည့်တိုင်အောင် ဦးပါပကြီးကို မတွေ့ရပေ။

တိုက်ကြီးအတွင်းမှ နဒီမာယာကိုလည်း အရိပ်အယောင်မျှပင် မတွေ့ခဲ့ရ။ ညမှောင်ရီသမ်းစ ပြုချိန်တွင် ဦးပါပကြီး ပြန်ရောက်လာသည်။ ဦးပါပထံမှ အရက်နံ့ရသည်။ လက်ထဲတွင် ဒံပေါက်သေးထုပ် ပါလာသည်။

ဦးပါပက မီးခလုတ်တစ်ခုကို နှိပ်လိုက်သည်။ လေးပေချောင်းမွန်းလိုက်မီးရောင် လင်းထိန်သွားပါ၏။

"မောင်ရင်လေး အိပ်နေတုန်း နဒီက ညနေစာ ဒံပေါက် စားချင်တယ်ဆိုတာနဲ့ ဒံပေါက်သွားဝယ်တာ ... သူ့အရင်းနဲ့ တစ်ခွက်တစ်မလားတော့ မှော့မိတယ်ကွယ် ... မောင်ရင်လေး အရက်သောက်တတ်ရင် ဦးပါပ လိုက်တိုက်မယ်လေ"

"နေရဲ မသောက်တတ်ပါဘူး ဦးပါပ"

"အေးကွယ် မသောက်တတ်တာ အကောင်းဆုံးပေါ့ ... အရက်ဆိုတာ သောက်တာနဲ့ အမှားလုပ်ဖို့ ကြံစည်တော့တာပဲ ... အရက်က ဒေါသသွေးကို ဆွပေးတတ်တာပဲ မဟုတ်လား ... ဒံပေါက်ကတော့ လေးထုပ်ပါလာတယ် ကျုပ်က ခန္ဓာကိုယ်နဲ့ လိုက်ဘက်ညီညီ အစားကြူးတယ် အဝကြိတ်ပစ်တာ"

အိမ်ကလေး၏ ကြမ်းပေါ်မှာပင် စားကြ သောက်ကြသည်။

အပြောနှင့် အလုပ်ညီစွာပင် ဦးပါပ အစားကြူးပါလေသည်။

နေရဲ ဒံပေါက်တစ်ထုပ်သာ ကုန်သည်။ ဦးပါပသည် သုံးထုပ်ကို ကုန်အောင် စားပါ၏။ အစားကြူးသောသူသည် ဗိုက်လုံးလည်း ကြီးတတ်ပါလေသည်။





ထို့ကြောင့်ပင် ဦးပါပသည် ခုစရိုက်အမူတွင် ပျော်မွေ့သော လူမိုက်တစ်ဦး ဖြစ်သွားသည်မှာ မဆန်းဟု နေရဲ ထင်ပါ၏။

စားသောက်ပြီးစီးကြပြီးနောက် နေရဲ အိပ်ရာခင်းသည်။ ဦးပါပကမူ ခြံဝင်းတစ်ဝန်းလုံးကို လှည့်ပတ်ကြည့်ရှုနေခဲ့ပါ၏။

ညနက်စပြုသည်နှင့် ညမွှေးပန်းရနံ့က သင်းပျံ့လာခဲ့ပါလေသည်။ ညက တိတ်ဆိတ်ငြိမ်သက်စပြုနေခဲ့ပြီ။ ခဏအကြာတွင် ခြေဆန့်လက်ဆန့် ကျောခင်းရင်း နေရဲ အိပ်ပျော်သွားခဲ့ပါ၏။

## ၃

ကောင်းစွာ အနားယူအိပ်စက်ရ၍ပဲ ထင်သည်။ နေရဲ စောစီးစွာပင် နိုးလာခဲ့သည်။ ကိုယ်လက်သန့်စင်ပြီးချိန်မှာပင် နေရဲ အိမ်ကလေးအတွင်းမှ ထွက်ခဲ့သည်။ သန့်စင်ခန်းဝင်လျှင် ဝင်နိုင်အောင် ဦးပါပကြီးသည် တိုက်ကြီး၏ အနောက်ဘက်ရှိ သူ၏ အိမ်ခန်းသော့ကို ပေးထားခဲ့သည်။

အိမ်ကလေး၏ ပင်မအခန်းနှင့်တွဲကာ ရေချိုးခန်း၊ သန့်စင်ခန်းကို တိုက်ခံအဆောင်ကလေးတွဲဆောက်ပေးထားသည်။ ဦးပါပ၏ အခန်းသည် သုံးခန်းတွဲအိမ်ကလေး၏ ခေါင်းရင်း ထိပ်ဆုံးခန်းပဲ ဖြစ်သည်။

အိမ်ကလေး၏ သန့်စင်ခန်းမှ အထွက်တွင် ဦးပါပ





ကို တွေ့ရသည်။ သူတစ်ဦးတည်းတော့မဟုတ်။ သက်လတ်ပိုင်း အရွယ် အသားညိုညိုလူတစ်ဦးကို တွေ့ရသည်။

အရပ်မနိမ့်မမြင့်ရှိပြီး ကိုယ်ကာယ တောင့်တင်း၍ ပေါ့ပါးဖျတ်လပ်ဟန်ရှိပါ၏။ မျက်နှာထားမဆိုးလှပေ။

“အတော်ပဲ နေရဲ နိုးနေပြီကိုး … တစ်ခါတည်း နံနက် အဆာ ပြေစားရအောင်”

နေရဲ ခေါင်းညိတ်ပြလိုက်သည်။

ဦးပါပနှင့်အတူ နေရဲ လိုက်ခဲ့သည်။

“ဟောဒါက နေရဲတဲ့ ဘိုးချိန် … ဆရာကျောက်ဆီ ခေါ်သွားမှာလေ”

“သူက ဘိုးချိန်တဲ့ နေရဲ … ဒီခြံမှာ မြစောင့်လုပ်လာတာ ကြာလှပြီပေါ့ … ရန်ကုန်ဆင်းလာတဲ့အခါတိုင်း ဆရာကျောက်နဲ့ တို့တတွေ ကည်းဖို့ ဝယ်ထားခဲ့တာပဲ … ဘိုးချိန်က ဆရာကျောက်တပည့် လူယုံတစ်ဦးပဲ ဆိုပါတော့ … တစ်ချို့ကိစ္စတွေဆို မြစ်ကြီးနားကနေ ဘိုးချိန်ဆီ ဆရာကျောက်က တပည့်တွေပဲ လွှတ်လိုက်တာလေ … ဘိုးချိန်က ဒီက ဝယ်လက်တွေဆီ ပစ္စည်းပို့ပေးတယ် … ငွေက သူလွှဲပေးရုံပဲလေ”

လမ်းလျှောက်ရင်း ကိုဘိုးချိန်နှင့် နေရဲကို ဦးပါပက မိတ်ဆက်ပေးသွားခဲ့သည်။

အသင့်ဖွင့်ထားသော တိုက်တံခါးပေါက်မှနေ၍ ဝင်ရောက်ခဲ့ကြသည်။ ထမင်းစားခန်းထဲသို့ ရောက်ရှိနေသော နဒီကို တွေ့ကြရသည်။ နဒီက စားပွဲထိပ်တွင် ထိုင်နေခဲ့၏။

နဒီက အားလုံးကို ပြုံးပြလိုက်သည်။

"ထိုင်ကြလေ ... နဒီမစောင့်နိုင်းတာနဲ့ ကြာဆံကြော်နဲ့ လက်ဖက်ရည်စားသောက်ပြီးသွားပြီ ... စားလိုက်ကြဦး ပြီးမှ စကားပြောကြတာပေါ့"

နဒီမာယာက အုပ်ဆောင်းကို ဖွင့်ကာ အသင့်စား ဖော့ဘူးကလေးများကို တစ်ယောက်တစ်ဘူးချပေးခဲ့သည်။ တစ်ခါသုံး ပလတ်စတစ်ဇွန်းနှင့် တစ်ခါသုံး ဖော့ဘူးကလေးနှင့် ထည့်ထားသော ကြာဇံကြော်ဘူးများပဲဖြစ်ပါလေသည်။

စားသောက်လိုက်ကြသည်။ လက်ဖက်ရည်အိုးထဲမှ ငှဲ့ကာ ဦးပါပကြီးက လက်ဖက်ရည်ချပေးသည်။ အချိန်ကြာကြာ နပ်ရည်နှင့် ဖျော်ထားသော လစ်ပတဉ်တီးသည် နေရဲအကြိုက်ပဲ ဖြစ်ပါလေ၏။

နဒီမာယာက စကားစလာခဲ့ပါ၏။





"နဒီတို့ ဒီညနေပဲ မန္တလေးကို ကားနဲ့ တက်မယ် ... မန္တလေးကတစ်ဆင့် မြစ်ကြီးနားကို ဆင်းမယ် ... အဲဒါ အခုပဲ ကိုဘိုးချိန် စီစဉ်ပေးပါ"

"ငှားနေကျ သုဇဏ္ဏာက ကျော်ကြီးကားပဲ ငှားလိုက်မယ်လေ ဈေးကတော့ အတိုးအဆုတ်ရှိမယ်ထင်တယ် ... ကျော်ကြီးကား မရရင်တော့ တခြားကားကို ကျုပ်ငှားလာခဲ့မယ် ... မြို့ထဲကို ဘယ်နှစ်နာရီ အရောက်လာခဲ့ရမလဲ"

"ညနေ ၆နာရီအရောက်ဆိုရင် အတော်ပဲ ကိုဘိုးချိန် ... ညစာစားပြီးမှ ခြံက ထွက်ပေါ့ ... ကိုဘိုးချိန်သွားခင် နဒီဆီမှာ ငွေလာယူလေ ... ကားကို ငွေတစ်ခါတည်းပဲ ချေလိုက်ပါ"

"ဒါဆိုရင် ကျုပ် အခန်းပြန်ပြီး ရှင်းလိုက်လင်းလိုက်ဦးမယ် ဒီတစ်ခေါက် ညောင်တုန်းပြန်သွားတာ ဆယ်ရက်ကျော်သွားတယ် မဟုတ်လား"

ကိုဘိုးချိန်သည် ပြောရင်းဆိုရင်းပဲ ထသွားပါလေ၏။

ကိုဘိုးချိန်ထွက်သွားပြီးနောက် နေရဲ ဦးပါပနှင့် နဒီတို့လည်း ထမင်းစားခန်းထဲမှ ထွက်လာခဲ့ကြသည်။

ညှိခန်းကို အဖြတ်တွင် နဒီမာယာက နေရဲကို

လှမ်းပြောခဲ့သည်။

"နေရဲ ခဏနေဦး"

နေရဲ ရပ်၍ စောင့်နေလိုက်သည်။ နဒီမာယာ ညှိခန်းထဲသို့ ဝင်သွားသည်။ ပြန်ထွက်လာသည့် နဒီမာယာ လက်ထဲတွင် ပလတ်စတစ်အိတ် တစ်အိတ်ပါလာခဲ့သည်။

"ရော ... နေရဲ"

နေရဲလှမ်းယူပြီး အိတ်ကို မကြည့်လိုက်သည်။ သူရေချိုးခန်းထဲတွင် ချွတ်ထားပစ်ခဲ့သည့် ခဲရောင်ရှပ်အင်္ကျီနှင့် ငါးရှဉ့်သွေးရောင် ဘက်ကီဘောင်းဘီပဲ ဖြစ်ပါလေသည်။

"အဲ့းနာလိုက်တာ မနဒီရာ ... နေရဲလည်း မေ့နေတာ"

"အားနာစရာ မလိုပါဘူး ... နဒီလျှော်တာတော့ မဟုတ်ပါဘူး ... နဒီတို့ ရန်ကုန်ဆင်းရင် ဟိုဘက်ရပ်ကွက်ထဲက နန်းမူဆိုတဲ့ ကုလားမလေး လာလျှော်ပေးနေကျပဲ"

"ဘာပဲဖြစ်ဖြစ် နဒီ့ကို ကျေးဇူးတင်ပါတယ် ... အဲ မနဒီ"

နဒီမာယာ မျက်နှာပြုံးရိပ်သမ်းသွားသည်။

"နေရဲနဲ့ တို့က သက်တူရွယ်တူတွေပဲ ... နဒီလို့ပဲ ခေါ်ပါ"

နေရဲ ခေါင်းညိတ်ပြလိုက်သည်။

မနက်စာ စားချိန်ရောက်တော့ ဦးပါပကြီးပဲ အဝယ်





ထွက်သည်။ ကိုဘိုးချိန်၊ နေရဲနှင့် ဦးပါပကြီးတို့ ခြံစောင့်အိမ်ကလေးမှာပဲ စားကြသည်။

နဒီမာယာအတွက် ဦးပါပ သွားပို့ပေးပါလေ၏။ ထမင်းစားပြီးတော့ ကိုဘိုးချိန်အပြင်ထွက်သွားသည်။ ဦးပါပရော နေရဲပါ တစ်ရေးတော့ အိပ်ကြ၏။

ညနေမစောင်းခင် ဦးပါပ ထွက်သွားသည်။ ဦးပါပ ပြန်ရောက်လာတော့ ရေမိုးချိုးပြီး ထမင်းစားလိုက်ကြသည်။

နေရောင်က တဖြည်းဖြည်း ဆုတ်သွားသည်။

နေလုံးမပျောက်တပျောက်မှာပင် ကိုဘိုးချိန်နှင့်အတူ ကားတစ်စင်းပါလာခဲ့သည်။ ကားမောင်းသူနှင့်အတူ ကိုဘိုးချိန် ပေါ်တီကိုအောက်သို့ လိုက်ပါသွားခဲ့သည်။

ခဏအကြာတွင် ကိုဘိုးချိန် ခြံစောင့်အိမ်ကလေးသို့ ရောက်လာခဲ့သည်။

"ဦးပါပရော ကိုနေရဲပါ အသင့်ပြင်ထားဖို့ ပြောလိုက်တယ်"

"အေးအေး ဘိုးချိန် ... ငါကတော့ အဆင်သင့်ပါပဲ ... နဒီက မောင်ရင့်ကို ဘာပြောသေးလဲ"

"ကိုနေရဲ လက်စွမ်းပြထားတဲ့ တိုက်အနောက်ဘက်တံခါးမှန်တွေ ထည့်ဖို့နဲ့ အကြောင်းကိစ္စရှိရင် မြစ်ကြီးနားဖုန်းဆက်

ဖို့ပေါ့ဗျာ ... ကိုနေရဲလက်ဆ အတော်ပြင်းတာပဲ ... တော်ရုံ အားနဲ့ ကွဲဖို့ မလွယ်ဘူးဗျ"

နေရဲ အိတ်ထဲသို့ အဝတ်အစားနှစ်စုံကို ထည့်ထားလိုက်သည်။ ကိုဘိုးချိန်ကို နေရဲဘာမျှ ပြန်မပြောခဲ့ပေ။

ကားသံကြားလိုက်ရသည်။ ခြံဝင်းထဲတွင် အမှောင်က တိုးဝင်နေခဲ့ပါလေပြီ။ ကားက ခြံစောင့်အိမ်ကလေးရှေ့တွင် ထိုးရပ်သွားသည်။ အိမ်ကလေးအတွင်းမှ နေရဲရော ဦးပါပပါ အိတ်ကိုယ်စီလွယ်၍ ထွက်ခဲ့ကြသည်။

ရပ်ထားသော ဆပ်(ဗ်) ကားပေါ်သို့ တက်ခဲ့ကြသည်။ ခြံအတွင်းမှ ဆပ်(ဗ်)ကား မောင်းထွက်သွားခဲ့ပါ၏။

ကားရှေ့ခန်းတွင် နဒီမာယာနှင့် ယာဉ်မောင်းသူတို့ပဲ ရှိသည်။ ကားနောက်ခန်းတွင် နေရဲနှင့် ဦးပါပတို့ လိုက်ပါခဲ့ကြသည်။ လမ်းများပေါ်တွင် မာ့ကြူရီမီးရောင်က ထိန်လင်းနေခဲ့ပါ၏။





## ၄

ညဆယ်နာရီခန့်တွင် အိပ်ပျော်နေရာမှ နေရဲ လန့်နိုးလာသည်။ ဦးပါပနှင့် နဒီတို့စကားပြောသံများက နေရဲ နားထဲသို့ တိုးဝင်လာသည်။

"တောင်ငူရောက်ပြီ နဒီ ... ညလယ်စာ တစ်ခုခုစားကြရင် ကောင်းမယ်ထင်တယ်"

ဆန်ကုန်လှူထွားကြီး ဦးပါပက နဒီကို လှမ်းပြောလိုက်သည်။ တောင်ငူမြို့၏ မီးရောင်ပျပျကို လှမ်းမြင်နေရသည်။ မြို့၏ မီးရောင်ပျပျကိုမြင်တော့ ဒက်ဒီကို သတိတရ လွမ်းဆွတ်မိသည်။

ဒက်ဒီသည် တကယ်တော့ မိမိကို မချစ်ခဲ့လေသည်တော့ မဟုတ်။ ဒက်ဒီသည် နေရဲကို မာမီထက်ပင် အချစ်ပိုခဲ့သည်။

သားတစ်ဦးတည်း ရှားရှားပါးပါး မွေးထားခဲ့၍ ငယ်စဉ်ကပင် လိုတာရအောင် ဆောင်ကြဉ်ပေးသည်က ဒက်ဒီတောအုပ်ဘဝတွင် နေရဲကို တောင်ငူရှိ ဒက်ဒီ၏ အဖေနှင့် အမေ (အဖိုးနှင့် အဖွား)နှင့်ပဲ ထားခဲ့သည်။

နေရဲ လူလားမြောက်ချိန်တွင် ဒက်ဒီသည် နယ်စီးတောအုပ်ကြီးဘဝနှင့် တောင်ငူတွင် အထိုင်ချခွင့်ရရှိခဲ့သည်။ ဒက်ဒီသည် အမဲပစ်ဝါသနာကြီးသည်။ ဒက်ဒီအမဲပစ်လေတိုင်း နေရဲပါရှိခဲ့သည်။

နေရဲသည် ဒက်ဒီနည်းတူ အမဲပစ်ကျွမ်းကျင်သည်။ အတိုက်အခိုက်ဝါသနာကြီးသည်။ ဒက်ဒီသည် ရန်ကုန်တက္ကသိုလ်တက်ခဲ့စဉ်က အနောက်တိုင်းလက်ဝှေ့အကျော်အမော်ဖြစ်ခဲ့ဖူး၏။

ဒီတော့။

နေရဲသည် အနောက်တိုင်းလက်ဝှေ့နည်းစနစ်ကို ကောင်းစွာပင် တတ်မြောက်ခဲ့တော့သည်။

တိုင်းနှင့် ပြည်နယ်အလိုက် ကျင်းပသော အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ဖူးသည်။ နေရဲ၏ ဘယ်ညာလက်သီးတစ်စုံသည် အလွန်ပဲ ပြင်းထန်လှ၍ နောက်ပိုင်းထိုးသတ်ခွင့် မရခဲ့ပေ။





ဖျဉ်းမနားသစ်တောတက္ကသိုလ်မှ ဘွဲ့ရပြီးချိန်တွင် ဒက်ဒီက သစ်တောဌာနတွင် အမှုထမ်းစေချင်သည်။ နေရဲက လွတ်လပ်မှုကို နှစ်ခြိုက်၍ အမှုမထမ်းဖြစ်ခဲ့။ မာမီသည် ရွှေကုန်သည်၊ ကျောက်ကုန်သည်မျိုးရိုးဖြစ်၍ တောင်ငူမြို့ဈေးကြီးအနီးတွင် ရတနာရွှေဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ခဲ့သည်။

နေရဲသည် ရတနာရွှေကျောက်ကိစ္စနှင့် ပတ်သက်၍ နားလည်သင့်သရွေ့ နားလည်သော်လည်း တာဝန်မယူလေခဲ့။ ဒက်ဒီနှင့် မာမီသာ ဦးစီးခဲ့သည်။ မာမီဆုံးပြီးနောက် ဒက်ဒီပဲ ရတနာဆိုင်လုပ်ငန်းကို ဦးစီးခဲ့ပါလေသည်။ ထိုအချိန်တွင် ဒက်ဒီသည် အဆင့်မြင့်ရာထူးဖြင့် ပင်စင်ယူခဲ့ပါ၏။

ဒီမှာပဲ ရန်ကုန်မြို့မှ ကျောက်ပွဲစား မိန်းမလည်ကြီး ဒေါ်ဥမ္မာလေးနှင့် နှောင်ကြိုးတွေ တွဲမိကြသည်။ သမုဒယတွေတော့ ပါမည်မထင်။ အပေးအယူတွေ၊ အတွက်အစားတွေနှင့် ဒေါ်ဥမ္မာလေးရော ဒက်ဒီပါ ကျင့်သုံးခဲ့ကြဟန်တူသည်။

ဒေါ်ဥမ္မာလေးက ဒက်ဒီ၏ ပိုင်ဆိုင်မှုတွေကို သူမဘဝအတွက် အထောက်အပံ့အဖြစ် ဖြည့်ဆီးလိုဟန်ရှိသည်။ ဒက်ဒီကလည်း ယောကျ်ားသားတစ်ဦး၏ အဖော်ကောင်းတစ်ဦးအဖြစ် လိုချင်ဟန်တူသည်။

မှီသူက မှီချင်၍ အမှီခံလိုသူက အမှီခံလိုသည်။ အပေးအယူတည့်သွားကြပြီး အိမ်ထောင်ထူလိုက်ကြပါလေ၏။

ခက်သည်က အပေးအယူမတည့်သူက နေရဲပဲ ဖြစ်လာတော့သည်။ ဒက်ဒီသည် နေရဲကို အိမ်ပေါ်မှ ဆင်းခိုင်းခဲ့သည်မှာ ခံစားနေရသော နေရဲ၏ ခံစားမှုတွေကို မကြည့်လို၍ပဲ ဖြစ်မည်ထင်ပါသည်။

ကားကို ယဉ်မောင်းသူ ကျော်ကြီးက ရန်ကုန်မန္တလေးလမ်းမပေါ်ရှိ မိုးအလင်း လက်ဘက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။

လက်ဘက်ရည်ဆိုင်ဟုဆိုသော်လည်း ဆီချက်၊ ကော်ရည်၊ ခေါက်ဆွဲ၊ ကြာဆံ၊ ထမင်းဟင်းပါတွဲလေသော ဆိုင်ပဲဖြစ်သည်။ ကိုယ်နှစ်သက်ရာပဲ ကိုယ်မှာယူစားလိုက်ကြသည်။

စားသောက်ပြီးတော့ ခရီးဆက်ကြပြန်သည်။

ကျော်ကြီးကို တစ်လှည့် နားစေသည်။ ဦးပါပကြီးက ဆက်၍ မောင်းနှင်ခဲ့သည်။ နေရဲ ပြန်၍ ဆက်အိပ်သည်။ နိုးလာချိန်တွင် ဆပ်(ဖ်)ကားသည် မန္တလေးမြို့သို့ပင် ဝင်နေခဲ့လေပြီ။ မန္တလေးမြို့၏ နံနက်ခင်းအလှက ဆီးကြိုနေပြီတည်း။

စေတနာ၁၀၁ပေ



ယာဉ်မောင်း ကျော်ကြီးမှာ နန်းရှေ့ရပ်ရှိ တိုက်ကြီးသို့ ရောက်သည်နှင့် ဟန်ပင်မဆောင်နိုင်ပဲ အိပ်တော့သည်။ တိုက်ကြီးမှာ ခေတ်မီလှပသော တိုက်ဖြစ်သော်လည်း သဃ်န်းကျွန်းရှိ တိုက်လောက် ကြီးမားခန့်ငြားခြင်းမရှိပေ။ နဒီမာယာတို့၏ ပိုင်ဆိုင်မှုမှာ အမြင်နှင့်ပင် ပြည့်စုံကြွယ်ဝမှန်းသိသာပါလေသည်။

နန်းရှေ့ရပ်ရှိ တိုက်ကြီးမှာလည်း ရန်ကုန်ရှိ တိုက်လိုပင် နဒီဖခင် ဦးကျောက်အိုး၏ လူရင်းတပည့် ကိုစန်းမောင်ဆိုသူက တိုက်အား စောင့်ရှောက်ကာ ခြံစောင့်အဖြစ် တာဝန်ယူထားသည်။

ကိုစန်းမောင်က ခြံစောင့်သာမက မန္တလေးရှိ ဒုစရိုက်လုပ်ငန်းကိုလည်း တာဝန်ယူထားသူဖြစ်သည်။ တော်ရုံ

စေတနာ၁၀၁ပေ

အရောင်းအဝယ်များဖြစ်ပါက ကိုစန်းမောင်နှင့်ပင် ပြီးသည်။ မြို့ထဲတွင် ရန်ကုန်ကလို ဆဲဗင့်ကွာတာမရှိပေ။

ကိုစန်းမောင်က တိုက်အောက်ထပ်တွင်နေသည်။ နဒီမာယာ၊ ဦးပါပနှင့် နေရဲတို့အား တိုက်အပေါ်ထပ်တွင် စီစဉ်ပေးသည်။ အပေါ်ထပ်တွင် အခန်းလေးခန်းရှိသည်။ ဧည့်ခန်းတစ်ခန်းရှိကာ လသာဆောင်ထုတ်ထားသည်။ ဘုရားခန်းနှင့် ဧည့်ခန်းတစ်ဆက်တည်း ရှိသည်။

ရေချိုးခန်းနှင့် သန့်စင်ခန်း တိုက်အနောက်ဘက်တွင် ထားရှိ၏။ တိုက်အောက်ထပ်တွင်လည်း ဧည့်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ မီးဖိုဆောင်နှင့် ထမင်းစားခန်း၊ အနောက်ဘက်တွင် သန့်စင်ခန်း၊ ရေချိုးခန်းရှိပါ၏။

နံနက်စာကို ကိုစန်းမောင်က ဝယ်ယူပြင်ဆင်ကျွေးမွေးခဲ့သည်။ ခရီးပမ်းမှုကြောင့် နေရဲနှင့် နဒီတို့ ကောင်းစွာ မစားနိုင်သော်လည်း ကျော်ကြီး ဦးပါပတို့ စားနိုင်ကြသည်။

စားသောက်ပြီးနောက် နဒီ၊ ဦးပါပ၊ နေရဲနှင့် ကျော်ကြီးတို့ တစ်ရေးပြန်အိပ်ကြသည်။

နိုးလာချိန်တွင် ရေမိုးချိုး၊ အဝတ်အစားလဲကာ မြို့အတွင်း နေရဲ၊ ဦးပါပတို့ ခြေဆန့်လက်ဆန့် လမ်းလျှောက်ကြ





သည်။ ညနေလေးနာရီခွဲခန့်တွင် ညနေစာ စားသောက်လိုက်ကြသည်။

ကျော်ကြီးမှာ ဆပ်(ဖ်)ကားကို မောင်းနှင်ကာ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားခဲ့တော့သည်။

ထိုနေ့ ညနေစောင်းတွင် ကိုစန်းမောင်က မန္တလေးမြို့တွင်းသို့ လည်ပတ်ကြည့်ရှုနိုင်ကြောင်း ပြောသော်လည်း နေရဲက ခရီးပမ်းနေမှုကြောင့် ငြင်းခဲ့ပါ၏။

ညအမှောင်ဝင်သည်နှင့် ကိုစန်းမောင် စီစဉ်ပေးခဲ့သည့်အတိုင်း တိုက်အပေါ် ခေါင်းရင်းဘက်အခန်းနှစ်ခန်းတွင် ဦးပါပနှင့် နေရဲတို့ အိပ်ကြပါ၏။

ခြေရင်းခန်းတွင် နဒီမာယာက အိပ်စက်ခဲ့ပြီး တိုက်အောက်ထပ်တွင် ကိုစန်းမောင်က အိပ်စက်ခဲ့ပါလေသည်။

နံနက်လင်းတော့ ကိုစန်းမောင်ကို မတွေ့ရပေ။ ဦးပါပကိုလည်း နေရဲ မတွေ့ရ။ ကိုစန်းမောင်နှင့်လိုက်ပါသွားဟန် တူပါ၏။ နေပွင့်များက တိုက်အတွင်း ဝင်ရောက်နေခဲ့ပါလေသည်။

အောက်ထပ်တွင် နဒီကို တွေ့ရသည်။

"နေရဲကို နံနက်စာစားဖို့ နဒီစောင့်နေတာ ... နိုးဖို့ကြိုးသေးတယ် ... အိပ်ပါစေတော့ဆိုပြီး နဒီ မနိုးဘဲနေလိုက်တာ"

"အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်မိတယ် နဒီ ... ဦးပါပလည်း မတွေ့ပါလား ... "

"မြစ်ကြီးနားရထားလက်မှတ် သွားယူတယ်လေ ... အမြန်မရရင်တော့ ညနေ ၆ နာရီ ရထားနဲ့ပဲ လိုက်ကြရမှာပဲ ... နေရဲကို မန္တလေးရောက်တုန်း ဘုရားဖူးဖို့မယ်လို့ စဉ်းစား





တာ နောက်ကြုံဦးမှာပါ ... အဲဒီ ကျမှပဲ ဖူးကြရအောင်လေ"

"မန္တလေးကို နေရဲ မကြာခဏ ရောက်ဖူးပါတယ် နဒီ ... နောတ်ကြုံကြိုက်ရင်တော့ နဒီပြောသလိုပဲ ဘုရားဖူးကြတာပေ့ါ"

"ကဲ ... ထမင်းစားကြရအောင် နေရဲ ... ကိုစန်းမောင်က အပြင်မထွက်ခင် စီစဉ်ပေးသွားခဲ့တယ်လေ ... ထမင်းစားပြီးမှ ဧည့်ခန်းမှာ ထိုင်ပြီး စကားပြောကြတာပေ့ါ"

နှစ်ယောက်လုံး ထမင်းစားခန်းသို့ လျှောက်ခဲ့ကြသည်။ ထမင်းစားခန်းထဲသို့ ဝင်လိုက်ကြသည်။ ထမင်းစားဖေါ်မီကာ ခင်းစားပွဲဝိုင်းတွင် ပလတ်စတစ်ခုံများ ဆွဲကာ ထိုင်လိုက်ကြသည်။ ကိုစန်းမောင်မှာ တာဝန်ကျေသူတစ်ဦးဟုပဲ ဆိုရပါမည်။ လက်ဆေးရေမှအစ စားပွဲပေါ်တွင် ရှိသည်။

နဒီက ထမင်းခူးခပ်ထည့်ပေးသည်။ ကြက်သားဟင်း ဆီပြန်ကို အသားတုံးများ ဆယ်ကာ ထည့်ပေးသည်။ ပဲကြီးအရည်သောက်ဆူးပုပ်ခပ်ဟင်းချို တစ်ခွက်ပါသည်။ မှျင်ငပိသုပ်ငရုတ်သီးစိမ်းပါးပါးလှီးကာ သုပ်ထားသည်။

မြေပဲဆန်ကို ထောင်းကာ ခရမ်းချဉ်သီးရောသုပ်ထားပါ၏။

နဒီရော နေရဲပါ ထမင်းအတော်လေး စားလိုက်ကြသည်။ စားပြီးနောက် ဧည့်ခန်းသို့ ထွက်ခဲ့ကြပါလေသည်။

ဧည့်ခန်းအတွင်းရှိ ဆိုပါဆက်တီများပေါ်တွင် ထိုင်ကာစရှိသေးသည် နဒီ ခါးမှာ ချိတ်ထားသော ဖုန်းက မြည်လာပါ၏။

"ဟဲလို ... နဒီပါ"

"ဟုတ်တယ်ဖေဖေ ... ဦးပါပနဲ့ ကိုစန်းမောင် ရထားလက်မှတ်စီစဉ်နေကြတယ် ... ဟုတ်ကဲ့ ... ပါလာပါတယ် ... ဟုတ် ... ဟုတ်"

နဒီဖုန်းပိတ်ပြီး ခါးမှာ ပြန်ချိတ်လိုက်သည်။

"ဖေဖေ့ဆီကလေ ... နေရဲပါမလာဘူးလားမေးလို့ ပါလာပါတယ်လို့ ပြောလိုက်တယ် ... ဖေဖေက နေရဲကို သိပ်စိတ်ဝင်စားနေတာ"

နေရဲ ပြုံး၍ ကြည့်လိုက်မိသည်။

"နဒီ ဘာတွေ ပြောထားလို့လဲ ... ကိုယ်က တကယ်ဆို ဘာမှ စိတ်ဝင်စားစရာမကောင်းလှပါဘူးကွာ ... ကြေနွတော့ နေရဲ ထမင်းဝင်နိုးစားတာ နဒီပြောထားတယ် ထင်တယ်"





နဒီ ပြုံး၍ ခေါင်းညိတ်ပြသည်။

"နဒီ အားလုံးကို ဖေဖေနားလည်အောင် ပြောပြထားလိုက်တယ်လေ ... နေရဲလက်သီးစွမ်းပြထားခဲ့တဲ့ တိုက်အနောက်ဘက် တံကားအကြောင်း ပြောပြတော့မှ ဖေဖေက စိတ်ဝင်စားသွားပြီး မြစ်ကြီးနားကို ခေါ်လာခဲ့လို့ပြောခဲ့တာ ... ဖေဖေက ဒုစရိုက်လုပ်ငန်းကို လုပ်စားနေတယ်ဆိုတော့ ရဲတဲ့သူ ... မိုက်သွေးကြွတဲ့သူဆိုရင် ခေါ်ထားလိုက်တာပဲ ဒုစရိုက်လုပ်ငန်းဆိုတာက ပြိုင်ဘက်တွေ အများကြီးရှိတယ်လေ ... တစ်ဦးခြေလှမ်း တစ်ဦးက အမြဲကြည့်နေရတာ မဟုတ်လား ..."

နေရဲ စိတ်မပါသော်လည်း ခေါင်းတော့ ညိတ်ပြလိုက်မိသည်။ သူ့ဘဝအခြေအနေက မီးစင်ကြည့်ကရုံပဲ ရှိတော့သည်။ မိမိ၏ ဘဝအခြေအနေကို မိမိပဲ ဖန်တီးခဲ့သည်ပဲ မဟုတ်ပါလား။

ညနေ လေးနာရီခန့်တွင် ကိုစန်းမောင်နှင့် ဦးပါပ ပြန်ရောက်လာသည်။ ဦးပါပက နဒီအား အမြန်ရထားလက်မှတ်ရရန် မလွယ်ကြောင်းနှင့် ညနေ ၆ နာရီ ထွက်မည့် ရထားလက်မှတ်သုံးစောင်ရရှိထားခဲ့ကြောင်း ပြောလိုက်သည်။

"ဒါဆိုရင် ငါးနာရီလောက် ကိုစန်းမောင် ကားစီစဉ်ပေးလေ ထမင်းကို တော်ကြာနေရင် စားလိုက်ကြတာပေါ့ ... ရတဲ့ ရထားနဲ့ပဲ သွားမယ် ... မန္တလေးမှာ ရက်ကြာနေရင် ကိုစန်းမောင်လည်း တာဝန်ကြီးပါတယ် ... နဒီတို့က တဆောင်တယောင်ဖြစ်နေတာ မဟုတ်လား"

"ကိုစန်းမောင်အတွက်တော့ အားနာစရာမရှိပါဘူး နဒီ ... နဒီတို့ လာပါစေတောင် မျှော်နေမိတာပါ ... တစ်ခါတစ်ခါ





တော့လည်း မန္တလေးမှာ နေရတာ တစ်ယောက်တည်းဆိုတော့ ပျင်းတောင်လာမိတယ်"

ကိုစန်းမောင်က နဒီအား ပြောလိုက်ပါ၏။

နဒီ တိုက်အပေါ်ထပ်ပြန်တက်သွားသည်။ ဦးပါပကြီး လှဲလျောင်းနေခိုက်တွင် နေရဲ ရေမိုးချိုးသန့်စင်လိုက်သည်။ ငါးရှဉ့်သွေးရောင် ဘယ်ကီဘောင်းဘီရှည်နှင့် ခဲရောင်ရှပ်အင်္ကျီတို့ကို ဝတ်ဆင်လိုက်သည်။

ကိုစန်းမောင် တိုက်အတွင်းမှ ထွက်သွားသည်။ ပြန်ရောက်လာခဲ့ပြီး ထမင်းပွဲ စီစဉ်ပေးသည်။ နဒီဝတ်စားဆင်ယင်ပြီး တိုက်အပေါ်ထပ်မှ ဆင်းလာခဲ့ပါလေသည်။

ခရီးထွက်ရမည်မို့လားမသိ။ နဒီသည် မိုးပြာရောင်ဂျင်းရှပ်အင်္ကျီ၊ မိုးပြာရောင် ဂျင်းပင်(န်)ကို ဝတ်ထားခဲ့ပါ၏။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သူမို့ ဘယ်လိုဝတ်ထားထား နဒီမာယာ အလှမှာ ပေါ်လွင်လေပါ၏။

တစ်ခဏတော့ နေရဲ ငေးကြည့်မိသည်။ နေရဲမှမဟုတ်၊ ဘယ်ယောကျ်ားသားမဆို အဖုအထစ်အမို့အမောက် အလှအပလေးတွေ မြင်လျှင် ကြည့်မိကြမှာပဲ ဖြစ်ပါလေ၏။

နဒီက ဘာမှတော့ မပြော။ သူမမျက်နှာလေး ရှက်

သွေးတော့ ဖြတ်သန်းသွားသည်။ ပန်းနုသွေးရောင်မျက်နှာကလေး အဖြစ် တစ်ခဏတော့ ပြောင်းလဲသွားသည်။

သူမ မသိချင်ယောင်ဆောင်သွားခဲ့သည်။ မိန်းကလေးအတော်များများသည် သူမတို့ မနှစ်မြို့က်လေလျှင် စေ့စေ့မျှပင် အကြည့်မခံတတ်။ ကျေနပ်လေလျှင်တော့ ရှက်သွေးရဲ့ မျက်နှာကလေးဖြင့် ကြည့်မည်။ မဟန့်တားလေပဲ ရမယ်ရှာကာ ဟိုပြော ဒီပြော ပြောလေမည်။

ထိုသို့မှ စကားမပြောချင်ပါလျှင် မသိချင်ယောင်ဆောင်နေလိမ့်မည်သာတည်း။

ဦးပါပကြီး ရောက်လာသည်။ နေရဲနှင့် နဒီကို ထမင်းစားရန် ပြောလာခဲ့သည်။ ထမင်းစားခန်းထဲတွင် ဝိုင်းဖွဲ့စားသောက်လိုက်သည်။ ဒီတစ်ခါတော့ နဒီသည် ဦးပါပကြီးကို အရင် ဟင်းကို စတိထည့်ပေးသည်။ ပြီးတော့ နေရဲကို ဆိတ်သားဟင်းတွေ တစ်ပုံတစ်ပင်ကြီးထည့်ပေးပါလေ၏။

ပဲကြီးကို ဆီအိအိလေးနှပ်ထားသည်။ စွန်တန်ဟင်းချိုကို ဂျင်းပါးပါးထည့်ကာ ရောက်ရည်ညှစ်ပေးထားသည်။ ဟင်းချိုထဲတွင်လည်း ငရုတ်သီးအစိမ်းကို လေးစိတ်ခွဲထည့်ထားပါလေ၏။

ထမင်းစားခန်းထဲမှ အထွက်တွင် ခြံထဲသို့ တိုယိုတာ





ကရောင်းဆလွန်းကားတစ်စီးဝင်လာသည်။ တိုက်၏ ပေါ်တီကိုရှေ့တွင် ထိုးရပ်သွားသည်။ ကိုစန်းမောင်နှင့်အတူ အသားညိုညိုဝိန်ဝိန်ပါးပါးကတုံးဆံတောက်နှင့် လူတစ်ဦးဆင်းလာသည်။ အရပ်မြင့်သည်။

နဒီက လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ကိုခင်မောင်အေးပါလား ... ဒီနေ့ ကျောက်ဝိုင်းမဆင်းဘူးနဲ့ တူတယ်"

"ဆင်းတာပေါ့ဗျာ ... ကျောက်သမား ကျောက်ဝိုင်းမဆင်းလို့ ဖြစ်မလား ... အနိမ့်ဝိုင်းလည်း ဆင်း အမြင့်ဝိုင်းလည်း တက်ရတာပေါ့ ... ဒါမှ အောင်ကျောက်ကလေး ရတတ်တာ မဟုတ်လား ... အဲဒါကို ကိုစန်းမောင်ရောက်လာပြီး နဒီတို့အတွက် ချောဆွဲတာနဲ့ ပါလာတာ"

"ကျေးဇူးတင်ပါတယ် ကိုခင်မောင်လေး ... နဒီတို့ မနွလေးကို တစ်ခါတလေမှ ရောက်တာပါနော် ... ကိုခင်မောင်အေး မပို့ချင်ရင်လည်း နေပေါ့"

နဒီက မျက်စောင်းလေးဝဲ၍ ထိုးကာ ပြောလိုက်ပါ၏။

"ဟောဗျာ ... ဘယ်သူက မပို့ချင်ဘူးပြောလို့လဲ ... ဒီက

မပို့ချင်ရင် လိုက်တောင်မလာပါဘူးဗျာ ... ကဲ အချိန်မရှိဘူး သွားကြရအောင်"

နေရဲနှင့် ဦးပါပတို့ အပေါ်ထပ်သို့ တက်လိုက်ကြသည်။ နဒီမာယာက နောက်မှ တက်လိုက်လာခဲ့သည်။ နဒီမာယာက သားရေလက်ဆွဲသေတ္တာကို ဆွဲ၍ဆင်းသည်။ ဘေးလွယ်အိတ်ကလေးတစ်လုံးသာ လွယ်ထားသော နေရဲက နဒီအား လှမ်း၍ပြောလိုက်၏။

"ပေးလေ နဒီ ... ကိုယ်ဆွဲပေးသွားမယ်"

"နေပါစေ နေရဲရာ ... အထဲမှာက စကတ်တွေရော ဘောင်းဘီတွေပါ ပါနေတော့ မကောင်းဘူးလေ"

"ရပါတယ်လေ ... သေတ္တာကို ကိုယ်လက်နဲ့ ဆွဲမှာပဲ ပခုံးနဲ့ ထမ်းမှာမှ မဟုတ်တာ"

ပြောလည်းပြော နေရဲက နဒီလက်အတွင်းမှ သေတ္တာကို ဆွဲယူလိုက်ပါလေ၏။ အားတုံ့အားနာဖြင့် နဒီလွှတ်ပေးလိုက်ရသည်။ ကျေးဇူးတင်ခြင်းမကသော အကြည့်ကလေးဖြင့် နဒီမာယာ ကြည့်ပါလေသည်။ ဦးပါပကြီးက ရှေ့မှ ဘေးအိတ်တစ်လုံး လွဲကာ ခပ်သုတ်သုတ်ဆင်းပါလေသည်။

အောက်ရောက်တော့ ကားပေါ်သို့ သူတို့အားလုံး





တက်လိုက်ကြပါ၏။ နန်းရှေ့ရပ်ကွက်ခြံအတွင်းမှ တိုယိုတာကရောင်းကားကလေးက ထွက်ခွာသွားခဲ့ပါလေသည်။

မန္တလေးဘူတာရောက်တော့ လူတစ်ဦးက ဦးပါပအား လက်မှတ်သုံးစောင်လာပေးသွားခဲ့သည်။ ကိုခင်မောင်အေးက ဘူတာရုံရှေ့မှပင် လက်ပြနှုတ်ဆက်ပြီး ထွက်ခွာသွားပါ၏။

ရထားထွက်ချိန်နီးပြီဖြစ်၍ ဘူတာရုံတွင် ခရီးသည်များက လှုပ်လှုပ်ရှရှဖြစ်နေကြပြီ။

"ရထားထွက်ချိန်နီးပြီ နဒီ ... ဦးပါပတို့ သွားကြစို့"

ဦးပါပနောက်မှ နေရဲသည် လက်ဆွဲသေတ္တာကို ဆွဲကာ လိုက်ခဲ့သည်။ ဘေးမှ နဒီယှဉ်ကာ လျှောက်၍ လိုက်ပါခဲ့သည်။

ဦးပါပက အထက်တန်းတွဲရှိရာသို့ လျှောက်နေခဲ့သည်။

အထက်တန်းတွဲပေါ်သို့ တက်လိုက်ကြသည်။

အထက်တန်းတွဲ၏ ညာဘက်အခြမ်းတွင် နေရဲတို့လူစုထိုင်ကြရသည်။ တွဲအလယ်မှ နေရာရသည်။

"ဦးပါပနဲ့ နေရဲက ပြတင်းပေါက်ဘေးမှာ ထိုင်ကြလေ ... နဒီက ဘေးကပဲ ထိုင်မယ်"

နဒီက ပြောရင်းမှ နှစ်ယောက်တွဲခုံ၏ ဘေးထိုင်ခုံတွင် ထိုင်လိုက်သည်။ နေရဲက လက်ဆွဲသေတ္တာကို ခရီးဆောင်အိတ်များ တင်သည့် စင်ပေါ်သို့ တင်လိုက်သည်။ ဦးပါပကြီးက နဒီဘေးတွင် မထိုင်ပဲ မျက်စောင်းထိုးခုံတွင် ထိုင်ပါ၏။

ဒီတော့။





လွတ်နေသော ပြတင်းပေါက်ဘေးကပ်သည့်ခုံမှာ နေရဲ ဝင်ထိုင်ရပါလေသည်။ လျှပ်စစ်မီးရောင်တို့ လင်းလက်စပြုလာခဲ့သည်။

ရထားက ထိုင်ပြီး၍မှ မကြာတတ်သေး ခုတ်မောင်းတော့၏။ မြစ်ကြီးနား မန္တလေးရထားက ခုတ်မောင်းခဲ့ပါလေသည်။

အထက်တန်းတွဲမို့ ခရီးသည်အပြည့် ခုံအပြည့်ရှိသော်လည်း သက်သောင့်သက်သာ ရှိပါလေ၏။

ရွှေဘိုရောက်တော့ မိုးချုပ်နေခဲ့လေပြီ။

"နေရဲ သတိထားနော် ... လမ်းမှာ အလစ်သမားတွေ တက်လာပြီး အလစ်ခွဲတတ်ကြတယ် ... သတိတစ်ချက်လစ်တာနဲ့ ပစ္စည်းပါပြီမှတ်"

"အဲဒီလောက်အထိ အတင့်ရဲတတ်ကြသလား နဒီ ... တို့လည်း ရထားနဲ့ ခရီးထွက်ဖူးပါတယ်"

နေရဲက နဒီအား စောင်းငဲ့ကြည့်၍ပြောသည်။ နဒီ ပြုံးပါလေသည်။ အပြုံးက သရော်ပြုံးကလေးပဲဖြစ်သည်။

"မယုံရင် စောင့်ကြည့်လေ ... နဒီလည်း အိပ်မှာတော့ မဟုတ်ပါဘူး ... ဒီလမ်းတွေကို အခေါက်ခေါက်အခါခါ သွား

ဖူးနေလို့ နှဒီက သတိပေးတာ"

ဦးပါပ၏ အကြည့်က နေရဲနှင့် နဒီတို့အား ငေးကြည့်လာပါလေသည်။ ဘာမှတော့ ဝင်မပြောပါ။

ဖွင့်ထားသော ပြတင်းတံခါးမှ လေက တဟူးဟူး ဝင်နေခဲ့သည်။ လေပူများရောယှက်နေပါ၏။ တွဲအတွင်း မီးရောင်ရှိနေသော်လည်း အချို့မီးများ ပျက်နေ၍ အလင်းအားက မစူးရှလှ။

ရွှေဘိုမြို့စွန်အရောက်တွင်ပင် နေရဲလက်စွမ်းပြရတော့၏။ တွဲခေါင်မိုးပေါ်မှ လက်တစ်ဖက် လှစ်ခနဲ ကျလာသည်။

နေရဲ ဖျတ်ခနဲ ထကာ ဘယ်လက်ဖြင့် ခပ်ဆတ်ဆတ် ရိုက်ပစ်လိုက်သည်။ နာကျင်စွာ ညည်းသံခပ်အုပ်အုပ် ကြားလိုက်ရပြီးနောက် လက်တစ်ဖက်ရိုပ်ခနဲ ပျောက်သွားပါလေသည်။ ဦးပါပကြီးကို ကြည့်သည်။ ဆန်ကုန်လူထွားကြီး အိပ်ငိုက်နေပါ၏။ နဘေးမှ နဒီကို ကြည့်သည် မထူးပါလေ။ နဒီသည်လည်း အိပ်ငိုက်နေရှာနေပါလေ၏။

နဒီကို ကြည့်ပြီး နေရဲ ပြုံးမိတော့သည်။

မီးရထားကြီးက ခုတ်မောင်းနေခဲ့ပါလေသည်။ လမ်းဘေးဝဲယာမှ မီးရောင်ကလေးများကိုကြည့်ရင်း တောင်ငူမှ





ဘိုက်ကြီးကို လွမ်းဆွတ်မိပါ၏။

တစ်ညတာလုံး နေရဲ မပျော်တစ်ခိုက် ပျော်တစ်ခိုက်ဖြင့် ရထားစီးနင်းလိုက်ပါလာခဲ့သည်။

နဒီနှင့် ဦးပါပတို့မှာ စိတ်ချလက်ချပင်အိပ်စက်လာခဲ့ကြပါ၏။

နဘားဘူတာသည် ကသာသို့ လမ်းခွဲရာ ဘူတာပဲ ဖြစ်ပါ၏။

နဘားဘူတာတွင် အဆင်းအတက်များသည်။ နဘား အရောက်တွင် ဦးပါပရော နဒီပါ နိုးလာကြသည်။

ရေဝယ်ကာ မျက်နှာသစ် သန့်စင်ကြသည်။

"ဗိုက်ဆာလိုက်တာ နေရဲ့ရာ ... တစ်ခုခု ဆင်းဝယ်လိုက်ပါလား"

နဒီက နေရဲကို မျက်နှာကလေး ရှုံ့မဲ့ကာ အပူကပ်ဟန်ဖြင့် ပြောပါလေသည်။ နေရဲ ဖျတ်လပ်စွာပင် ဆင်းရန်ပြင်သည်။

ဦးပါပက ဟန့်တားလာပါ၏။

"နေနေ မောင်ရင်ကလေး ... ဦးပါပဲ ဆင်းဝယ်လိုက်မယ်"





ဦးပါပသည် ခန္ဓာကိုယ်နှင့် မလိုက်ဘက်စွာ ပြတင်းဘံခါးပေါက်မှ ခုန်ကျော်ဆင်းသွားသည်။

ခဏအကြာတွင် ဦးပါပ ပြန်ရောက်လာသည်။ ရထားစီးခရီးသည်များအား ရောင်းချနေသော ဈေးသည်တို့၏ အသံက ညံစီနေပါလေသည်။ နံနက်ခင်းနှင့် လိုက်ဖက်လှသော ခရီးသွားသံစဉ်တေးသွားပဲ ဖြစ်သည်။ ဘယ်သောအခါ ကာလမျှ ရှိုးနိုင်မည်မထင်ပါလေ။

ဦးပါပ လက်ထဲမှ ကြွပ်ကြွပ်ပလတ်စတစ်အိတ်ကလေးသုံးအိတ်နှင့် ရေသန့်ဘူးတစ်ဘူးကို နေရဲ လှမ်းယူသည်။

ရထားက ထွက်စပြုနေသော်လည်း ပြတင်းပေါက်မှပင် ဦးပါပတွဲပေါ်သို့ တက်လာခဲ့ပါလေသည်။

ရေသန့်ဘူးအတွင်းမှ လက်ဖက်ရည်ခပ်နွေးနွေး အပြည့်ပါလာသည်။ ပလတ်စတစ်အိတ်ထဲမှာ ပလာတာနှင့် မပေါင်းပြုတ်တွေပါလာသည်။

တစ်ယောက်တစ်ထုပ်စားလိုက်ကြသည်။ ဆီအိနေသော ပဲပြုတ်နှင့် ပလာတာမှာ စား၍ကောင်းလှပါလေသည်။ ပြီးတော့ လက်ဖက်ရည်ကို ဦးပါပကြီးက သူ၏ ဘေးအိတ်ထဲမှ ပလတ်စတစ်ရေခွက်နှင့် ထည့်တိုက်ပါ၏။

နို့ပေါသော အရပ်မို့ လက်ဖက်ခြောက်အရသာ မပေါ်သော်လည်း သောက်၍ ကောင်းသည်။

"ဒါ နဘားဘူတာလေ နေရဲ ... ဒီမှာ ကသာနဲ့ မြစ်ကြီးနား လမ်းခွဲတာပေါ့ ... ဘာပဲဖြစ်ဖြစ် မနောမြေကို နေရဲ နင်းရ တော့မယ်နော်"

မိန်းမသားသည် မိန်းမသားပဲ ဖြစ်ပါလေသည်။ နဒီ မာယာသည် မိန်းမကြမ်းလေးတစ်ဦးမှန်သော်လည်း မိန်းမတစ် ယောက်၏ သဘာဝတရားအလှကို ကြည့်တတ်သည်ပဲ ဖြစ်ပါ၏။

မီးရထားက ဆက်လက်ခုတ်မောင်းပါလေသည်။ ဈေးသည်ကလေးများ၏ အသံက ဝေး၍ ကျန်ရစ်ခဲ့သည်။ လူ အတော်များများသည် ဝမ်းဝလျှင် ငိုက်မြည်းတတ်ပါလေသည်။

ဦးပါပကြီးရော နဒီပါ အိပ်ငိုက်ကြပြန်ပါ၏။

နဘားမှ ထွက်ခွာလာခဲ့ပြီးနောက် ပင်ငယ်အရောက် တွင် နဒီ၏ ကိုယ်ကလေးက နေရဲဘက်သို့ ယိမ်းယိုင်လာပါလေ သည်။

နေရဲ ဘာလုပ်ရမည်နည်း။ တွန်းဖယ်၍လည်း မကောင်းပြန်။ ဒီအတိုင်းပဲ နေလိုက်တာပဲ အကောင်းဆုံးဖြစ်ပေ လိမ့်မည်။





နဒီသည် နေရဲ၏ ပုခုံးကလေးကို မှီပြီး မေးတင်ကာ အိပ်စက်နေပါလေသည်။ သူမ ဝင်သက်ထွက်သက်ကို နေရဲ ကြားနေရသည်။ ကိုယ်သင်းနံ့မွှေးမွှေးကို နေရဲ ရှူရှိုက်နေရပါလေ၏။

ငယ်စဥ်ကပင် စပြီး တက္ကသိုလ်ရောက်သည့်အထိ ချစ်သူရည်းစားမရှိခဲ့ပါလေသော နေရဲ စိတ်တွေ ကယိုင်းကယိုင် ဖြစ်လာတော့သည်။

ပင်ငယ်ကျော်ဖြတ်ပြီးနောက် မော်လူး၊ နန့်စီး အောင်သို့ ရောက်ပါလေသည်။ နန့်စီးအောင်ဘူတာသည် စစ်ကိုင်း တိုင်း၏ နောက်ဆုံးဘူတာပဲ ဖြစ်ပါလေတော့သည်။

နန့်စီးအောင်ဘူတာအနီးရှိ နန့်စီးအောင်ချောင်းကို စည်းကာ၍ ဤမှာဘက်သည် စစ်ကိုင်းတိုင်း၊ ဟိုမှာဘက်သည် ကချင်ပြည်နယ်ပဲ ဖြစ်ပါ၏။

နန့်စီးအောင်မှ ရထားသည် ဆက်လက်ခုတ်မောင်း တော့သည်။

ဦးပါပကြီးရော နဒီပါ နိုးလာခဲ့ပါလေသည်။ နဒီ သည် သူမ၏ မျက်ခြင်းနှစ်မျိုးအနက် ငိုက်မရှက်ဟူသော အဖြစ်ကို သတိထားမိဟန်တူသည်။ မျက်နှာလေးက ပန်းနုရောင်ပြေးနေပါ လေ၏။

မော်ဟန်သို့ ရောက်လျှင်ပင် ကချင်ပြည်နယ်၏ သဘာဝအလှအပများကို မြင်တွေ့ရပါလေပြီ။

မြူနှိုးဝေနေသော တောင်တန်းများနှင့် ထူထပ်သော အမြဲစိမ်းတောများက လိုက်ဘက်ညီစွာ လှပပါ၏။

တောင်နိုးတွေက ဘယ်နေရာကြည့်ကြည့် ဝေနေပါလေသည်။ မြန်မာနိုင်ငံ၏ ဘယ်သောအခါမှ မရိုးနိုင်ပါလေသော သဘာဝရှုခင်းပန်းချီကားများပဲ ဖြစ်ပါ၏။

မနက်စာကို ဘူတာအစဉ်အဆက်လိုက်ရောင်းသော ထမင်းသည်များဆီမှပင် ဝယ်စားလိုက်ကြသည်။

မိုးညှင်း၊ နဘား၊ ဟိုပင်၊ တောင်နီ၊ ဆားမှော်၊ မိုးကောင်းကို ကျော်ဖြတ်ခဲ့သည်။

နေသည် နရာမှ ရင့်၊ ရင့်ရာမှ ကွယ်ပျောက်လုနီးပါး ရှိနေခဲ့ပါ၏။

မကြာမီ မြစ်ကြီးနားဘူတာသို့ ရောက်ရှိလေတော့မည်။

"နေရဲရေ သေတ္တာချထားလိုက်တော့လေ ... မြစ်ကြီးနားဘူတာ ဝင်တော့မယ်"

နေရဲ ခေါင်းညိတ်ပြလိုက်သည်။ ထုံးစံအတိုင်း





လူတွေက ရုံးစုရုံးစု ဖြစ်နေကြပြီ။ မြစ်ကြီးနားရောက်ပြီဆို၍လားမသိ။ နဒီသည် သမင်ပျိုမလေးတစ်ကောင်လို ဖျတ်လတ်လွန်းနေပါ၏။

နေရဲ စင်ပေါ်မှ သေတ္တာကို ချလိုက်သည်။

ဦးပါပကြီးက ထိုင်ရာမှ မထသေးပေ။ ခါးမှ ဖုန်းကို ဖြုတ်၍ နဒီဆက်ပါလေသည်။ မှောင်စပျိုးနေခဲ့ပြီ။

"ရောက်ပြီ ဖေဖေ ... စောင့်နေမယ်လေ"

"ဟုတ် ... ဟုတ်"

ဖုန်းကို ပိတ်၍ ခါး၌နဒီ ပြန်ချိတ်လိုက်သည်။

ရထားက အရှိန်လျော့နေခဲ့ပြီ။ တစ်လမ်းလုံး ဝန်ဆောင်မှုပေးခဲ့သော ရထားကြီး၏ စက်သံက ရပ်တန့်သွားပါလေပြီတည်း။

## ၅

ဘူတာရုံသို့ လာကြိုသော လင့်ရိဘာငါးချိတ်ကားကြီးသည် မြစ်ကြီးနား စီဟာမူရပ်မှ ခြံဝန်းကျယ်ကြီးတစ်ခြံအတွင်းသို့ ဝင်ရောက်ခဲ့ပါလေသည်။

ပေါ်တီကိုအောက်တွင် လင့်ရိဘာကားက ထိုးရပ်သွားပါလေသည်။ ယာဉ်မောင်းသူက ကားပေါ်မှ ဆင်းကာ ရှေ့ခန်းတံခါးကို တရိုတသေပင် ဖွင့်ပေးသည်။ တုတ်ခိုင်သော လူငယ်တစ်ဦးဖြစ်၍ စကားဝဲသည်။ တိုင်းရင်းသားလူမျိုးတစ်ဦးဦးတော့ ဖြစ်ပေမည်ဟု နေရဲထင်သည်။

"ဘာခိုင်းဦးမလဲ မမနုဒီ ... ဇော်လ ကားသိမ်းဦးမယ်"

"ဒါဆိုရင် ဇော်လရေ... မင်းကားသိမ်းပြီးရင် ကိုဆက်အောင်





ကိုပါ သွားခေါ်လိုက်ပါလား ... ရန်ကုန်က ဧည့်သည်တစ်ယောက်ပါလာတော့ မိတ်ဆက်ပေးချင်လို့"

"ဟုတ် ... မမနုဒီ"

ဇော်လက ပြောအပြီး ကားပေါ်သို့ ပြန်တက်ခဲ့သည်။

ကားနောက်ခန်းမှ ဦးပါပနှင့် နေရဲတို့ ဆင်းလိုက်ကြသည်။

"ပေး ပေး နေရဲ ... တို့ဘာသာတို့ပဲ သေတ္တာသယ်သွားတော့မယ်"

နေရဲလက်အတွင်းမှ သေတ္တာကို နုဒီ ယူပြီး တိုက်တံခါးမရှေ့သို့ ရပ်လိုက်သည်။ ဇော်လက ကားကို ပေါ်တီကိုအောက်မှ မောင်းထွက်သွား၏။ တိုက်ကြီး၏ အပြင်ဘက်ကို နေရဲ အကဲခတ်ကြည့်မိသည်။

တိုက်ကြီး၏ အပြင်ဘက်အပြင်အဆင်က အိုဟောင်းနေပါ၏။ အချို့နေရာများတွင် အင်္ဂတေများပင် ကွာကျနေခဲ့သည်။ တိုက်ကြီး၏ ပေါ်တီကိုအောက်နှင့် အဝင်လမ်းတစ်လျှောက်တွင် မွှန်းလိုက်မီးလုံးများ ထွန်းညှိထား၏။

တိုက်ကြီးမှာ ကိုလိုနီခေတ်လက်ကျန်တိုက်အိုကြီး

တစ်လုံးဖြစ်ဟန်တူသည်။ တိုက်ကြီး၏လက်ရာမှာ ဥရောပလက်ရာ ပဲဖြစ်သည်။

"လာလေ နေရဲ ... ဘာတွေရပ်ပြီး ကြည့်နေတာလဲ တိုက်ထဲဝင်ကြရအောင်"

နဒီက လက်တစ်ဖက်က သေတ္တာကို ဆွဲထားသည်။ လက်တစ်ဖက်က နေရဲ၏ လက်မောင်းကို ဆွဲ၍ခေါ်ပါ၏။ ဦးပါပကြီးက တိုက်အတွင်းသို့ ဝင်သွားခဲ့သည်။

တိုက်အတွင်းသို့ နေရဲနှင့် နဒီတို့ ဝင်ရောက်လိုက်ကြသည်။

"ပေး မမလေး ... ဆိုင်းဇီကိုပေးပါ"

နဒီမာယာ၏ လက်အတွင်းမှ သေတ္တာကို ဆိုင်းဇီဆိုသော မဖြူမညို အသက်ဆယ့်ရှစ်နှစ်ခန့် ခပ်တုတ်တုတ်ကောင်မလေးတစ်ဦးက လာရောက်ဆွဲယူသွားသည်။

"သူက ဆိုင်းဇီတဲ့ ... ကချင်မလေးတစ်ယောက်ပေါ့ ... ခုနက ဇော်လကလည်း ကချင်အမျိုးသားလေးတစ်ယောက်ပဲ ... ဆိုင်းဇီရော ဇော်လပါ ဖေဖေ့တပည့်တွေ လေ"

ညွှန်ခန်းသို့အဝင် နဒီက နေရဲကို မိတ်ဆက်ပြောပြခဲ့ပါလေ၏။





"လာလေ နဒီလေး ... အော် ... ဟိုတစ်ယောက်လည်း လာလေကွယ် ထိုင်ကြ"

အသားညိုညို မျက်နှာပေါ်တွင် ကျောက်ပေါက်ရာများ ခပ်သဲ့သဲ့ရှိသော အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ဦးက ဆိုဖာဆက်တီပေါ်မှ လှမ်းခေါ်ပါ၏။ ထိုလူကြီး၏ မျက်နှာကျပုံက မဆိုးလှပေ။ မသိသာလှသော ကျောက်ပေါက်ရာကလေးများ ရှိနေသည်မှအပ ခန့်ငြားသော အသွင်တော့ ရှိပါလေသည်။

မေးအောက်သို့ ဆိုက်ဆင်းနေသော မဟူရာရောင်နှုတ်ခမ်းမွေးနှစ်စက ထိုလူကြီး၏ ရုပ်ရည်ကို ခန့်ငြားစေရန် အထောက်အပံ့ပြုနေသယောင်ရှိသည်။ မျက်အိမ်ကျဉ်းပြီး စူးရှသော အကြည့်ရှိပါလေသည်။ မည်သည့်ကိစ္စမဆို စေ့စေ့စပ်စပ် ကြံစည်တတ်သော မျက်ဝန်းပိုင်ရှင်ပဲ ဖြစ်ပေလိမ့်မည်။

ထိုလူကြီး၏အကြည့်က စူးရှစွာ နေရဲထံသို့ ရောက်ရှိနေခဲ့သည်။ နဒီမာယာက နေရဲနှင့် မိတ်ဆက်ပေးခဲ့၏။

"ဖေဖေ ... ဒါ နေရဲတဲ့ ... သူ့အကြောင်း ဖုန်းထဲက နဒီပြောပြီးထားပြီမို့ ထပ်မပြောတော့ဘူးနော်"

"အေးပါကွယ် ... အပွေးမြင် အပင်သိနိုင်တာပဲ ... သမီးနဒီပြောထားတဲ့ မောင်နေရဲမှန်း ဝင်လာကတည်းက ဖေဖေ

သိနေပြီလေ ... သမီးကြိုပြောထားတာလည်း ပါတာပေါ့ ပြီးတော့ ဖေဖေ့ရဲ့ ဆဋ္ဌမအာရုံကပဲ နှိုးဆော်တယ်ထင်ပါရဲ့ မောင်နေရဲ့မှန်း တန်းသိနေတယ်လေ"

ပြုံးကာရယ်ကာဖြင့် နဒီ့ဖေဖေ ဦးကျော်အိုးက ပြောပါလေသည်။ ဦးပါပကြီးကိုတော့ နေရဲ မတွေ့ရပေ။ တိုက်အတွင်းသို့ ဆက်ဝင်သွားဟန်တူလေသည်။ နေရဲက ဧည့်ခန်းအတွင်းသို့ ဝေ့ဝဲကာ ကြည့်မိသည်။ သူ၏အထင်နှင့် အမြင်ကွာဟပါ၏။

နဒီတို့၏ တိုက်အိမ်ကြီးသည် အပြင်က အိုစာသယောင်ထင်ရသော်လည်း အတွင်းတွင် သန့်ပြန့်ခန့်ငြားလှပန်းသည်။ ကျွန်းကို အကွက်လည်အောင် ဖော်ကာ ခင်းထားပါ၏။

မေရီဗ္ဗွေဒကြာလေ ကျွန်းပျဉ်များသည် ပြောင်လက်လေပင်ထင်ရပါလေသည်။ မျက်နှာကျက်များနှင့် နံရံများမှာ ဖြူဖွေးဖွေးထုံးရောင်များပဲ ဖြစ်သည်။

ဦးပါပ အဝတ်အစားလဲပြီးသွားဟန်တူသည်။ အပေါ်မှ သိုးမွေးဆွယ်တာတစ်ထည် ဝတ်ဆင်ကာ အောက်တွင် တရုတ်ပြည်ထွက် ကြိုးရှုံ့ဥမ်းဘောင်းဘီရှည်တစ်ထည် ဝတ်ထား၏။

နေရဲသည် အေးစိမ့်စိမ့် ခံစားလာရပါလေသည်။

နဒီက အလိုက်သိစွာ လှမ်းကြည့်သည်။ ဦးကျောက်





အိုးနေရာမှ ထသည်။ ဦးကျောက်အိုးမှာ သိုးမွေးဆွယ်တာအပေါ်မှ ကုတ်အင်္ကျီနှင့် အောက်တွင် သိုးမွေးကြမ်းဘောင်းဘီရှည်ကြီး ဝတ်ထားလေသည်။

"ဖေဖေ ... နဒီတို့ အဝတ်လဲဦးမယ်"

"အော် အေးအေး ... မောင်နေရဲလည်း အဝတ်လဲပါစေကွယ် ပြီးရင် ထမင်းစားကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ ... နေရဲကို ဦးပါပဘေးက အခန်းမှာပဲ နေရာချပေးလိုက်ပါလားဟင်"

"မပူပါနဲ့ သမီးရယ် ... မောင်နေရဲပါလာမယ်ဆိုတာ သိလို့ ဆိုင်းဇီနဲ့ ဇော်လကို ပါပဘေးက အခန်းရှင်းခိုင်းထားပြီးသားပါ"

"အော် ... မောင်နေရဲ ... ဒီအချိန်ကျမှ ဒီဒေသမှာ ရေမိုးချိုးဖို့ဆိုတာ မတတ်နိုင်ဘူးလေ ... ပြည်မသားတွေအအေးဒဏ်ကို တော်ရုံခံစားနိုင်တာမှ မဟုတ်တာ ... ရာသီဥတုခြင်းက မတူဘူးလေကွယ် ... ကိုယ်လက်တော့ သန့်စင်ပေါ့ ... မြစ်ကြီးနားက အေးရင် ဘယ်သူ့မျက်နှာမှ မကြည့်တတ်ဘူး ဒီရက်ပိုင်းအတွင်း အအေးပေါ့လို့ တော်သေးသပေါ့"

နေရဲ ပြုံးလိုက်သည်။ အအေးဒဏ်က သိသာသည်။

"ဦးပြောမှ ငိုချင်လျက် လက်တို့သလိုဖြစ်နေပြီ ... နည်းနည်းအေးလာသလိုပဲ"

ဦးကျောက်အိုးရော နဒီပါ ပြုံးတော့သည်။

"ဒါအစရှိသေးတယ် မောင်ရင်လေး နေရဲ... ဆောင်းအကြိုလေ ... ကဲ ... ဦးပါပနဲ့ လိုက်ခဲ့"

"မောင်နေရဲရေ... ပါပနဲ့ လိုက်သွား ... မြစ်ကြီးနားဆောင်းက အပြောဆိုးတဲ့ ကောင်မလေးတစ်ယောက်လိုပဲကွယ့်"

ရယ်ကာ မောကာ ဦးကျောက်အိုးပြောလာသည်။ နေရဲပြုံးကာ ဦးပါပနှင့်အတူ ဧည့်ခန်းမှ ထွက်ခွာခဲ့ပါ၏။

အပြောဆိုးဆိုးကောင်မလေးလိုပင် ဆောင်းရာသီက အေးမြစပြုလာပါလေပြီ။





ကိုယ်လက်သန့်စင်ပြီးတော့ ဦးပါပက သူ့ဘေးအခန်းမှာ နေရာချပေးသည်။ ပြီးတော့ သိုးမွေးခေါင်းစွပ်၊ ဆွယ်တာ၊ ဂွမ်းကပ် ပါသော ဘောင်းဘီရှည်တို့ လာရောက်ပေးသည်။

တစ်ယောက်အိပ် ကျွန်းခုတင်လေးပေါ်တွင် ဖြူဖွေးသော ခေါင်းအုံး၊ ဖြူဖွေးဖွေးအခင်းနှင့် ဂွမ်းကပ်စောင်ကြီး တစ်ထည်ရှိနေပါလေသည်။ မွေ့ယာက တစ်ထွာခန့်ထူပေမည်။

ဦးပါပကြီး ပေးလာသော အဝတ်များကို နေရဲလဲလိုက်သည်။ ထိုစဉ်မှာပင် ဆိုင်းဇီ ရောက်လာပါ၏။

"ဟို အစ်ကိုလေးရော ... ဦးပါပပါ ထမင်းစားဖို့ ဆရာကြီးက ခေါ်ခိုင်းလိုက်ပါတယ်ရှင့်"

စကားသံဝဲဝဲလေးဖြင့် ကချင်မလေးဆိုင်းဇီက ပြောလာခဲ့သည်။ ဝဲတဲတဲအသံကလေးသည်ပင် မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့၏ ချစ်စရာကောင်းသော အမှုအရာကလေးပင်ဖြစ်ပါ၏။

ထမင်းစားခန်းသို့ နေရဲရော ဦးပါပကြီးပါ လျှောက်ခဲ့ကြသည်။ ထမင်းစားခန်းထဲတွင် နဒီမာယာ၊ ဦးကျော်အိုးတို့ ရောက်နှင့်နေကြသည်။ ကျွန်းစားပွဲ၏ထိပ်တွင် ဦးကျော်အိုး ထိုင်နေပါ၏။ နဘေးတွင် နဒီမာယာထိုင်သည်။

ကျွန်းစားပွဲလေးမှာ လေးထောင့်စားပွဲဖြစ်သည်။ ရှေးဆန်သည်။ ဥရောပလက်ရာမျိုးပဲဖြစ်သည်။ နံရံကပ်မီးလုံးကလေးများ ထွန်းညှိထားသည်။ စားပွဲပေါ်တွင် ဟင်းခွက်များက အငွေ့တထောင်းထောင်းထနေပါ၏။

ဦးကျော်အိုးက စတင်၍ ခူးခပ်စားသည်။

"စားဟေ့ မောင်နေရဲ ... မောင်နေရဲတို့ လာမယ့်ရက်ကို မှန်းပြီး ချက်ထားပြုတ်ထားခိုင်းတာ ... ဆတ်သားခြောက်ဆီဆမ်း ... ချေ(ဂျီ)သားဆီပြန် ... ကြာဆံဟင်းခါးပေါ့ကွယ်"

ဟင်းအမျိုးအမည်များကို ဦးကျော်အိုးက နေရဲအား ပြောပေသည်။ စား၍ကောင်းပါ၏။ နေရဲ ခေါင်းပင် မဖော်နိုင်။





ကြာဆံဟင်းခါးက ဤလိုအအေးဖွဲ့ဒေသရာသီနှင့် ကိုက်ညီပါပေသည်။ ချေ(ဂျီ)သားဟင်းကတော့ အသားအမြှင် အနည်းငယ်ကြီးသည်။ လတ်ဆတ်၍ ချိုပါ၏။ အနည်းငယ်တော့ ဖွယ်ပါ၏။

မြစ်ကြီးနားလို ဒေသမျိုးတွင် ဤလိုတောကောင်သားများမှာ အဆန်းတကြယ်မဟုတ်လေသော လျာရင်းမြက်စေသည့် ဒေသဟင်းလျာပဲဖြစ်ပါလေသည်။

"စားလို့ကောင်းရဲ့လား မောင်နေရဲ ... မြေပြန့်ဒေသတွေမှာတော့ စားရခဲတယ်လေ"

"ဟုတ်ကဲ့ ဦး ... ကျွန်တော်ကတော့ ဒီဟင်းမျိုးတွေကို စားလေ့စားထရှိခဲ့ပါတယ် ... ဒက်ဒီက နယ်စီးတောအုပ်ကြီးဘဝနဲ့ အမှုထမ်းခဲ့တာလေ ... တောကောင်သားစုံအောင် စားဖူးပါတယ်"

ဦးကျော်အိုး ခေါင်းတဆတ်ဆတ်ညိတ်သည်။

စားသောက်ပြီးစီးသွားကြတော့ တိုက်ကြီး၏ မီးလင်းဖိုရှိရာသို့ ရောက်ရှိသွားခဲ့ကြပါ၏။ ဧည့်ခန်းမှအထွက် အခန်းကျယ်တစ်ခုထဲတွင် ထားရှိခြင်းပဲဖြစ်သည်။ မိသားစု စုဝေးရာနေရာတစ်ခုဖြစ်ဟန်တူသည်။

စားပွဲရှည်တစ်ခုထားကာ မီးလင်းဖိုနှင့် မနီးမဝေး တွင် ဖိုဖါဆက်တီများဖြင့် ဝိုင်းဖွဲ့ခင်းထားသည်။ မီးလင်းဖို၏ မီး အရှိန်ကြောင်း အခန်းတွင်းနွေးထွေးနေခဲ့ပါလေသည်။

ဦးကျော်အိုးနှင့် နဒီတို့ ဘေးချင်းကပ်ထိုင်သည်။ ဦးပါပက စားပွဲ၏ ညာဘက်တွင် ထိုင်ပါ၏။ မျက်နှာချင်းဆိုင်တွင် နေရဲထိုင်လိုက်သည်။ နေရဲဘေးတွင် လွတ်နေသည်။ စားပွဲ၏ ဘယ်ဖက်ထိပ်တွင်လည်း လွတ်နေသေးသည်။

"သိမ့်သိမ့်နဲ့ အန်တီစော စတွေ့ပါလား ဖေဖေ ... မရှိကြ ဘူးလား ... နေရဲတို့ သောက်ဖို့ စားဖို့ တစ်ခုခုစီစဉ်ဦးမှ ဖြစ်မယ်ရွှေ"

"မရွှေစောရော သိမ့်သိမ့်ရော အပေါ်ထပ်မှာ အခန်းအောင်း နေကြမှာပေါ့ ... မရွှေစောကတော့ ခုတလော ဂေါက်ရော ဂါ ပြန်ထနေတယ်လေ ... အိပ်ရာကတောင် ထနိုင်တာ သုံးလေးရက်ပဲ ရှိလိမ့်ဦးမယ် ထင်တယ်"

ဦးကျော်အိုးက နဒီကို လှမ်း၍ ပြောလိုက်သည်။

ခါးမှာ ချိတ်ထားသည့် ဖုန်းကို နဒီဖြုတ်ယူလိုက် သည်။

နဒီဖုန်းခေါ်လိုက်ပါ၏။ ဖုန်းကို နဒီ နားထောင်





လိုက်သည်။

"ငါပါ သိမ့်သိမ့် ... နဒီ ခေါ်နေတာပါ"

"အောက်ထပ်အခန်းမှာ ငါတို့အလုပ်ကိစ္စပြောကြမလို့ ဧည့်သည်လည်း ရှိတယ် ... ကော်ဖီ မုန့်နဲ့ ဖခါးရည် ပို့ပေးပါ လား"

ဖုန်းနားထောင်ရင်း နဒီမျက်နှာကလေး နီမြန်းလာ ခဲ့သည်။

"ခဏကလေး အချိန်ပေးရတာပဲ သိမ့်သိမ့်ရယ် ... ဒါတော့ နင် ကပ်တာပဲ"

"အေး ဟုတ်တယ် ... နင့်ကို ငါ အကြီးတစ်ယောက် အနေနဲ့ ပြောတာ"

ဖုန်းကို ပြန်ပိတ်လိုက်ပြီး ခါးမှာ နဒီချိတ်လိုက်သည်။

သူမ၏ မျက်နှာက နီမြန်းဆဲရှိသေးသည်။

"ဘာဖြစ်တာလဲ နဒီ ... သိမ့်သိမ့် ဘာပြောလို့လဲ"

ဦးကျော်အိုးက မေးလိုက်သည်။ နဒီက ပြန်ပြော သည်။

"အန်တီစော အနားမှာ သူရှိနေဖို့ လိုတယ်တဲ့ ... အဲဒါ ကြောင့် သူလုပ်ပေးဖို့ အချိန်မပေးနိုင်ဘူးလို့ ပြောတယ်

ဖေဖေ ... အဲဒါကြောင့် နဒီက နင့်ကပ်တာပဲ မရဘူး ငါက နင့်ကို အကြီးတစ်ယောက်အနေနဲ့ ပြောတယ်ဆိုမှ ငြိမ်သွား တာ ... ဒီကောင်မလေး သိပ်ဇောင်းထလွန်းတယ်"

ဦးပါပကြီး ငြိမ်နေသည်။ နေရဲသည် နဒီတို့တွင် မိသားစုပဋိပက္ခတစ်ခုတော့ ရှိလိမ့်မည်ကို ခန့်မှန်းမိလိုက်သည်။

ဦးကျောက်အိုးခဏတော့ ငြိမ်နေသေးသည်။ ပြီးမှ

"ဘာပဲဖြစ်ဖြစ် နဒီအနေနဲ့ အလျှော့ပေးလိုက်ပါဦးကွယ် ... အချိန်တန်တော့လဲ ... "

ဦးကျောက်အိုးက စကားဖြတ်လိုက်တော့သည်။

အခန်းကျယ်ကြီးအတွင်းသို့ လှမ်းဝင်လာသော မိန်းမလှကလေးတစ်ဦးကို နေရဲ တွေ့လိုက်ရသည်။ သူမလက်ထဲ တွင် ကရားတစ်ကရား ပါလာသည်။ မုန့်ပန်းကန်တစ်ချပ်နှင့် အချို ပန်းကန်ပြား ပန်းကန်လုံး ငါးလုံး ပါလာသည်။

ဆံပင်ကို တူးစတက်ညှပ်ထားသည်။ သူမမျက်နှာ လုံးလုံးကလေးနှင့် ကြည့်ကောင်းလှသည်။

နှာတံအကျနှင့် မျက်ဝန်းအိမ်တည်ဆောက်ပုံ လိုက်ဘက်လွန်းသည်။ မျက်ခုံးမွေးနက်မှောင်ပြီး မထူးမပါး ရှိကာ အဖျားကလေးများ ကော့နေ၏။ အရပ်က အတော်ပဲ မြင့်မားပါလေ





၏။ အနည်းဆုံး ငါးပေခွဲ ဒါမှမဟုတ် ခြောက်လက်မခန့် ရှိလေမည်။

ပါးလှပ်လှပ် နှုတ်ခမ်းနှစ်လွှာက ပြုံးမယောင်ရှိ သည်။ ကော့ညွတ်နေသော မျက်တောင်ကော့များအောက်မှ မျက်ဝန်းနက်တစ်စုံ အရည်လဲ့လဲ့ရှိသည်။ ဂျင်းရှပ်ပါးပါးလေးတစ် ထည်ဝတ်ထားပြီး ကိုယ်လုံးကျပ် ဖွမ်းဘောင်းဘီရှည်အပျော့စားကို ဝတ်ထားပါလေသည်။

ပြည့်တင်းသော ပေါင်တံအလှနှင့် သေးကျင်သော ခါးအလှတို့ ပေါ်လွင်နေပါ၏။

သူမက စားပွဲပေါ်သို့ လင်ဗန်းချပေးပြီးလှည့်ထွက် သည်။

"နေဦး သိမ့်သိမ့် ... တစ်ခါတည်း ငါတို့ သောက်တာကို စောင့်သိမ်းသွားဦးလေ"

နဒီက သိမ့်သိမ့်ကို ပြောလိုက်သည်။

"မစောင့်နိုင်ဘူး မမနဒီ ... ဆိုင်းဇီကို သိမ့်လွှတ်လိုက်မယ်"

ပြောပြီးသည်နှင့် သိမ့်သိမ့်ဆိုသော ကောင်မလေး လှလှသည် ကျောခိုင်းလှည့်ထွက်တော့သည်။

ပြေပြစ်သော ကျောအလှ၊ ကျင်သော ခါးသေးသေး နှင့် တင်းတင်းမို့မို့ရှိသော တင်သားအလှက သိမ့်သိမ့်၏ ခန္ဓာကိုယ်

နောက်ပိုင်းအလှကို ထင်ရှားစေပါ၏။

နဒီသည် သိမ့်သိမ့်ကို မကျေနပ်သော အကြည့်ဖြင့် လှမ်းကြည့်တော့သည်။

ထိုစဉ်မှာပင် … အခန်းတွင်းသို့ အနောက်တိုင်း ဝတ်စုံဝတ် အမျိုးသားတစ်ဦးဝင်ရောက်လာခဲ့သည်။ နဒီ ဘာမှ မပြောဖြစ်ပါလေတော့။ ထွက်ခွာသွားတော့ သိမ့်သိမ့်ကို ထိုသူက ငဲ့စောင်းကြည့်လေသေးသည်။

• "လာဟေ့ … မောင်မင်းထိုက်"

ဦးကျောက်အိုးက လှမ်းခေါ်လိုက်သည်။ လွတ်နေသော စားပွဲ၏ ညာယ်ဘက်ထိပ်ဆက်တီတွင် မင်းထိုက် ဝင်ထိုင်သည်။ နေရဲကို အကဲခတ်အကြည့်ဖြင့် ဝေ့ကြည့်လာသည်။

ဦးကျောက်အိုးက နေရဲနှင့် မင်းထိုက်ကို ဝေ့ကြည့်သည်။ ပြီးတော့ မိတ်ဆက်ပေးပါ၏။

"ဒါက မောင်နေရဲတဲ့လေ … နဒီတို့နဲ့ အတူပါလာတာ ဦးနဲ့ အတူ အလုပ်လုပ်ဖို့ ဆိုပါတော့"

မင်းထိုက်က ခေါင်းညိတ်သည်။ နေရဲထက် လေးငါး နှစ်တော့ ကြီးပေမည်။

"ဒါက ဦးတို့ရဲ့ နှစ်ခြိုက်ကျော်မှာနေတာလေ … အရင်က မိုင်း





အင်ဂျင်နီယာတစ်ဦးပေါ့ … အခုတော့ ဦးနဲ့အတူ အလုပ်တွဲ လုပ်နေတာလေ"

နေရဲပြုံး၍ ကြည့်လိုက်ပါလေသည်။ မင်းထိုက်က နေရဲကို ကြည့်လိုက်ပြီး …

"ကိုနေရဲက ကျောက်လုပ်ငန်းကို သိရော သိရဲ့လားဗျာ … ဒီဘက်က အစိမ်းကိုင်တာလေ … ကျောက်လောကမှာ အစိမ်းလောက် ခက်ခဲတာ မရှိဘူးဗျ"

"ကျွန်တော့်မိဘက ကျောက်မျက်ရတနာလုပ်ငန်းနဲ့ မျိုးရိုးနဲ့ ချီပြီးလုပ်ကိုင်စားလာတာပါ … အနည်းအကျဉ်းတော့ သိထားသင့်သလောက် သိတယ်ပေါ့ဗျာ … ကျောင်းပြီးတာက တော့ သစ်တောနဲ့ ဆိုပါတော့"

အထင်သေးဟန်ဖြင့် ကြည့်နေခဲ့ပါလေသော မင်းထိုက်ကို နေရဲ ရှင်းပြလိုက်ပါ၏။ ပို၍ ဆိုးတော့သည်။

"သစ်တောနဲ့ ပြီးတာဆိုတော့ သစ်အကြောင်းပဲ နားလည်မှာပေါ့နော် … သစ်အမျိုးအစားက ခွဲလို့ရတယ်လေဗျာ … သာမန်အရပ်သားတစ်ယောက်တောင် ကျွန်းနဲ့ ပျဉ်းကတိုးကို ခွဲခြားနိုင်တတ်ကြပါတယ် … ကျောက်စိမ်းကတော့ ယမ်း၊ မန်း၊ ရှင်းရွှေ၊ ခုန္နီ၊ မျိုး၊ အပွေး ဆိုပြီး အခွဲအသားဆိုတာ

မျိုး ရှိတယ်လေ ... ထင်သား မြင်သား အရတောင် ကျွမ်းကျင်ပါမှ ခွဲခြားနိုင်တာဗျ"

"အေးဗျာ ... အားတဲ့အခါ ကိုမင်းထိုက်ဆီမှာ လိပ်သဲကျောက်နဲ့ ဂဝ်ကျောက်ခွဲပုံကစပြီး သင်ယူချင်ပါသေးတယ် ကျွန်တော့်မာမီဘက်က မိုးကုတ်ဘက်က ကျောက်မျိုးရိုးလေ ... ကျောက်စိမ်းကိုင်တဲ့ ကျောက်သမားတွေကို မိုးကုတ်ရတနာမြေက အထင်မကြီးဘူးဗျ ... မိုးကုတ်တွင်းတွေမှာ ကျောက်တွင်းရှင် ကျောက်တူးသမားအပြန်အလှန် သစ္စာရှိကြတယ်လေ ... တစ်ဦးဦးသစ္စာမဲ့ရင် တွင်းမှာ အောင်ကျောက်မရတော့ဘဲ တွင်းကန်းတယ်လို့ ဆိုကြတယ် ... ကျောက်စိမ်းတွင်းတွေမှာတော့ တွင်းရှင်ရောကျင်းသားပါ လည်သူဖြတ်ခုတ်ကြတာလေ ... ဒါကြောင့် မိုးကုတ်ကျောက်သမားတွေက အစိမ်းသမားတွေဆို ဝေးဝေးက ရှောင်ကြတာ"

သာသာနှင့် နာနာကလေး နေရဲပြောထည့်လိုက်သည်။ မင်းထိုက် ပါးစပ်ပိတ်သွားသည်။ မျက်နှာထားက ပျက်သွားပါလေ၏။

အခြေအနေကို ဦးကျောက်အိုးက ဝင်ထိန်းသည်။





"ကဲ ... ကော်ဖီတွေ အေးသွားရင် သောက်လို့ မကောင်းဘူး သောက်ကြဦး ... မုန့်လည်း စားကြလေ"

နဒီက အားလုံးရှေ့သို့ လင်ဗန်းထဲမှ ကော်ဖီပန်းကန်များ ချပေးသည်။ မုန့်ပန်းကန်ချပေးသည်။

ကော်ဖီသောက် မုန့်စားလိုက်ကြသည်။

"မနက်ကျတော့ မောင်နေရဲရော မောင်မင်းထိုက်ပါ လိုက်ခဲ့ကြလေ ... အရိုင်းတစ်တုံး သွားကြည့်စရာရှိတယ် ... အောင်ကျောက်တစ်လုံးလည်းရှိတယ် ကြားတယ်ကွယ်"

နေရဲရော မင်းထိုက်ပါ ခေါင်းကို ငြိုင်တူလို ညိတ်ပြလိုက်မိကြသည်။ မင်းထိုက်က ဦးကျောက်အိုးကို မေးလိုက်သည်။

"အနီမှိုင်းလား အမြင့်ဝိုင်းလား ဦး ... မနက်ဆိုတော့ ဘယ်အချိန်လောက် အိမ်က ထွက်ကြမလဲ"

"အိမ်ကနေ ဈေးအရင်သွားကြမယ် ... မနက်ဖြန်ဈေးနေ့ရှိတယ်လေ ... မောင်နေရဲလည်း ကြုံဖူးသွားတာပေါ့ ... ဈေးမှာ အနီမှိုင်းရှိမယ် ... အဲဒီမှာ ဘယ်မှာ အမြင့်ဝိုင်းရှိသလဲ သတင်းကြားရမှာပေါ့ ... မောင်နေရဲကို လိုက်ပြတဲ့သဘောပါ"

ဦးကျောက်အိုးက နေရဲနှင့် မင်းထိုက်ကို ကြည့်၍

ပြောလိုက်သည်။ ဦးပါပကြီးက အိပ်ငိုက်နေပုံရသည်။

“ကဲ နဒီတို့လည်း အနားယူချင်နေရောပေါ့ ဦး ... ကျွန်တော် ပြန်ဦးမယ် ... မနက်တော့ စောစောရောက်အောင် လာခဲ့ပါ့မယ် ... ဦးဒိုးလုံးတို့ လူစုသတင်း ဘာကြားရသေးလဲ ဦး”

“လုံးခင်မှာပဲ ရှိနေသေးတယ် မောင်မင်းထိုက် ... ဖားကန့်အထိ မဆင်းကြဘူး ... မြစ်ကြီးနားကို နောက်နှစ်ပတ်လောက်တော့ ရောက်ကောင်းပါတယ်”

ဦးကျော်အိုး ရှင်းပြပြီး အခန်းထဲမှ မင်းထိုက် ထွက်ခွာသွားသည်။ အခန်းတွင်းရှိ တိုင်ကပ်နာရီကို နေရဲ လှမ်းကြည့်မိသည်။ ညဆယ်နာရီ ထိုးလုပြီပဲ ဖြစ်ပါ၏။

မီးလင်းဖို မီးရှိန်ကျသွားသည်။ ဦးပါပကြီးက ထင်းများ ထပ်မံထည့်ပေးသည်။ ဦးကျော်အိုးနှင့် နဒီတို့ အခန်းတွင်းမှ ထွက်ခွာသွားကြသည်။ ဆိုင်းဇီရောက်လာပြီး မုန့်ပန်းကန်၊ ကော်ဖီပန်းကန်များကို သိမ်းဆည်းသည်။

ဦးပါပကြီးက ဆိုင်းဇီကို လှမ်း၍ပြောလိုက်သည်။

“ဆိုင်းဇီရေ ပန်းကန်လုံး နှစ်လုံးနဲ့ ဖခါးရည်အိုးတော့ ချန်ခဲ့လေနော”





“ဟုတ်ကဲ့ ... ဦးကြီးပါပ”

စားပွဲပေါ်တွင် ဖခါးရည်အိုးနှင့် ပန်းကန်နှစ်လုံး ချန်ထားခဲ့ပါ၏။

“အိပ်ချင်ပြီလား မောင်နေရဲ ... အိပ်ချင်ရင်တော့ သွားအိပ်လေကွယ် ... ဦးပါပတော့ မအိပ်သေးဘူး ... ဖခါးရည် သောက်ဦးမယ်”

“နေရဲလည်း မအိပ်ချင်သေးပါဘူး ဦးပါပ”

နေရဲသည် ဦးပါပကြီးကို ဦးကျော်အိုးအကြောင်း၊ သူနှင့် ပတ်သက်လေသည့် မင်းထိုက်၊ မိသားစုဝင်များအကြောင်း မေးလိုသေးသည်။ ဘာပဲပြောပြော မိမိသည် လူစိမ်းမျှသာဖြစ်သည်။

ဦးကျော်အိုး၏ စရိုက်၊ ဤအိမ်ရှိ မိသားစုဝင်များ စရိုက် သိထားဖို့ လိုပါ၏။ ပြီးတော့ ဦးကျော်အိုး၏ နောက်လိုက်တပည့်များနှင့် ဒေသနယ်မြေအကြောင်း သိရှိဖို့ လိုပေလိမ့်မည်။

“ဖခါးရည်သောက်ကွာ မောင်နေရဲ ... ပြည်မဒေသမှာတော့ ရေနွေးကြမ်းပေါ့ကွာ ... ခါးခါးပူပူလေးမို့ အရပ်ဒေသနဲ့တော့ ကိုက်မှ ကိုက်ပဲ”

ဖခါးရည်တစ်ခွက်ကို နေရဲ ယူသောက်လိုက်သည်။ ဦးပါပကြီးလည်း သောက်သည်။ နေရဲက ဦးပါပကြီးကို ကြည့်၍

စကားစတော့သည်။

"နဒီနဲ့ ဟိုကောင်မလေးက ညီအစ်မသာဆိုတယ် ရုပ်ရည်ချင်းက မတူဘူးနော် ဦးပါပ ... တစ်ယောက် တစ်မျိုးတော့ လှကြတာပါပဲ"

"ဘယ်တူမလဲကွာ ... တစ်မိ တစ်ဖစီ ပေါက်ကြတာလေကွာ"

"ဘယ်လို တစ်မိတစ်ဖစီပေါက်ကြတာလဲ ဦးပါပ"

နားမရှင်း၍ နေရဲမေးသည်။ ချက်ချင်းတော့ မဖြေ။ ဦးပါပက ဖခါးတစ်ခွက်သောက်လိုက်သေးသည်။ ပြီးမှ ဆက်ပြောတော့သည်။

"ဒီလိုလေ ... ဆရာကျောက်နဲ့ သိမ့်သိမ့်အမေ မရွှေစောက ငယ်ပေါင်းတွေ မဟုတ်ဘူး ... ပေါင်းကြသင်းကြတာ သုံးလေး ငါးနှစ်လောက်ပဲ ရှိမယ် ... ဆရာကျောက်ဇနီးကလည်း ဆုံးပါးသွားပြီ ... မရွှေစော ခင်ပွန်းကလည်း ဆုံးပါးသွားပါပြီ ... နဒီက ဆရာကျောက်ကပါလာတဲ့သမီး ... မရွှေစောက သမီးတစ်ယောက် ပါတယ် ... အခုနက သိမ့်သိမ့်ဆိုတဲ့ကလေးမကလေးလေ ... သိမ့်သိမ့်က နှစ်ဆယ်ကျော်တော့ ရှိလိမ့်မယ် ... နဒီထက်တော့ ငယ်တာပေါ့





ကွယ် ... မတည့်ကြဘူး ... မရွှေစောကလည်း ဆရာကျောက်နဲ့ ရကတည်းက တရှောင်ရှောင်ပါ ... ကျန်းမာရေး မကောင်းလှဘူး ... ဂေါက်ရောဂါ အခံရှိတယ်ဆိုပါတော့"

"ဟုတ်လား ... ကျွန်တော်က ညီအစ်မအရင်းမဟုတ်လောက်ဘူး ထင်လို့ မေးတာပါ ... ဟိုလူ ကိုမင်းထိုက်ဆိုတာကရော ... တွေ့တွေ့ချင်း ကျွန်တော့်ကို အသားလွတ် အထင်သေး စကားပြောတော့တာပဲ ဦးပါပလည်း ကြားပါတယ်"

"အင်း ... မင်းထိုက်ဆိုတဲ့လူကတော့ ခန္တီးနယ်ဘက်ကပဲ မိုင်းအင်ဂျင်နီယာတစ်ယောက်ပေါ့ ... အမှုထမ်းဘဝက ထွက်လာပြီး ကျောက်တွင်းပိုင်ရှင်တစ်ယောက်ဆီမှာ အလုပ် လုပ်ရာက ဆရာကျောက်ဆီ ရောက်လာတယ်ဆိုပါတော့ ... ခန္တီးနယ်သားတစ်ယောက်မို့ အစိမ်းအကြောင်း နားလည်သင့်တာ နားလည်ပါတယ် ... ဒါပေမယ့် သူတကယ် ကျွမ်းကျင်တာက မိုင်းအကြောင်းပဲ ဆိုပါတော့ကွယ် ... ဆရာကျောက်တပည့်တစ်ယောက်တော့ မဟုတ်ဘူး ... ဆရာကျောက်က အရေးပေးထားတော့ မင်းထိုက်က အရာရာကို ဝင်ပါတတ်တယ် ... ဦးပါပလည်း သူ့ကို

ကြည့်မရပါဘူး … သူကလည်း အပါးပဲ … သူက ဦးပါပနဲ့ မရောဘူး … ကိုဒိုးလုံးကိုပဲ ရောတယ်လေ"

"ကိုဒိုးလုံးဆိုတာက ဘယ်သူလဲ ဦးပါပ … မင်းထိုက်ဆိုတဲ့ လူ ဦးကို မေးသံတော့ ကြားလိုက်ပါတယ်"

ဦးပါပထံမှ မိမိလိုချင်သောစကားကို နေရဲရှိက်ထုတ်လိုက်သည်။ နေရဲကို ခင်မင်စပြုလာသော ဦးပါပက နေရဲသိချင်သည်ကို ထုတ်၍ ပြောလာပါလေသည်။

"ကိုဒိုးလုံးဆိုတာ ဦးပါပလိုပဲ ဆရာကျောက်ရဲ့ တပည့်အရင်း လူယုံလက်ရုံးတစ်ဆူဆိုပါတော့ကွယ် … သူက ကျောက်စိမ်းထွက်တဲ့ မော်တွေအထိ ဆင်းတယ် … အရိုင်းအဝယ်ထွက်တယ် … အောင်ကျောက်သတင်းရအောင် စုံစမ်းတယ် … ဆရာကျောက်ကို သတင်းပေးတယ် … အဲဒီမှာတင် ဆရာကျောက်က ဝယ်လို့ရရင်ရ မရရင် ရတဲ့နည်းနဲ့သုံးပြီး ရအောင်ယူတော့တာပဲ … ဖားကန့်နယ်မှာ ဒိုးလုံး ပေးကျွေးထားတဲ့သူတွေရှိတယ်လေ … အဲဒီက သတင်းရတာပေါ့ … ပြောရရင်တော့ ဒိုးလုံးက အောင်ကျောက်ကို ဖြတ်လုတာပဲ … ဒိုးလုံးရလာတဲ့ ကျောက်ကိုမှ ဦးပါပနဲ့ ဆရာကျောက်က ကုန်သည်တွေလက်ထဲရောက်





အောင် ပို့တယ်လေ … ကုန်သည်တွေနဲ့ ဆက်ဆံရတာလည်း အန္တရာယ်ကြီးပါတယ် … သူတို့မှာလည်း သူတို့လူတွေနဲ့ပဲလေ … သူတို့ဘက်က ကလိန်ကကျစ်ကျလာတယ်ဆိုရင် ဦးပါပတို့ တိုက်ကြခိုက်ကြရတာပေါ့ကွယ်"

ဦးပါပထံမှ သိသင့်သိထိုက်တာလေးတွေ နေရဲသိလိုက်ရပါလေသည်။ ဦးပါပကလည်း နေရဲကို အဖွဲ့သားတစ်ဦးမို့ သိသင့်တာတွေ ပြောသည်ပဲဖြစ်ပါလေမည်။

နေရဲက တိုင်ကပ်နာရီကို ကြည့်လိုက်သည်။ ညဆယ့်နှစ်နာရီ ထိုးနေခဲ့ပြီ။ ဦးပါပက စကားအဖျှင်မပြတ်သေးဘဲ စကားဆက်လာသည်။

"နောက်တော့လည်း မောင်နေရဲကိုယ်တိုင် လုပ်ငန်းအကြောင်း နားလည်လာပါလိမ့်မယ် … ကိုယ်တိုင်ကိုယ်ကျလုပ်ရှားရမှာပဲလေ … မင်းထိုက်ဆိုတဲ့ကောင်က အင်ဂျင်နီယာတစ်ဦးဆိုပေမယ့် အသတ်အပုတ် အပစ်အခတ်မဆိုးဘူးကွယ့် … ဒါကြောင့် ဆရာကျောက်က သူနဲ့ လက်တွဲတာတော့ မဟုတ်ဘူး … ဆရာကျောက်မှာ သတ်ရဲဖြတ်ရဲ တိုက်ရဲခိုက်ရဲတဲ့တပည့်တွေချည်းပဲလေ … လင်းတလောက်တော့ ငှက်တိုင်းလှဆိုသလို မင်းထိုက် သတ်တာ ပုတ်တာ

လောက်တော့ ကျောက်စိမ်းနယ်မြေက လူတွေ သတ်ရဲ ပုတ်ရဲပေါ့လေကွယ် ... ဆရာကျောက်အပြောတော့ မင်းထိုက်နဲ့ သူပေါင်းတာ အကြောင်းတစ်ခုကြောင့်လို့ ပြောတာပဲ ... တိတိကျကျတော့ ဦးပါပလည်း မသိသေး ဘူး ... ညဥ့်တော့ နက်စပြုနေပြီ အိပ်လိုက်ကြဦးစို့လား"

ဦးပါပ စကားဖြတ်သည်။ နေရဲ ထပ်မမေးတော့။ အခန်းမှထွက်ကာ အိပ်ခန်းရှိရာသို့ ဦးပါရော နေရဲပါ လျှောက်ခဲ့ကြ တော့သည်။ အေးစိမ့်သောဒေသမို့ အိပ်ရာဝင်သည်နှင့် နေရဲအိပ် ပျော်ပါလေတော့၏။





## ၆

နှင်းမှုန်များနှင့် မြူငွေ့များ ရောနေပေသည်။ ဘယ်နေရာကြည့်ကြည့် မြူငွေ့ နှင်းငွေ့များက ပိတ်ဆီးနေပါ၏။

မြစ်ကြီးနားဈေးကြီးမှာခမ်းနားထည်ဝါပါလေသည်။ ဘရုတ်နိုင်ငံထွက် ကုန်ပစ္စည်းများက နေရာယူထားသည်။ ကချင် မျိုးနွယ်စုဖြစ်သော ဂျိမ်းဖော၊ ရဝမ်မျိုးနွယ်စုများ၊ အခြားသော တိုင်း ရင်းသားမျိုးနွယ်စုများဖြစ်သည့် ဂုံရှမ်း၊ ယွန်းရှမ်း၊ ခန္တီးရှမ်းမျိုးနွယ် စုများလည်း ရှိပါလေသည်။

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမှာ ကချင် လူမျိုးပြီးလျှင် ရှမ်းလူမျိုးစုက များပါလေသည်။

ဦးကျောက်အိုးနှင့် နဒီက မြစ်ကြီးနားဈေးအနှံ့

တစ်နေရာဝင် တစ်နေရာထွက် နေရဲအား လိုက်လံပြသပါ၏။ ဦးပါပ
နှင့် မင်းထိုက်က နောက်မှ လိုက်ပါကြသည်။

နဒီက နေရဲအား သိုးမွေးဆွယ်တာ၊ ဂွမ်းကပ်
ဘောင်းဘီသုံးစုံဝယ်ပေးပါလေသည်။ နေရဲ အားတုံ့အားနာဖြစ်
သည်။

"တော်ပါပြီ နဒီ ... နေရဲအတွက် အဲဒီလောက် မလိုပါဘူး
ပြီးတော့ နေရဲပိုက်ဆံ မဟုတ်တော့ အားနာတာ အမှန်ပဲ
လေ"

"ရှင်ကလဲ အမြဲ အားနာနေတော့မှာလား ... ဒီမှာက ပြည်မ
ဒေသလို မဟုတ်ဘူးရှင့် ... အနွေးထည်များများရှိဖို့ လိုတာ
ဂျင်းဂျက်ကက် ဂျင်းဘောင်းဘီလောက်က မြစ်ကြီးနား
အအေးဒဏ်ကို မကာကွယ်နိုင်ဘူး ... ဂွမ်းပါတဲ့ အနွေးထည်
သိုးမွေးပါတဲ့ အနွေးထည် ဂွမ်းကပ်ဘောင်းဘီတွေမှ အအေး
ဒဏ်ကို ကာကွယ်နိုင်တာ ... နေရဲမှာ ပိုက်ဆံမှ မရှိတာ
နဒီ သိထားတာပဲ ... အဲဒါ အားနာစရာလား"

မျက်ဝန်းကလေး ထောင့်ကပ်၍ နဒီမာယာ ပြော
လေသည်။ နဒီက သူမစိတ်ကြိုက်အရောင်အသွေးများကို ရွေးချယ်
ပေးသည်။





ဆိုင်ရှင်ကချင်အမျိုးသမီးက စကားဝဲဝဲဖြင့် ဝင်ပြော
တော့သည်။

"အဲဒီ ညီမက သိပ်ရွေးတတ်တာပဲ ... ညီမလူက ချောတော့
ဘာကလေးပဲဖြစ်ဖြစ် လိုက်တာပါပဲ ... နှစ်ယောက်စလုံး
ချောတယ် သိပ်လိုက်တဲ့ စုံတွဲပဲ"

နဒီက ဆိုင်ရှင်အမျိုးသမီးစကားကြောင့် နဘေးသို့
စောင်းငဲ့ကြည့်ပါလေသည်။ ဦးပါပနှင့် မင်းထိုက်က ဆိုင်အနီးသို့
လာ၊ ခပ်ဝေးဝေးတွင် ရပ်စောင့်နေပါ၏။ ဦးကျောက်အိုးက
အနည်းငယ် အလှမ်းဝေးသည်။

နဒီက သူမအဖေ ကြားမလားဟု ငဲ့ကြည့်သေး
သည်။ သူမရင်တဒိတ်ဒိတ်ခုန်နေသည်လား မသိ။ ရှက်ရိပ်နှင့် ပြုံးရိပ်
တို့ သူမမျက်နှာပေါ်ဝယ် တွေ့နေရပါလေသည်။

နေရဲသည်လည်း ရင်တဒိတ်ဒိတ်ခုန်ပါလေ၏။

ကျသင့်ငွေကို ရှင်းကာ ဈေးအတွင်းမှ ထွက်လိုက်
ကြသည်။

တိုင်းရင်းသားမျိုးနွယ်စုများက တောင်းပလုံးများ
ထမ်းသည်လည်းရှိသည်။ ပလိုင်းများ ခေါင်းမည်းကြိုးနှင့် လွယ်
သည်လည်း ရှိပါလေသည်။

အောက်ပိုင်းဟုခေါ်ဆိုကြသော အနိမ့်ပိုင်းသို့ ရောက်ရှိသွားကြသည်။ ကျောက်ပွဲစားကြီးငယ်တွေ ဝိုင်းအုံနေကြသည်။

ဦးပါပက ကျောက်စိမ်းအရိုင်းတုံးတစ်တုံးကို ကောက်ကြည့်သည်။ ဦးကျောက်အိုးက နေရဲကို ခပ်အုပ်အုပ် ရှင်းပြပါ၏။

"ဒီကျောက်တွေက အရည်ညံ့ကျောက်တွေပဲ မောင်နေရဲ ခေါင်ကျောက်တွေက များတယ်လေ ... တချို့ဆို ကျောက်စိမ်းအင်္ဂါနဲ့ နည်းနည်းမှ မညီတဲ့ ကျောက်တွေပါ"

"ဒါဆို ဘာဖြစ်လို့ ကျောက်ဝိုင်းဖြစ်နေတာလဲ ဦး ... ရောင်းကြ ဝယ်ကြတာတွေကတော့ ပွဲတော်တစ်ခုလိုပဲနော်"

"ဒါကတော့ ... ရည်ရွယ်ချက်အသီးသီးရှိကြတယ်လေ မောင်နေရဲ ... အခု မောင်နေရဲတွေ့နေရတဲ့ ကျောက်တွေက ခေါင်ကျောက် အများအခေါ်ကတော့ ခေါင်းကျောက် ထမင်းစားကျောက်လို့ ခေါ်ကြတယ် ... များသောအားဖြင့် အရုပ်ထုဖို့ပဲ ကောင်းတဲ့ အရည်မမှီ ကျောက်စိမ်းတွေပါ ... တချို့တလေတော့ ဒီလိုပဲ ခေါင်ကျောက်တွေကို ဝယ်ပြီး ခွဲကြ ကွမ်ကြတယ်ပေါ့ ... ကွမ်တယ်ဆိုတာက ကျောက်စိမ်းခွဲတာကို ပြောတာလေ ... တချို့တလေတော့လည်း ခေါင်းကျောက်တွေကို ဝယ်ပြီး ထုရိုက်ခွဲရင်းနဲ့ အောင်ကျောက်ရပြီး သူဌေးဖြစ်သွားခဲ့ဖူးတာတွေရှိတယ်ပေါ့ ... ဒါကြောင့် ခေါင်းကျောက်မှန်းသိလျက်နဲ့ ဝယ်ပြီး ကွမ်သူတွေရှိကြတယ် ... တချို့ကတော့ အရုပ်ထုရောင်းချဖို့ပါ"

"နောက်ရည်ရွယ်ချက်တစ်မျိုးနဲ့ လာတဲ့ကျောက်ပွဲစားတွေကတော့ အမြင့်ပိုင်း ကျောက်သတင်း၊ အောင်ကျောက်သတင်းရလိုရငြား စနည်းနာကြတာပဲ ... အနိမ့်ပိုင်း အမြင့်ပိုင်းလို့သာ သတ်မှတ်ထားပေမယ့် ကျောက်စိမ်းလောကသားတွေဆိုတာကတော့ အပြောညီပဲလေ ... ကျောက်စိမ်းပညာရပ်ကတော့ အတူတူပဲလေ ... တကယ်ပဲ ကျောက်သတင်းဆိုတာက သတင်းပို့တာပဲ မဟုတ်လား ... အောင်ကျောက်ဆိုတာမျိုးက အနိမ့်ပိုင်းကိုရော အမြင့်ပိုင်းကိုပါ ဆင်းမလာကြတော့ဘူး ... လုပ်ငန်းသဘာဝအရ သိုသိုသိပ်သိပ်ပဲ ရောင်းကြဝယ်ကြတာပါ ... အမြင့်ပိုင်းမှာကတော့ ပြချက်ကောင်းတဲ့ အောင်ကျောက်ဖြစ်နိုင်ချေများတဲ့ ကျောက်ရိုင်းတုံးတွေ ဆင်းလာတတ်ပါတယ်"

ဦးကျောက်အိုးက နေရဲကို ရှင်းပြလိုက်သည်။

ဦးပါပကြီးက ဘာမှ ဝင်မပြော။ နဒီက နေ့ရဲမျက်နှာကိုပဲ ငေးကြည့်နေပါလေသည်။ မင်းထိုက်ကမူ နေရဲကို အထင်အမြင်သေးစွာပဲ ကြည့်ရှုနေခဲ့ပါလေသည်။

ကားရှိရာသို့ လျှောက်ခဲ့ကြသည်။ အနိမ့်ပိုင်းသည် ဈေးနှင့် မလှမ်းမကမ်းနေရာတွင် လင့်ရိုဘာကားကို ရပ်ထားခဲ့သည်။

ကားပေါ်သို့ တက်လိုက်ကြသည်။ နဒီက ယာဉ်မောင်းသူနေရာတွင် တက်ထိုင်လိုက်သည်။

ကားကို နဒီမောင်းထွက်ခဲ့ပါ၏။

လင့်ရိုဘာကားကလေးက မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်တစ်ခုထဲသို့ ချိုးကွေ့မောင်းနှင်လိုက်သည်။ တောင်ကုန်းထိပ်ကလေးတွင်ရှိသော ခြံဝန်းကျယ်တစ်ခုထဲသို့ ဝင်ရောက်လိုက်ပါ၏။

ကားကို လမ်းမှာပဲ ရပ်ထားခဲ့ပြီး တောင်ကုန်းကလေးပေါ်ရှိ အိမ်ပေါ်သို့ နဒီတို့လူစု တက်ခဲ့ကြသည်။

တောင်ကုန်းအမြင့်ပိုင်းတွင်ရှိသည့် တိုက်အိမ်ကလေးမှာ ခေတ်မီတစ်ထပ်တိုက်လှလှကလေးပဲ ဖြစ်သည်။ တိုက်တံခါးဝရှိရာတွင် ရပ်လိုက်ကြသည်။ လူခေါ် လျှပ်စစ်ခေါင်းလောင်း





ဘုကလေးကို ဦးကျော်အိုးနှိပ်လိုက်သည်။

ခဏအကြာတွင် ရှမ်းတရုတ်ကပြားမ ဖြစ်ဟန်တူသော ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး မျက်နှာဝိုင်းဝိုင်း ဆံပင်ကုပ်ပေါ် ဝဲကျနေသော အမျိုးသမီးတစ်ဦး ထွက်လာခဲ့သည်။

"အော် ... ဦးကျော်အိုးပါလား ... လာပါ အထဲဝင်ကြလေ"

ခါး၌ ချိတ်ထားသော သော့ကို ဖြုတ်ကာ သံဘာဂျာတံခါးကို ခတ်ထားသည့်သော့ခလောက်ကို ဖွင့်ပေးသည်။

ဦးကျော်အိုးတို့လူစု အထဲဝင်လိုက်ကြပါ၏။

တံခါးကို ရှမ်းတရုတ်ကပြားမသည် ပြန်၍ သော့ခတ်သည်။

ဧည့်ခန်းသို့ သူမက ဦးဆောင်ဝင်ရောက်ခဲ့သည်။

"ထိုင်ကြပါနော် ... ဦးကျော်အိုးကိုယ်တိုင်လာတော့ မင်္ဂလာသတင်းကြားလို့ ထင်ပါတယ်"

မြန်မာစကားကို လည်ပတ်ပီသစွာ ထိုအမျိုးသမီးက ပြောလိုက်ပါ၏။ အမျိုးသမီးသည် အသက် သုံးဆယ်ငါးနှစ်ခန့်တော့ ရှိပေမည်။

ဦးကျော်အိုးအား ပြုံး၍ ကြည့်လိုက်ပြီး

"ဟုတ်တယ် မကျင်မေ ... ကျုပ်ကြားထားတာ တစ်ပတ်တော့ရှိတော့မယ်ထင်တယ် ... နဒီတို့ ခရီးသွားတာနဲ့ လာမကြည့်ဖြစ်တာ ရှိရင်တော့ ကြည့်ချင်ပါတယ်"

"ဦးကျောက်အိုးတို့က ဝယ်လက်ကောင်းဆိုတာ ကျင်မေ သိပါတယ် ... ကြည့်ချင်ရင် ရပါတယ်"

မကျင်မေက ဦးကျောက်အိုးကို ပြုံး၍ ကြည့်ကာ ပြောလိုက်၏။ မကျင်မေသည် အခန်းထဲမှ ထွက်ခွာသွားခဲ့ပါ၏။

မကြာလိုက် မကျင်မေ ပြန်ရောက်လာသည်။ တစ်ဦးတည်းတော့ မဟုတ် အသက်လေးဆယ်ခန့် အသားညိုညို တုတ်ခိုင်၍ မျက်နှာပေါက်ဆိုးဆိုး လူတစ်ဦးနှင့် အသားဖြူဖြူ တရုတ်အမျိုးသား အသက်သုံးဆယ်ဝန်းကျင်ခန့် ခပ်သွယ်သွယ် လူတစ်ဦးပါလာခဲ့သည်။

အသားဖြူဖြူလူ၏ လက်ထဲတွင် ရော်ဘာလင်ဗန်းတစ်ချပ် လေးထောင့်ပုံသဏ္ဌာန်ပါရှိလာခဲ့သည်။ လေးထောင့်လင်ဗန်းအတွင်းတွင် နှစ်ပိဿာခန့် ကျောက်လုံးစွပ်တစ်လုံးပါလာခဲ့သည်။

လုံးစွပ်ဆိုသည်မှာ ကွမ်းခြင်း (ခွဲခြင်း) မပြုရသေးသော ကျောက်ရိုင်းတုံးပဲဖြစ်ပါလေသည်။





သို့သော် ထိုကျောက်စိမ်းတုံးတွင် ကျားကိုက်ပြချက်ဟူသော ပြချက်များ ရှိနေပါလေပြီ။

ဦးကျောက်အိုး၏ရှေ့တွင် ထိုသူက ချပေးလိုက်သည်။ စားပွဲပေါ်မှ ကျောက်လုံးစွပ်ကို ဦးကျောက်အိုးကိုင်မကြည့်ခဲ့သေးပေ။ ဦးကျောက်အိုးက သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော မကျင်မေအား ကြည့်၍ မေးလိုက်ပါလေသည်။

"ဘယ်လိုလဲ မကျင်မေ ... အောင်ကျောက်ဆိုပြီး ထုတ်လာတော့ လုံးစွပ်ကျောက်ပါလား"

မကျင်မေက ပြုံး၍ ကြည့်လိုက်ပြီး ...

"ပြောတော့ ဦးကျောက်အိုးရယ် ... ပြောလည်း ခံရမှာပါပဲ အောင်ကျောက်က ဦးကျောက်အိုး မလာခင် တစ်သုတ်ဆင်းလာတယ်လေ ... အဲဒါကို လောစံတို့အဖွဲ့ကိုပြဖို့ ကျွန်မယောကျ်ား လောက်လီလိုက်သွားတာ သူ့ချည်းပဲ သွားတယ်ထင်လို့ ကျင်မေ ပြောလိုက်မိတာပါ ... အခု လွယ်မိန်ပြောမှာပဲ ပါသွားမှန်း ကျင်မေသိရတယ်လေ ... ရောက်လက်စနဲ့ ကျားကိုက်ပြချက် မြင်နိုင်တဲ့ကျောက်ကို ကြည့်သွားပါဦး ... ဒါလည်း ကွမ်းထားတာပဲ ဦးကျောက်အိုး"

"ဟုတ်ပါတယ် ဦးကျောက်အိုး ... အစ်ကိုလောက်လီ

အောင်ကျောက်ယူသွားတာ အစ်မကျင်မေ မသိလိုက်ပါဘူး"

လွယ်ဟိန်ဆိုသူက ဝင်ပြောသည်။

ဦးကျောက်အိုး ဘာမှ မပြောတော့။ ကျောက်အရိုင်းတုံးကို ယူရန် ဦးပါပအား လက်ပြလိုက်သည်။

ဦးပါပသည် ရော်ဘာလင်ဗန်းကို လက်နှစ်ဘက်ဖြင့် မ၍ယူလိုက်ပါလေသည်။ ဦးကျောက်အိုးက မှတ်ကျောက်ဖြင့် အခွံကို တိုက်၍ ဖွင့်ထားသည့်နေရာသို့ ကြည့်သည်။ ဤသည်ကို ကျောက်ဖွင့်သည်ဟု ခေါ်ပါလေ၏။

"အင်း ... ပြချက်ကတော့ မဆိုးပါဘူး ... ကျောက်ကာနဲ့ သေချာကြည့်မှ ဖြစ်မှာလေ ... ကျုပ်တို့ ကျောက်ကာပါလာတယ် မကျင်မေ ... ကြည့်ခွင့်ပြုပါ"

ဦးကျောက်အိုးက ပြချက်တစ်ဖက်ကိုပဲ ကြည့်ကာပြောသည်။ ကျောက်စိမ်းတစ်တုံး၏ ပြချက်ကို ကြည့်ရာတွင် ကျောက်ကာဖြင့် ကြည့်ရသည်။ ကျောက်ပိုင်ရှင်တို့က များသောအားဖြင့် ကျောက်ကာအဝါရောင်ကိုသာ ထုတ်ပေးလေ့ရှိတတ်ကြသည်။

ကျောက်ကာအဝါရောင်ကြောင့် အရောင်ကူးဆက်





ပြီး ဝင်းနေတတ်သည်။ ကျောက်၏ အရောင်အမှန်ကို မသိနိုင်။

ကျောက်ကာအနက်မှာ အမှန်ကို သိနိုင်လေသည်။ ကျောက်ကာအဝါရောင်ကြောင့် ဝယ်ပြီးမှ ရောင်းတော့ အဝါ ဝယ်တော့ အနက်ဖြစ်နေတတ်ပါလေ၏။

"ရပါတယ် ဦးကျောက်အိုး ... ကိုယ့်ကျောက်ကာနဲ့ ကြည့်တော့ ပိုကောင်းတာပေါ့ရှင်"

မကျင်မေက ခပ်ပြုံးပြုံးပဲ ပြောပါလေသည်။

နဒီက သူမ၏ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်သည်။ ဇစ်ကို ဖွင့်ကာ ကျောက်ကာကို ထုတ်၍ ဖခင်ဖြစ်သူ ဦးကျောက်အိုးအား လှမ်း၍ ပေးပါလေ၏။

ကျောက်ကာမှာ ကျောက်စိမ်းအရည်ကို နေရောင်တွင် ထောင်ကာ၍ အကဲဖြတ်သည့် သံပြားငယ်ဖြစ်သည်။ အနက်ရောင်၊ အဝါရောင်ရှိသည်။ အဝါသုံးလျှင် အရောင်မှားတတ်သည်။ အနက်သုံးမှ အမှန်သိနိုင်ပါ၏။

ကျောက်ကာကို ဦးကျောက်အိုးယူသည်။ နေရောင်ရှိရာသို့ ကျောက်ကို ရွှေ့စေ၍ ကျောက်ကာဖြင့် ကျောက်စိမ်းတုံး၏ ထိပ်မနှစ်ဘက်ကျားကိုက်ဖွယ်ရာပြချက်နှစ်ခုကို အသေအချာကြည့်ပါ၏။ ဦးကျောက်အိုးက ကျောက်ကာကို နဒီအား ပြန်၍ ပေး

သည်။

"ပြချက်ကတော့ မဆိုးပါဘူး … အခွံကတော့ ဆာဖိန်ခွံပဲ အရည်ကတော့ ပါယ်ရွှေးလုပ် … အဝါရည်ဝင်နေတဲ့ အစိမ်းရောင်ပဲလေ … အောင်ကျောက်တစ်လုံးဖြစ်နိုင်ကောင်းပါတယ် … အခြားဝယ်လက်တွေကို ပြကြည့်ပါဦး … ဝယ်လက်ကောင်းနဲ့ တွေ့နိုင်ပါတယ် … ကျုပ်က အောင်ကျောက်ကြည့်ချင်လို့ လာတာပါ"

"ဟုတ်ကဲ့ … အခုလိုပြောတာကိုပဲ ကျေးဇူးတင်ပါတယ်ရှင့် ဦးကျောက်အိုးများ လမ်းညွှန်နိုင်ရင်လည်း ဝယ်လက်ကောင်းကောင်း လွှတ်ပေးပါ … ထုံးစံအတိုင်း ဖြစ်ရမှာပေါ့နော"

အပြုံးမပျက် မကျင်မေက ပြောပါလေသည်။

ထို့နောက် တိုက်အတွင်းမှ ထွက်ခဲ့ကြပါ၏။

အပြန်တွင် ဦးပါပကြီးက လင့်ရှိဘာကားကို တလှည့်မောင်းခဲ့ပါလေတော့၏။ နှင်းများ ကွဲစပြုနေပါလေပြီ။





## ၇

ကော်ဖီဝိုင်းတွင် လူစုံရှိနေပါ၏။ အသားဖြူဖြူ ဝိန်ဝိန်ပါးပါးနှင့် မျက်နှာကျပုံအတော်ကိုလှသော အမျိုးသမီးကြီး တစ်ဦးလည်း ရှိနေသည်။ နဘေးတွင် သိမ့်သိမ့်ဟူသော မိန်းမလှကလေးရှိနေသည်။ ကျွန်းစားပွဲ၏ထိပ်တွင် ဦးကျောက်အိုး၊ ဘေးတွင် နဒီမာယာတို့ ထိုင်နေပါ၏။

စားပွဲ၏ ယာဘက်ထိပ်တွင်ပဲ နေရဲ ဝင်ထိုင်လိုက်သည်။ ဦး··ါပကြီးတစ်ဦးတော့ မတွေ့ရ။

စားပွဲပေါ်တွင် ကော်ဖီနှင့် မုန့်များချထားသည်။ ဘီစကစ်မုန့်မျိုးစုံနှင့် ပေါင်မုန့်မီးကင်ထောပတ်သုတ်ထားသည်။

"စားဟော့ မောင်နေရဲ … ပေါင်မုန့်ကို ကြွပ်ကြွပ်ကလေး

ကင်ပြီး ထောပတ်ပါးပါးသုတ်ပြီး သကြားပါတယ်ဆိုရုံ ဖြူး ထားတာလေ ... ဦးရော မရွှေစောရော အကြိုက်ပေါ့"

ပြောလဲ ပြော ဦးကျောက်အိုးက ပေါင်မုန့်မီးကင် ထောပတ်သုတ်ကိုယူ၍ စားသည်။

နေရဲက ကော်ဖီကို တစ်ကျိုက်မျှသောက်သည်။

နဒီမာယာက ဘီစကစ် လေးငါးခုကို နေရဲကို လက်ဖြင့် ဆုပ်၍ လှမ်းပေးသည်။ နေရဲ လှမ်းယူရပါ၏။

သိမ့်သိမ့်၏ အကြည့်က ဖျတ်ခနဲရောက်လာသည်။ နေရဲသည် သိမ့်သိမ့်၏ ချစ်စရာကောင်းလွန်းသော မျက်နှာလှလှ လေးကို တစ်ခဏတော့ ကြည့်မိပါလေသည်။

နေရဲ ဘီစကစ်ကို စားလိုက်ရသည်။

ဦးကျောက်အိုးက နေရဲကို ကြည့်လိုက်ပြီး

"ဒါက မရွှေစောတဲ့ ... ဦးရဲ့ အိမ်ထောင်ဖက်ဇနီးသည်လေ မောင်နေရဲ ရောက်စက ဂေါက်ရောဂါ ပြန်ထနေလို့ အောက်တောင်မဆင်းနိုင်ရှာဘူး ... အခုတော့ ကောင်း သွားပြန်ပါပြီ"

နေရဲ ပြုံးပြလိုက်သည်။ ဒေါ်ရွှေစောက ပြန်၍ ပြုံးပြ သည်။





"သူက ဦးသမီး အငယ်လေး သိမ့်သိမ့်တဲ့ ... သမီးအငယ်က တော့ အိမ်မှာပဲ အနေများတယ်ဆိုပါတော့ ... အိမ်ရဲ့ စားရေးသောက်ရေးကို သိမ့်သိမ့်ပဲ တာဝန်ယူထားခဲ့တာ လိုအပ်ရင် သူလေးလည်းပဲ ဦးတို့နဲ့ လိုက်ကူညီရရှာတာပါပဲ"

နေရဲက သိမ့်သိမ့်ကို ပြုံးပြလိုက်သည်။ သိမ့်သိမ့် သည် နေရဲကို ပြန်၍ကြည့်သော်လည်း ပြုံးပြချင်းမရှိပေ။ သူမ အကြည့်တွင် မရင်းနှီးလိုဟန် တွေ့နေရပါ၏။

စားသောက်ပြီးစီးချိန်တွင် ဆိုင်းဇီရောက်ရှိလာခဲ့ သည်။

သိမ့်သိမ့်သည် ထမင်းစားခန်းထဲမှာပဲ ဆိုင်းဇီနှင့် သိမ်းဆည်းကျန်ရစ်ခဲ့သည်။ ထမင်းစားခန်းထဲမှထွက်ကာ ဧည့်ခန်း ဘဲသို့ ရောက်ရှိခဲ့ကြသည်။

နေရဲက နဒီအား ဦးပါပအား မတွေ့၍ မေးလိုက် သည်။

"ဦးပါပက ဖေဖေ အမဲပစ်ချင်တယ်ဆိုလို့ နဒီတို့အရပ်ထဲကပဲ မုဆိုးတစ်ဦးနဲ့ အခြားနောက်လိုက်နှစ်ဦးကို သွားချိန်းတယ် ဆိုပါတော့ နေရဲ"

"မောင်နေရဲလည်း အမဲပစ်တတ်မယ်ထင်ထားတယ်လေ ...

ဦးက အမဲလည်တာ သိပ်ဝါသနာကြီးတယ် ... မကြာခဏ ဆိုသလို တောလည်တတ်တာ ... နဒီလည်း တောလည် ဝါသနာကြီးတယ်လေ”

နေရဲသည် နဒီအား အံဩဟန်အကြည့်ဖြင့် ကြည့်မိသည်။

သို့သော်

ဒုစရိုက်လုပ်ငန်းကို လုပ်ကိုင်စားသောက်သော ဦးကျော်အိုး၏သမီးသည် ဘမျိုးဘိုးတူ ချိုကလေးနဲ့ ဆိုတာမျိုးပဲ ဖြစ်ပေလိမ့်မည်။ ဆန်းတော့ မဆန်းလှပါ။

ဦးပါပကြီး အသက်ရှည်ဦးတော့မည်။ ဦးပါပနှင့် အတူ လူလတ်ပိုင်းအရွယ်တစ်ဦးနှင့် လူငယ်နှစ်ဦးရောက်ရှိလာကြပါ၏။

ကချင်လူမျိုးများ ဖြစ်ဟန်တူပါ၏။

“လာ ထိုင်ကြကွာ ... ဗွမ်ရှင်တူးပါလာတာကိုး”

လူလတ်ပိုင်းအရွယ် မုဆိုးဗွမ်ရှင်တူးက ပြုံး၍ ဝင်ထိုင်သည်။

“ဆရာကျော်အိုး ခေါ်နိုင်းတယ်ဆိုလို့ လိုက်လာတာ ... သူတို့ကတော့ ငါ့တပည့်နှစ်ယောက်ပဲ ... တောခြောက်





ကောင်းတယ်လေ”

“အေး ... မင်းကို ငါ ခေါ်နိုင်းတာ တောလည်ချင်တာရော ဟောဒီက ငါ့လူတစ်ယောက်ရဲ့ လက်ရည်လည်း ကြည့်ချင်လို့ ဆိုပါတော့ကွာ”

“ဆရာကျော် အိမ်က ဘယ်အချိန်ထွက်ကြမလဲ ... ငါတို့ အစောကြီးရောက်အောင် လာခဲ့ပါမယ်”

“အေးလေ ... ငါတို့ အိမ်ကပဲ စောင့်နေမယ် ဗွမ်ရှင်တူး စောစောသာ လာခဲ့လေ”

“ဒါဆိုရင် ငါတို့ ပြန်ဦးမယ် ဆရာကျော်”

ဗွမ်ရှင်တူးနှင့် သူ့လူနှစ်ဦး ပြန်ထွက်သွားခဲ့သည်။

နေရဲက သူသိလိုသည်ကို ဦးကျော်အိုးအား မေးလိုက်သည်။

“ဦးအနေနဲ့ မုဆိုး ဗွမ်ရှင်တူးကို ခေါ်တော့ အဖိုးအခပေးရသလား”

“အခု အမဲပစ်မယ့်တောက ပိတောင်လွင်ဆိုတော့ ဗွမ်ရှင်တူးက အဖိုးသားနားတော့ မယူပါဘူး ... ခရီးကြမ်းတယ် ခရီးဝေးတယ် ... ပြီးတော့ လမ်းပြအနေနဲ့ ငှားတယ်ဆိုရင်တော့ သတ်မှတ်ကြေးပေးရမှာပဲ ... ပိတောင်လွင်က

မြစ်ကြီးနားနဲ့ (၁၇)မိုင်ပဲ ဝေးတယ် ... ရလာတဲ့ သားကောင်ကို ဦးတို့က ဟင်းစားလောက်ပဲ ယူပြီး ကျန်တာကို မုဆိုးနဲ့ အဖွဲ့ကိုပဲ ပေးလိုက်တာပဲ ... သူတို့အနေနဲ့ တန်ရာတန်ကြေးအပြင် သားကောင်ရောင်းရငွေပါ ရရှိကြတာပေါ့ ဦးက သူတို့ကို ထိုက်သလောက် ငွေလည်း ပေးသေးတယ်လေ"

ဦးကျောက်အိုးက ရှင်းပြလိုက်သည်။ ဦးပါပကပင် မေးသည်။

"မင်းထိုက်ကိုရော ဆရာကျောက် ခေါ်ဦးမှာလား"

"ခေါ်မယ့်လေ ... လူများတော့ ပွဲစည်တာပေါ့ ပါပ"

ဦးပါပ ဘာမှ မပြောတော့။

ထို့နောက် ဧည့်ခန်းထဲမှထွက်ကာ ဦးကျောက်အိုးနဒီနှင့် ဒေါ်ရွှေစောတို့ တိုက်အပေါ်ထပ်သို့ တက်သွားခဲ့ပါ၏။

နေရဲသည် မြစ်ကြီးနား၊ စိတာပူရပ် ဤအိမ်ကြီးသို့ ရောက်သည့်အချိန်မှစ၍ နေ့လယ်နေ့ခင်းတွင် ခြံဝင်းထဲသို့ ရောက်ရှိနေတတ်သည်။ တစ်ခါတစ်ရံ နဒီရောက်လာတတ်သော်လည်း စကားမဆုံဖြစ်။

ဆုံဖြစ်သည်က ဦးပါပကြီးနှင့်ပဲ ဖြစ်သည်။ ဦးပါပ





ကြီးသည် နေရဲကိုတော့ အတော်ပင်ခင်မင်နေခဲ့ပါလေသည်။ လူဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ခင်မင်ပြီဆိုလျှင် အတွင်းရေး အပြင်ရေးတွေ ဖွင့်ပြောတတ်တော့သည်။ စောင့်စည်းအပ်သည် မစောင့်စည်းအပ်သည် နားမလည်တတ်ကြတော့။

ခြံဝင်းကြီးမှာ အတော်ပဲ ကျယ်ဝန်းသည်။ သီးပင်စားပင်တွေရှိသည်။ အလှစိုက်ပန်းပင်တွေရှိသည်။ သိမ့်သိမ့်ဆိုသော မိန်းမလှလေးသည် ခြံထဲသို့ ဆင်းလာတတ်သည်။ နေရဲကို တွေ့လျှင် ဖာသိဖာသာပဲ ရှောင်သွားတတ်သည်။

သို့သော် မျက်ဝန်းလှလှလေးတွေနှင့် ကြည့်သွားတတ်ပါလေသည်။ ထုံးစံအတိုင်း ဦးပါပနှင့် နေရဲ စကားဆုံမိကြတော့သည်။

"သိမ့်သိမ့်က ဒီအိမ်ကြီးရဲ့ စားရေးသောက်ရေးကို တာဝန်ယူထားရတာနော်"

"ဟုတ်တယ်လေကွယ် ... ဆိုင်းဇီနဲ့ သိမ့်သိမ့်ပဲ ချက်ကြပြုတ်ကြတာပဲ ... ခမျာလေးလည်း နားရှာတယ် မရှိပါဘူး လျှော်ဖွပ်ရတော့လည်း သူလေးပဲလေ ... အိမ်ရဲ့ ဝေယျာဝစ္စအားလုံး ဆိုင်းဇီးနဲ့ လုပ်ကြရတာ ... တကယ်ဆိုတော့ ခမျာလေး အဲဒီလို လုပ်စရာမလိုပါဘူးကွယ် ... တကယ်က

နဒီနဲ့ အခွင့်အရေးတန်းတူရသင့်တာပဲလေ"

"ဦးက သိမ့်သိမ့်ကို သမီးအရင်းတစ်ယောက်လိုပဲ သဘောထားတာပဲ မဟုတ်လား ဦးပါပ … နေရဲနဲ့ မိတ်ဆက်ပေးတော့ သမီးအငယ်လို့တောင် မိတ်ဆက်ပေးသေးတာပဲ"

"အင်း … ကိုယ့်ဆရာအကြောင်း ကိုယ်ပြောတော့လည်း ကိုယ်ပေါင် ကိုယ်လှန်ထောင်းဆိုတာမျိုး ဖြစ်နေမှာပဲ … ဆရာကျော်က လူရှေ့သူရှေ့မှာတော့ သမီးရယ် ဘာရယ် ဆိုပြီး အခွင့်အရေးပေးသယောင်နေပြတတ်တာပါ … တကယ်က မရွှေစာနဲ့ သိမ့်သိမ့်ကို ဘာအခွင့်အရေးမှ ပေးတာ မဟုတ်ဘူး … ဆရာကျော်အိုးက သိပ်ပါးနပ်တဲ့ လူတစ်ယောက်ပဲ ဆိုပါတော့ နေရဲ … ဆရာကျော်အိုးက ကျောက်ပွဲစားတစ်ယောက်အဖြစ် ကျင်လည်ခဲ့တာ ကျောက်သမားဆိုတာ နှံ့သမားလိုပဲ ပါးစပ်က ပူလိုက် ဖောင်းလိုက်ပါ … ရတဲ့အခါ အချိုကြီးရတော့ စားဟယ် သုံးဟယ်နဲ့ပေါ့"

"မဆင်မခြင်နေတော့ အချိန်တန် ကုန်တာပါဘဲ … ကျောက်ပွဲစားဆိုတာ အသောက်အစား လောင်းကစား ကင်းတယ်မှမရှိဘဲ … ဆရာကျော်က အသောက်အစား





တော့မရှိဘူး … လောင်းကစားတော့ မကင်းခဲ့ဘူး … လောင်းကစားကြောင့် သူကုန်ခဲ့တာချည်းပဲ … မရွှေစာခင်ပွန်းက ကျောက်ပွဲစားကြီးတစ်ဦးပဲ … ဒါပေမယ့် ဆရာကျော်တို့လို ပွဲစားမျိုးမဟုတ်ဘူး … သမာသမတ် ရှိတယ် … အလိမ်အကောက်တွေတော့ မပါဘူး … ဖြောင့်ဖြောင့်စင်းစင်းပဲ ဝယ်တယ် ရောင်းတယ်ပေါ့ကွယ် … ဆရာကျော်ကတော့ ဒီလိုမဟုတ်ဘူး … လိမ်သင့်ရင် လိမ်တယ် ကောက်သင့်ရင် ကောက်တာပဲ … မရွှေစာက ခင်ပွန်းဆုံးတဲ့အချိန် ဆရာကျော်က မရွှေစာကို ကပ်တာပဲလေ … ကျောက်လောကမှာ နေလာတဲ့ မရွှေစာလည်း ဘယ်လိုစိတ်ကူးကြောင့် ဆရာကျော်ကို အိမ်ရာထူထောင်ခဲ့သလဲဆိုတာ ဦးပါပ စဉ်းစားမရခဲ့ဘူး"

နေရဲက ဘာမှ မမေး ဦးပါပ ပြောသမျှကိုသာ နားထောင်နေခဲ့မိသည်။ ဦးပါပကြီးသည် စကားတွေ ပြောနေရလျှင် ကျေနပ်နေတတ်သူဖြစ်သည်။ လူမိုက်တစ်ဦးဖြစ်သော်လည်း ခင်တတ် မင်တတ်သူပဲ ဖြစ်ပါလေ၏။

"ဒေါ်ရွှေစာက ဆရာကျော်ဆိုးတာ မသိဘူးတဲ့လား"

နေရဲက စကားစပေးပါလေသည်။ ကျောက်

လောကမှ ဒေါ်ရွှေစောသည်လည်း ဦးကျောက်အိုးအကြောင်း ဂဃဏန ခွဲခြားသိမှာ အမှန်ပင်။

"မသိပဲ နေမတဲ့လား မောင်ရင်နေရဲရယ် ... သိသမှ သိပ်သိပေါ့ ... အေးလေ ... သိလျက်နဲ့ ဝိဘက်ကြမ္မာငင်တာပဲ ပြောရမှာပဲလေ ... မရွှေစောတို့က မျိုးရိုးချိုပြီး ချမ်းသာလာခဲ့တာလို့ ကြားတာပဲ ... အခုမန္တလေးကတိုက်၊ ရန်ကုန်ကတိုက်၊ မြစ်ကြီးနားက တိုက်ခြံတွေဟာ မရွှေစောတို့ ပိုင်တာလေ ... ဆရာကျောက်မှာ ဘာမှ ပိုင်ဆိုင်တာဆိုလို့ ကျန်မှ မကျန်တော့ပဲ ... သူ သုံးဖြုန်းလို့ ကုန်မှ မရွှေစောကို ယူခဲ့တာပဲ ... နောက်ပိုင်းမှာ ဆရာကျောက်က အောင်ကျောက်ကို သွေးရိုးသားရိုးဝယ်တန်ဝယ် ... လူအစုအဖွဲ့နဲ့ လမ်းကဖြတ်လုတန်လု စီးပွားရှာခဲ့တာ ... မရွှေစောက သိပေမယ့် ဘာမှမပြောနိုင်ခဲ့ဘူး ... သူ့သမီးလေး သိမ့်သိမ့် တောင် တစ်ခါတလေ တိုက်တဲ့ခိုက်တဲ့အခါ ထည့်ပေးရှာသေးတာလေ"

ဦးပါပ စကားရပ်ပစ်လိုက်သည်။ ဦးပါပသည် နေရဲကို စကားကို ကုန်စင်အောင် ပြောပြပါလေသည်။ ဦးကျောက်အိုးနှင့် နဒီမာယာတို့သည် နေ့လယ်နေ့ခင်းပိုင်းတွင် အိမ်မှာ မရှိကြ





သည်က များသည်။

ထိုကြောင့်ပဲ ဦးပါပ ပြောရဲ ဆိုရဲခြင်းဖြစ်ပေမည်။ ဆိုင်းဇီမှာ တစ်နေကုန် သိမ့်သိမ့်နှင့်အတူ အိမ်မှုကိစ္စများ လုပ်ရသည်။ ယာဉ်မောင်းဇော်လကလည်း နဒီတို့နှင့်အတူ ပါသွားတတ်သည်။

"နေဦး မောင်ရင်လေးရေ ... စကားလည်း ပြောလို့ကောင်း အာခေါင်တွေလည်း ခြောက်လှပြီ ... ဦးပါပ ဖခါးရည် သွားယူဦးမယ်"

ပြောပြောဆိုဆို ဦးပါပ ထွက်သွားတော့သည်။

နေရဲသည် အုတ်ခုံတန်းလျားလေးမှာပဲ ထိုင်ရင်း ဦးပါပအလာကို စောင့်နေမိသည်။

ရွက်ဟောင်းရွက်ခြောက်ကလေးများက လေတွင် မျောပါနေခဲ့ကြသည်။ ရွက်ဟောင်းရွက်ခြောက်ကလေးများလိုပင် မိမိဘဝသည်လည်း ဦးတည်ရာမဲ့နေခဲ့ပြီဟု နေရဲ ဆင်ခြင်မိသည်။

ဒက်ဒီသည် မိမိအပေါ်တွင် အချစ်ပိုခဲ့သည်။ ငယ်စဉ်ကပင် လိုတာရအောင် ဆောင်ကြဉ်ပေးခဲ့သည်။ သူတောအုပ်ဘဝကဆိုလျှင် တောင်ငူအိမ်သို့ တောယုန်ကလေးများ မိမိမွေးချင်သည်ဆိုလျှင် ယုန်လှလှကလေးများကို ဖမ်းဆီးပေးခဲ့သည်။

မိမိကလည်း ယုန်ကလေးများကို ချစ်၍ သံဇကာ ကွက်လှောင်အိမ်အတွင်းထည့်ကာ မွေးထားခဲ့သည်။ အစာကျွေး ချိန်ရောက်လျှင် မိမိသည် ယုန်ကလေးများ ကန်စွန်းရွက်များကို ကိုက်ဖဲ့စားသောက်နေသည်ကိုကြည့်ကာ ပျော်မြူးနေတတ်သည်။

သို့တစေ ယုန်ကလေးများကမူ လှောင်အိမ်ထဲမှ လွတ်မြောက်လမ်းကိုသာ ရှာဖွေနေတတ်ကြပါ၏။

နေရဲ ဤအိမ်ကြီးမှ ထွက်သွားရန် စဉ်းစားမိသည်။

မဖြစ် လုံးဝကို မဖြစ်။ မိမိတွင် ငွေဆို၍ တစ်ချပ် တစ်ရွက်ပင် မရှိ။ ပြီးတော့ လောလောဆယ် နေစရာ စားစရာ မပူရ မပင်ရပေ။

သူတို့၏ လုပ်ငန်းသဘောသဘာဝအရ မိမိသည် သူတို့အကျိုးကို ဆောင်ခဲ့လျှင် အဖိုးအခတော့ ရရှိပေမည်။ လောက တွင် မိမိဖန်တီးတည်ဆောက်ခြင်းနှင့် လိုတာရအောင် ငွေရှိမှပဲ ဖြစ်နိုင်သည်သာ။

ဒီတော့ မိမိသည် နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက် သည်ဖြစ်စေ ဦးကျောက်အိုးထံတွင် ခိုလှုံရလေဦးမည်။

မိမိမည်မျှ အစဉ်းစားလွန်နေသည်မသိ။ မိမိရှေ့သို့ ဖြူဖွေးနုနယ်လေသော ခြေထောက်ကလေးတစ်စုံတွေ့မှ မော်





ကြည့်မိပါ၏။

“အော် ... မသိမ့်သိမ့် ပေးလေ ... ကြာပြီလားဗျာ ... ကျွန်တော့်ကို ရပ်စောင့်နေတာ ထင်တယ်”

“ဟုတ်”

သိမ့်သိမ့်သည် ကွာတားဘောင်းဘီဒူးဖုံး မိုးပြာ ရောင်ရင့်ရင့် ပျော့အိအိအသားလေးကို ဝတ်ထားသည်။ အပေါ်တွင် ဇာအင်္ကျီလက်ပြတ်ဝတ်ထားသည်။ ခါးမှာ ခါးစည်းကြိုးရှည်အကျပ်နှင့် ဖြစ်၏။

သူမ၏ ခြေသလုံးသားဝင်းဝင်းကလေးများကို တွေ့ရပါ၏။ ဇာအင်္ကျီမှာ အပြာရောင်စုဖြစ်ကာ နှစ်ထပ်ဇာအမျိုး အစားဖြစ်သည်။ လက်ပြတ်အင်္ကျီမို့ ဝင်းဝါသောအသားနှင့် အကြော စိမ်းကလေးများပင် တွေ့ရသည်။

လက်ထဲမှ လင်ဗန်းကို နေရဲလှမ်းယူလိုက်သည်။ လင်ဗန်းကို အုတ်ခုံအလယ်မှာ ချထားလိုက်သည်။ လင်ဗန်းထဲတွင် ဖခါးရည်တစ်အိုးနှင့် ပြောင်သားခြောက်တစ်ပန်းကန်ပါလာခဲ့သည်။ ပန်းကန်လုံးများပါ၏။

“ဦးပါပ လာယူတာ ... သူ သန့်စင်ခန်းဝင်နေလို့ သိမ့် ဖခါး ရည်အိုးလာပို့တာ ... ဦးပါပကတော့ ဖခါးရည်နဲ့မြည်းဖို့

မတောင်းပါဘူး … သိမ့်က ဖခါးရည်နဲ့လိုက်တဲ့ ပြောင်သား ခြောက်ရှိနေတာမို့ မီးဖုတ်ပြီး ဆီဆမ်းယူလာပေးတာ"

သိမ့်သိမ့်က စကားပြောရင်းမှ လှည့်ထွက်ရန် ပြင်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မသိမ့် … ဦးပါပက ဖခါးရည်သွားယူဦးမယ်ဆိုပြီး ထွက်သွားတာပဲလေ … ဦးပါပကြီးက အမြည်းပါ ယူမယ်ဆိုပြီးတော့ သွားတာတော့ မဟုတ်ရှာပါဘူး"

နေရဲက သိမ့်သိမ့်ကို ရှင်းပြလိုက်သည်။ သိမ့်သိမ့်၏ မျက်စောင်းကလေးက သူ့ထံ ရောက်ရှိလာပါ၏။

"ဦးပါပကို ဒီက အပြစ်မပြောပါဘူးနော် … တပြားတချပ်မှ မရပဲ ရှေ့နေလိုက်နေလိုက်တာ"

လှသော ချောသော မိန်းကလေးများ မျက်စောင်းထိုးလျှင် လှသည်ပဲ ဖြစ်ပါလေ၏။ နေရဲ ပြုံးမိတော့သည်။

"ဘာပြုံးတာလဲ … သိမ့်စကားက ပြုံးစရာမပါပါဘူးနော် ဦးကျောက်အိုးလူတွေအားလုံးက … စရိုက်တူတူချည်းပဲ မိန်းကလေးမြင်ရင် မျက်စိက အငြိမ်မနေဘူး … ပါးစပ်လည်း အငြိမ်မနေတတ်ကြဘူး … ဟိုလူ မင်းထိုက်ဆိုလူမလစ်နဲ့ လစ်ရင် ဟိုစကားပြော ဒီစကားပြော ပြော





တော့တာပဲ … သိမ့်တို့သားအမိကိုက ကံဆိုးတာပါ … မေမေဟာ သူ့ရဲ့ မျိုးရိုးစဉ်ဆက်တစ်ခုရဲ့ တာဝန်တစ်ခုကို မကျေပွန်မှာစိုးလို့ ဦးကျောက်အိုးကို ဇွတ်မှိတ်ပြီး လက်ထပ်ခဲ့တာပဲ … အခုတော့ သိမ့်လည်း ဂျတ်သီးနဲ့ ပေါင်းမိတဲ့ ကြက်သွန်လိုဖြစ်တော့တာပဲ"

သိမ့်သိမ့်က လှည့်ထွက်တော့သည်။

နေရဲသည် သိမ့်သိမ့်စကားကြောင့် ပြုံးနေရာမှ တည်သွားခဲ့ပါလေသည်။ ပြီးတော့ သိမ့်သိမ့်ကို ကြည့်လိုက်မိသည်။

"အဲဒီစကားက တို့အတွက်တော့ မှန်မယ် မထင်ပါဘူး မသိမ့် … ဦးကျောက်အိုးလူတွေအားလုံး ဒီလိုချည်းပဲဆိုတာ မျိုးတော့ သိမ်းကျုံးမပြောပါနဲ့လား"

သိမ့်သိမ့်မျက်နှာကလေးတွင် ပြုံးမဲ့မဲ့ကလေးဖြစ်သွားပါလေ၏။ သိမ့်သိမ့်သည် အကြည့်စူးစူးဖြင့် နေရဲကို ကြည့်လာခဲ့သည်။

"ဦးကျောက်အိုး နောက်လိုက်တပည့်အားလုံးက လူကောင်းသူကောင်းမှ မဟုတ်တာ … သိမ့်သိမ့်ပြောတာ လွန်သွားသလား"

"မှန်ပါတယ် … အဲဒီအထဲမှာ နေရဲမပါဘူး မသိမ့်"

"ဘာဖြစ်လို့ မပါရမှာလဲ ... ကိုနေရဲလည်း ဦးကျောက်အိုးရဲ့ နောက်လိုက်တစ်ယောက်ပဲလေ"

"နောက်လိုက်တစ်ယောက်ဆိုတာ မှန်ပါတယ် ... တကယ်တော့ ကျွန်တော်ဟာ အိမ်ပေါ်က ဆင်းလာပြီးတဲ့နောက် ရန်ကုန်မှာ ငွေတစ်ပြားတစ်ချပ်မှ မရှိတဲ့ အဖြစ်မျိုးရောက်ခဲ့တယ်လေ ... လူဆိုတာ ငါ့ဝမ်းပူဆာ မနေသာဆိုတဲ့အတိုင်း မကောင်းမှု ကောင်းမှုဆိုတာကို ဂရုမပြုနိုင်တော့ဘဲ နဒီတို့တိုက်ထဲက ထမင်းဝင်ခိုးစားမိတယ်ပေါ့ ... အဲဒီမှာတင် နဒီက လုံခြုံရေးကင်မရာက မှတ်တမ်းတင်ထားတာကို ပြောပြပြီး သူ့အဖေရဲ့ ဒုစရိုက်လုပ်ငန်းမှာ နောက်လိုက်အဖြစ် အသုံးချဖို့ အကြံပ်ကိုင်လို့ မြစ်ကြီးနားကို ပါလာတာလေ"

နေရဲက သိမ့်သိမ့်အား ရှင်းပြလိုက်သည်။

သိမ့်သိမ့်သည် မဲ့ပြုံးလေး ပြုံးကာ မယုံကြည်နိုင်စရာအဖြစ် ပြောပါလေတော့သည်။

"ယုံကောင် အရုပ်ရေးပြရင်တောင် ယုံရခပ်ခက်ခက်ပဲ ကိုနေရဲ ... ဒီအရွယ်ကြီးကျမှ အိမ်ပေါ်ကဆင်းရလောက်အောင် ဘာအပြစ်များ လုပ်ခဲ့မိလို့လဲ ... ဒီအရွယ်ဆိုတာ





ဘာပဲပြောပြော မိမိခြေထောက်ပေါ်မှာ ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲ လုပ်လုပ် ရပ်တည်နေကြပြီပဲ အင်းလေ ... အိမ်ထောင်ရေးအဆင်မပြေတာဆိုရင်တော့လည်း ပြောရခက်တာပေါ့ ... ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘဝကို ရွက်လွှင့်ကျတာမျိုးတော့ သိမ့်တို့ တွေ့ဖူး ကြုံဖူးတယ်လေ"

"ဟုတ်ပါတယ် ... ကျွန်တော့်အရွယ်က မိမိခြေထောက်ပေါ်မှာ မိမိရပ်တည်နိုင်ရမယ်ဆိုတာ သိပ်မှန်တဲ့စကားပါပဲ မသိမ့် ကျွန်တော့်ဒက်ဒီက သစ်တောအရာရှိဘဝနဲ့ အသက်ငါးဆယ်ကျော်မှာ ပင်စင်ယူတယ် ... မာမီဆုံးသွားတော့ နောက်အိမ်ထောင်ပြုတယ်လေ ... မိထွေးက သားတစ်ယောက် သမီးတစ်ယောက်ပါလာတယ် ... ကျွန်တော်ကလည်း သစ်တောဘွဲ့ရပြီးတဲ့နောက် မာမီကျန်ခဲ့တဲ့ ရတနာဆိုင်လုပ်ငန်းကိုလည်း မဦးစီးခဲ့ဘူး ... သစ်တောပညာရပ်နဲ့ ပတ်သက်ပြီးတော့လည်း ဘာမှ တိုင်းပြည်အတွက် ... ကိုယ့်အတွက် မဆောင်ရွက်ခဲ့ပါဘူး ... မိဘအဆင်ပြေတယ် ချမ်းသာတယ်ဆိုပြီး ပေါ့ပေါ့လေးနေခဲ့မိတယ် ... မိထွေးက အစစအရာရာ ချုပ်ကိုင်လာခဲ့တော့မှ ဒေါသတွေ ပေါက်ကွဲပြီး ဒက်ဒီနဲ့ ရင်ဆိုင်ခဲ့ရတယ်လေ ... နောက်ဆုံးတော့ အိမ်

ပေါ်က ဆင်းလာမှာယ် ... ဦးတည်ရာမဲ့ခဲ့တယ် ... တကယ်တော့ ဒါတွေဟာ ကျွန်တော့်အပြစ်တွေပါ မသိမ့်"

နေရဲ မရှက်ပါလေတော့။

သိမ့်သိမ့်မိန်းမလှကလေး၏ ရှေ့တွင် ရဲရဲပင် မိမိအပြစ်ကို မိမိဝန်ခံလိုက်ပါလေသည်။ သိမ့်သိမ့်၏ မျက်ဝန်းကလေးထဲတွင် ကိုယ်ချင်းစာနာမှု၊ ဂရုဏာသက်မှုတွေ တွေ့ရနေရပါလေ၏။

"အင်း ... ကိုနေရဲရဲ့ ကိုယ်အပြစ် ကိုယ်ဝန်ခံရဲတဲ့စိတ်ဓာတ်ကို သိမ့်တကယ့်ကို လေးစားသွားပါပြီ ... လူတွေဟာ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံဖို့ ခက်တယ်လေ ... ပြောရရင် ကိုနေရဲ အဖြစ်နဲ့ သိမ့်အဖြစ်က တူပေမယ့် မတူတာတွေ အများကြီးရှိပါတယ်လေ ... ကိုနေရဲအကြောင်းကို အခုလို သိလိုက်ရတော့ ကိုယ်ချင်းစာမိပါတယ် ... ကိုနေရဲ အခု ဆက်ဆံနေတဲ့ ဦးကျောက်အိုးတို့ မိသားစု ... ထားပါတော့လေ ... နဒီအပါအဝင် သူ့တပည့်အားလုံးမိသားစုပေါ့ ... သူတို့အားလုံးက လူဆိုးလူမိုက်တွေပါ ... ကိုနေရဲရဲ့ ဘဝက ခြေလှမ်းကို နောက်ဆုတ်ရင် ရပါသေးတယ် ... ကိုနေရဲ ဒီက ထွက်သွားပါလား"





သိမ့်သိမ့်သည် နေရဲကို သူမရင်ထဲက ဆန္ဒတွေကို ထုတ်ဖော်ပြပါလေသည်။

"ပြောပြီးပြီကော သိမ့် ... နဒီဆီမှာ တို့သူတို့ပိုင် တိုက်ထဲဝင်ခဲ့တဲ့အပြစ်ရှိနေတယ်လေ"

"မပြောပလောက်ပါဘူး ကိုနေရဲ ... သူတို့ မတိုင်ရဲပါဘူး ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင်က လူကောင်းသူကောင်းမှ မဟုတ်ကြတာ"

နေရဲ ခေါင်းကို သွက်သွက်ခါရမ်းလိုက်ပါ၏။

"အဲဒါကို ကျွန်တော်လည်း သိပါတယ် မသိမ့် ... သူက ဒက်ဒီဆီကို လုံခြုံရေးကင်မရာနဲ့ မှတ်တမ်းတင်ထားတဲ့ အခွေပို့လိုက်မယ်ဆိုရင် ဒက်ဒီဟာ ခေါင်းမဖော်ရဲအောင် ရှက်ရမှာပါ ... နဒီက သိပ်ပါးနပ်တဲ့ မိန်းကလေးလေ ... ကျွန်တော့်မိထွေးဆီကိုရော မပို့ပဲနဲ့ နေမတဲ့လား ... တောင်ငူမြို့ပေါ်မှာ ဒက်ဒီနဲ့ မာမီဟာ နာမည်တစ်လုံးနဲ့ ဂုဏ်သိက္ခာရှိရှိနေခဲ့ကြတာပါ ... သူတို့ရဲ့ သက်တမ်းမှာရော သူတို့မိဘတွေရဲ့ သက်တမ်းမှာရော အမည်းစက်မရှိခဲ့ဘူး ဂုဏ်သိက္ခာမဲ့တဲ့ ဖြစ်ရပ်မျိုး မရှိခဲ့ပါဘူး ... ပြီးတော့ ဒက်ဒီဟာ ဂုဏ်သိက္ခာပိုင်းကို သိပ်ဂရုစိုက်တဲ့လူတစ်ယောက်ပါ

ဒက်ဒီ ယူကျုံးမရဖြစ်လိမ့်မယ် … နဒီနဲ့ ဦးကျောက်အိုးက ငွေညှစ်ဖို့ ကြိုးစားလာလိမ့်မယ်လေ … ထောင်ချောက်မှန်း သိသိနဲ့ ရှေ့ကိုပဲ တက်ရတော့မှာပါ … အင်းလေ ဒီကြားထဲက ရန်းထွက်ဖို့ အခွင့်သာလာရင်တော့"

နေရဲ စကားဖြတ်လိုက်သည်။ မဖြတ်၍ မဖြစ်။

ဦးပါပကြီးသည် လက်ထဲတွင် ဆွဲခြင်းတစ်လုံးနှင့် ခြံအနောက်ဘက်မှ ထွက်လာခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါလေ၏။

"ဟေး … သိမ့်သိမ့်တောင် ရောက်နေပါလား"

ဦးပါပက လှမ်းပြောလိုက်သည်။ သိမ့်သိမ့်က ဦးပါပအား လှမ်းကြည့်လိုက်ပြီး

"ဟုတ်တယ် ဦးပါပ … သန့်စင်ခန်းဝင်တာတွေ့လို့ သိမ့်သိမ့် ဖခါးရည်လာပို့တာ"

"ဟုတ်လား … ကျေးဇူးကမ္ဘာပဲ သိမ့်သိမ့်ရေ … ဦးပါပလည်း မေ့သွားပြီး ဆိုင်းဇီကို တညင်းသီးတွေ ခူးပေးနေတာလေ ဝက်သားနဲ့ တညင်းသီးချက်မယ်ပြောလို့"

"ဟုတ်တယ် … ဝက်သားနဲ့ တညင်းသီးရယ် … ပုန်းရည်ကြီးချက်ဖို့ စဉ်းစားမိလို့လေ ဦးပါပ"

"ဒါဆို သိမ့်သိမ့်ပဲ ယူသွားတော့ ဦးပါပ ဖခါးရည်သောက်





လိုက်ဦးမယ် … အားပါး ပါး … အမြည်းတွေပါ ပါတယ်ဆိုတော့ ဖခါးရည်သောက်လို့ ကောင်းဦးတော့မှာပဲ … ကျေးဇူး … ကျေးဇူးကမ္ဘာဆိုင်း"

ဦးပါပကြီးက ကျေးဇူးတွေကို ဖောဖောသီသီပင် တင်တော့သည်။ သိမ့်သိမ့်သည် ဦးပါပကြီးက ကျေးဇူးတင်သည်ကိုပင် ခပ်မဲ့မဲ့လေးတစ်ချက်ကြည့်ကာ ထွက်သွားပါလေသည်။

ဦးပါပကြီးသည် ပြောင်သားခြောက်များကို အားရပါးရ စားသည်။ ဖခါးရည်ကိုလည်း တစ်ခွက်ပြီးတစ်ခွက် သောက်ပါ၏။ နေရဲတ ဖခါးရည်ကိုသောက်သည်ဆိုရုံသာ သောက်၍ ပြောင်သားခြောက်ကိုလည်း စားသည်ဆိုရုံမျှသာ သောက်မိပါလေသည်။

ညနေစောင်းတွင် လင့်ရှိဘာကားနှင့် ဦးကျောက်အိုး၊ နဒီနှင့် ဖော်လတို့ ပြန်ရောက်လာကြသည်။ ညနေ ထမင်းစားတော့ နဒီ၊ ဦးကျောက်အိုး၊ ဦးပါပနှင့် နေရဲတို့ပဲ စားသောက်ဖြစ်ကြသည်။

ထမင်းဝိုင်းကို ဆိုင်းဇီပဲ ပြင်ဆင်ပေးပါ၏။ သိမ့်သိမ့်နှင့် ဒေါ်ရွှေစောကို မတွေ့ရပေ။ ဝက်သားတညင်းသီးနှင့် ပုန်းရည်ကြီးရောကာ ချက်ထားသော ဟင်းက တစ်ခွက်၊ မုန့်လာဥချဉ်ဟင်းရည်သောက်တစ်ခွက်၊ ပဲပုပ်ကို လက်ညှိုးခန့်တုံးကာ ဂျင်း၊ ကြက်သွန်ဖြူနှင့် ဆီသတ်ပြီး ကြော်ထားသည့် ဟင်းကတစ်ခွက်ဖြစ်သည်။





ဦးပါပကြီးသည် မြိန်ရည်ယှက်ရည်စားပါလေသည်။ ဦးကျောက်အိုးသည်လည်း မြိန်ရည်ယှက်ရည်စားသည်။ နေရဲသည် ဝက်သား၊ ပုန်းရည်နှင့် တညင်းသီးရောချက်သည်ကို ကြိုက်နှစ်သက်တတ်ပါ၏။

သို့သော် ဘာကြောင့်မှန်းမသိ။ ထမင်းစားမကောင်းလှ၍ စောစီးစွာပင် လက်စသပ်ကာ ထမင်းဝိုင်းမှ ထွက်ခဲ့သည်။

ညပိုင်းတွင် ထိုညက နဒီရော ဦးကျောက်အိုးပါ ဆင်းမလာခဲ့ပေ။ မီးလင်းဖိုရှိရာအခန်းတွင် ဦးပါပနှင့် နေရဲသာ ခဏတဖြုတ် ဖခါးရည်ထိုင်သောက်ကြသည်။ ဆိုင်းဇီရောက်လာပြီး ဦးကျောက်အိုးမှာသည်ကို လာပြောခဲ့သည်။

"ဆရာကြီးက မှာလိုက်ပါတယ် ... ဦးပါပရော ကိုနေရဲပါ စောစောအိပ်ကြပါတဲ့ ... တောလည်နိုင်ဖို့ ကိုယ်ရော စိတ်ပါ လန်းဆန်းနေဖို့ လိုတယ်တဲ့"

နေရဲ ခေါင်းညိတ်ပြလိုက်သည်။ ဦးပါပကတော့ ဘာမှ မပြောပေ။ ဆိုင်းဇီပြန်သွားပြီးနောက် နေရဲနှင့် ဦးပါပ အိပ်ရာဝင်ခဲ့ကြသည်။

အခန်းထဲရောက်၍ ခုတင်ပေါ်ရောက်သည့်တိုင် နေရဲအိပ်မပျော်နိုင်ခဲ့။ အိပ်မပျော်နိုင်ခြင်း၏အကြောင်းသည် သိမ့်

သိမ့်နှင့် ပတ်သက်၍ ဖြစ်သလို မိမိအကြောင်းနှင့် ပတ်သက်၍ပဲ ဖြစ်သည်။

ထို့အတူ မိုင်းအင်ဂျင်နီယာဆိုသော မင်းထိုက်ဟူသော လူနှင့်လည်း ပတ်သက်၍ ဖြစ်ပါလေ၏။

သိမ့်သိမ့်သည် မိမိနှင့် အလားသဏ္ဍာန်တူသည်ဟုလည်း ပြောခဲ့သည်။ မတူပါဟုလည်း ပြောခဲ့ပြန်သည်။

တူရခြင်းအကြောင်းရင်းကရှင်းသည်။ မိမိသည် ဖခင်နောက်အိမ်ထောင်ပြု၍ မိထွေးနှင့် နေရသည်။

သိမ့်သိမ့်သည် မိခင်နောက်အိမ်ထောင်ပြု၍ ပထွေးနှင့်နေရသည်။

ဤအကြောင်းအချက်က အတူတူပဲ ဖြစ်သည်။

မတူရခြင်းအကြောင်းရင်းမှာ မိမိသည် မိထွေးနှင့် မပြေလည်ခြင်းမှ ဖခင်ဖြစ်သူနှင့်ပါ စကားအခြေအတင်ဖြစ်ပြီး မိမိသဘောအလျှောက် အိမ်ပေါ်မှ ဆင်းခဲ့ရခြင်းသာဖြစ်ပါ၏။

သိမ့်သိမ့်မှာမူ မိခင်ဖြစ်သူက မျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာခဲ့ရသည့် ဏာဝန်တစ်ခုကို ကျေပွန်ချင်သောကြောင့် ဦးကျောက်အိုးလို လူဆိုးလူမိုက် ကျောက်ပွဲစားတစ်ဦးကို လက်ထပ်ကာ နောက်အိမ်ထောင်ပြုလိုက်ခြင်းပဲ ဖြစ်သည်။





ဦးကျောက်အိုးလို ကျောက်ပွဲစား လူလည်လူရှုပ်တစ်ဦးကို လက်ထပ်ပေါင်းသင်းခဲ့လျှင် မိမိ၏ပေးဆပ်ရမည့် အကြောင်းတရား အကျိုးတရားကို သိပါလျက်နှင့် အဘယ်အကြောင်းကြောင့် လက်ထပ်ရပါသနည်း။

ဒီတော့ စဉ်းစားစရာ ဖြစ်လာရတော့သည်။

အဘယ်သို့သောအကြောင်းကြောင့်ဖြစ်ပါသနည်း။ နက်နဲသော အကြောင်းတစ်ရပ်တော့ ရှိနေပေလိမ့်မည်။

ထိုနက်နဲသော အကြောင်းတရားသည် မိုင်းအင်ဂျင်နီယာတစ်ဦးဖြစ်သော မင်းထိုက်နှင့်လည်း ဆက်စပ်နေပေလိမ့်မည်။

အပေါ်ယံရှုပ်တွေးလျှင် ဤမင်းထိုက်ဆိုသောလူကို ဦးကျောက်အိုး လက်တွဲခဲ့ခြင်းသည် ဘာမျှမဆိုင်ဟု တွေးသော်ရကောင်းပါလေသည်။

ဦးကျောက်အိုးသည် ကျောက်စိမ်းကို တရားဝင်မဟုတ်စေကာမူ ခိုးကျင်းတူးဖော်နေခဲ့သည့် တွင်းရှင်တစ်ဦးမဟုတ်ခဲ့။

ဦးကျောက်အိုးသည် ပါးပါးလှုပ်လှုပ်ကလေး ကျောက်စိမ်းလောကတွင် လည်သလို လုပ်စားနေခဲ့သူပဲဖြစ်သည်။

နိုင်းအင်ဂျင်နီယာတစ်ဦးကို အရေးတယူ ဆက်ဆံစရာမလို။

ဦးကျောက်အိုးသည် မြို့ပေါ်တွင် သိုသိုသိပ်သိပ် ရောင်းချသော အောင်ကျောက်ကို သူလိုချင်သည့်ဈေးနှင့်ရလျှင် ဝယ်သည်။ မရလျှင် မဝယ် အပင်ပန်းမခံပေ။ စိတ်မဝင်စားတော့။

သူ့အမိက လှုပ်ရှားသည်က မော်အသီးသီးမှ ထွက်သော အောင်ကျောက်သတင်းကို ရအောင် စုံစမ်းသည်။ သူ၏အဖွဲ့ဝင် လူဆိုးလူမိုက်များနှင့် ဖြတ်လုသည်။ ကုန်သည်များကို ဓားပြတိုက် ရယူခြင်းပဲဖြစ်ပါလေသည်။

ဒုစရိုက်သမားချင်းဖြစ်သည့်ကိစ္စမို့ တိုင်သည် တောသည့်ပြဿနာက မပေါ်ခဲ့ပေ။ ကျောက်စိမ်းမှောင်ခိုသူကို လူကြီးလူကောင်းဟန်ဆောင်ထားသည့် အရေခြုံပွဲစားဓားပြတစ်ဦးက တိုက်ခိုက်ခြင်းမို့ ပြဿနာက လူသိထင်ရှားဖြစ်ပေါ်လာခဲ့ခြင်း မရှိခဲ့။ အမှောင်ထဲက ပြဿနာသည် အမှောင်မှာပဲ ပြီးသွားလေ့ရှိသည်။

ထို့ကြောင့်ပင် သက်ဆိုင်ရာက ဦးကျောက်အိုးအား အရေးယူနိုင်ခဲ့ခြင်းမရှိပါလေ။

သက်ဆိုင်ရာ မှုခင်းတပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်တွေသည် အမှုဖွင့်လိုသူ တရားလိုရှိပါမှ လက်ပူးလက်ကြပ်မမိခဲ့သည့်တိုင်အောင် ဆက်စပ်ပတ်သက်လေသော အထောက်အထားများဖြင့်





ဖမ်းဆီးအရေးယူနိုင်လေသည်ပဲ ဖြစ်ပါလေ၏။

တစ်ခုတော့ရှိသည်။ အောင်ကျောက်များကို ဝယ်ယူရရှိကာ မှောင်ခိုထုတ်ခြင်းမှာလည်း ဦးကျောက်အိုးလို လူစားမျိုးက ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်း မရှိတတ်။ ကယ်ရီ ခေါ် အခစားသယ်ယူသူတို့နှင့်သာ ပြုလုပ်တတ်သူမို့ သက်ဆိုင်ရာမှ ဖမ်းဆီးမိခဲ့ပါလျှင်လည်း ဦးကျောက်အိုးမှာ ပါးနပ်စွာ လွတ်မြောက်သွားခဲ့သည်ချည်းပဲဖြစ်ပါလေသည်။

မိမိကတော့ မထင်မှတ်ဘဲ မြုံးထဲဝင်ရောက်၍ မြုံးမိသော ငါးတစ်ကောင်ပဲ ဖြစ်သည်။

မြုံးမိငါးတစ်ကောင်၏ဘဝသည် ဈေးတင်၍ ဖမ်းမိသူက ရောင်းချင်ရောင်းမည်။ ချက်ပြုတ်စားသောက်ရန် သတ်လျှင်သတ်မည်။

ဘာပဲဖြစ်ဖြစ် မြုံးရှင်သည် သူ့အကျိုးအတွက်ပဲ စဉ်းစားမည်သာ ဖြစ်ပါ၏။ မြုံးမိငါးကို ဘယ်တော့မှ ပြန်လွှတ်ရိုး ထုံးစံမရှိခဲ့။

နေရဲသည် မိမိဘဝအတွက်ရော သိပ်သိမ့်တို့ဘဝအကြောင်းပါ စဉ်းစားရင်း အတွေးများနှင့် လုံးထွေးကာ ညဉ့်နက်သည်အထိ အိပ်မရနိုင်ခဲ့ပါလေတော့။ မင်းထိုက်အကြောင်းကမူ

သူနှင့် သက်ဆိုင်လေခြင်းမရှိသည်မို့ ဆက်၍ မတွေးဖြစ်ခဲ့တော့။

သိမ့်သိမ့်တို့ဘဝအကြောင်း စဉ်းစားမိလေသည်က မိမိနှင့် ဘဝတူသူဖြစ်သည်ကတစ်ကြောင်း၊ မိမိအပေါ်တွင် စေတနာ သန့်သန့်နှင့် ထားရှိကာ ဦးကျောက်အိုးတို့လူစုနှင့် မပတ်သက်ရန် သတိပေးခဲ့ခြင်းကြောင်းပဲ ဖြစ်ပါလေ၏။

မထူးတော့။ အိပ်မရသည်မို့ အခန်းထဲမှထွက်ကာ မီးလင်းဖိုအနီးမှာပဲ နေရဲ ဖခါးရည်ကို သောက်နေမိခဲ့ပါလေသည်။ ပူနေသော အနွေးဓာတ်ကြောင့်လား၊ အပြောင်းအလဲတစ်ခုကို ရင်ဆိုင်လိုက်ရ၍ပဲလား မသိပေ။ ညယံ၏ တပါးသော ညယံဖြစ်သည့် မီးလင်းကာနီးတွင် နေရဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့မိပါလေတော့၏။





## ၈

ပိတောင် တောစပ်မှာပင် လင့်ရိုဘာကားကို ဦးကျောက်အိုးက ထားခဲ့မည်ဟု နေရဲ ထင်သည်။ ဦးကျောက်အိုးမှာ တောအတွင်းဘက်သို့ ဇော်လအား မောင်းဝင်စေခဲ့သည်။

ပိတောင်တောစပ်မှာ မြက်ခင်းအတိုများဟာ ပေါက်၍ လွင်ဟုခေါ်ဆိုနိုင်ပါ၏။ ပိတောင်တောကြီးမှာ ပိတောင်ဘူတာရုံ၏ မြောက်ဘက်တွင် တည်ရှိပါ၏။ ပိတောင်တောမှာ တောင်များဝိုင်းရံလျက်ရှိသော လွင်အများအပြားပင်ရှိသည်။

နာမည်ကျော် ပိတောင်လွင်ပြင်အနီး ဆယ့်တစ်မိုင် အကွာတွင် ပိတောင်ဘူတာရုံကလေး ရှိပါလေသည်။ အချို့က ပျော်ဘွယ်ကြီးလွင်ဟုလည်း ခေါ်ကြပါ၏။

ကိုလိုနီခေတ်အခါက မြန်မာနိုင်ငံတွင် ဘုရင်ခံဖြစ်ခဲ့ဖူးသူတွေမှာ သူတို့၏ ဘုရင်ခံသက်တမ်းတွင် အနည်းဆုံး တစ်ခေါက်လောက် ရောက်လာတတ်ကြပါလေသည်။

မြန်မာနိုင်ငံတွင် ဘုရင်ခံဖြစ်ခဲ့သော ဆာဟာကုတ်ဗတ်တလာသည် ပိတောင်တောကို အထူးစိတ်ဝင်စားခဲ့သည်ဟု ဦးကျောက်အိုးက နေရဲအား ရှင်းပြပါလေသည်။

"အရင်တုန်းကတော့ ... ပိတောင်လွင်တွေမှာ တောတောင်အင်မတန် ပေါတယ်လို့ ဆိုကြတယ် မောင်နေရဲ ... အမဲပစ်တောလည်သူတွေကြောင့် တောကောင်တွေက တောထူထပ်တဲ့နေရာတော့ ဝင်ကြရမှာပဲကွယ်"

"အင်း ... ဒါကတော့ စည်းမဲ့ကမ်းမဲ့ အမဲပစ်ကြသူတွေရဲ့ စည်းကမ်းမဲ့မှုကြောင့်ပေါ့ ဦးရယ် ... ကျွန်တော်တို့လည်း တောလည်ခဲ့ကြတာပဲလေ ... ဒါပေမဲ့ ကန့်သတ်သားကောင်ဆိုရင်တော့ စည်းကမ်းအရ ရှောင်ကွင်းခဲ့ပါတယ်"

"ဒါပေါ့ မောင်နေရဲ ... ဦးလည်း ပြောရရင် လူကောင်းတစ်ဦးမဟုတ်ပါဘူး ... အဲ ... မရှောင်သာလို့ အန္တရာယ်ဖြစ်မယ်ဆိုရင်တော့ ပစ်ခဲ့ခတ်ခဲ့ရတာပေါ့ကွယ် ... ဦးက အမဲပစ်လိုင်စင်ရပါတယ် ... သစ်တောဥပဒေလည်း နားလည်





ထားပါတယ်"

"ဘိနယ်တော့ ဦးသိမှာပါ ... အမဲအုပ်တော့ ရှိမှာပေါ့"

"ရှိပါတယ် ... ဘိနယ် ငါးနယ်လောက်တော့ ရှိမယ်ထင်တယ် ... ဘိနယ့်တစ်နယ်ကို အမဲစောင့်တစ်ဦးကျ ထားတယ်လေ ... ဘိနယ်စောင့်အမဲစောင့်တွေက သူ့ ဘိနယ်နဲ့ ဆိုင်တဲ့ရွာမှာ အမြဲ ရှိနေတတ်ကြတယ် ... အမဲအုပ်ကြီးကတော့ အမဲစောင့်ကြီးနှစ်ယောက်နဲ့ နယ်မဏီးရွာသွားတဲ့လမ်းမှာ နေကြတယ်လေ ... ဦးနဲ့ ခင်ပါတယ် ... တောကောင်ပစ်ပြီးမှပဲ သွားလည်ကြတာပေါ့"

"ကိစ္စမရှိပါဘူး ဦး ... ကျွန်တော်က သစ်တောအရာရှိ တစ်ဦးသားမို့ မေးမိတာပါ ... ဦးအတွက် ခရီးထောက်မယ်ဆိုရင် နောက်မှပဲ သွားလည်ပါ ... သစ်တောတစ်တောရယ်လို့ ဖြစ်လာရင် အကန့်အသတ် စည်းကမ်းဆိုတာ ရှိတယ် မဟုတ်လား ဦး ..."

နေရဲက ဦးကျောက်အိုးကို အလိုက်အထိုက် ပြောလိုက်ပါလေသည်။ စိတ်ထဲကတော့ ပြုံးမိသည်။ သည်လူကြီးသည် ရှေ့စကား နောက်စကား မညီစွာပင် လိမ်လည်နေပါလေသည်။

မိမိနှင့် နဒီ စတွေ့စကပင် သူမ၏ဖခင်သည်

ကျောက်စိမ်းမှောင်ခိုထုတ်သည်။ ဆင်စွယ်များကိုလည်း ပြည်ပသို့ ခိုးထုတ်သည်ဟု ဆိုခဲ့၏။ ဦးကျောက်အိုးသည် ပြောင်လိမ်ပြောင်စားတစ်ဦးသာတည်း။ ရယ်စရာ ကောင်းပါလေ၏။ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေဟူ၍ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား မေတ္တာပို့တတ်ပြီး ထမင်းစားသည့်အခါ သားငါးမပါရင် တို့က ထမင်းမျိုမကျဘူးကွယ့်ဟူကာ ညည်းညူတတ်သည့်လူနှင့် တူပါလေ၏။ ဒါကတော့ ကမ္ဘာ့ဟင်းသီးဟင်းရွက်တွေလေ၊ သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်သည်ဆိုသောလူနှင့် ဘာထူးသေးပါသနည်း။

နေရဲသည် မိမိ မကျွမ်းကျင်သော တောဖြစ်၍ ရှေ့ဆုံးမှ မသွားဘဲ အလယ်မှသာ လိုက်ပါခဲ့သည်။

ရှေ့ဆုံးမှ မုဆိုး ငွမ်ရှင်တူးနှင့် သူ့လူနှစ်ယောက်။ နောက်တွင် မင်းထိုက်နှင့် ဦးပါပ။ အလယ်တွင် ဦးကျောက်အိုး၊ နဒီနှင့် နေရဲတို့ လိုက်ပါခဲ့သည်။

မုဆိုး ငွမ်ရှင်တူးသည် အမဲပစ်ရိုင်ဖယ်ကို ကိုင်သည်။ သူ့လူနှစ်ယောက်မှာ ဒူးလေးကိုင်ကြ၏။ ဦးကျောက်အိုးတို့လူစုမှာ အမဲပစ်ရိုင်ဖယ်များ ကိုယ်စီ ကိုင်လာခဲ့ကြပါ၏။

သစ်တောအတွင်း လူသွားလမ်းကလေးများ တွေ့ရသည်။ လှည်းလမ်းကြောင်းလည်း တွေ့ရပါ၏။ သစ်ခုတ်ဝါးခုတ်





သူများ သွားလာသောလမ်း ဖြစ်ပေလိမ့်မည်။ အမဲစောင့်များ ဆားထည့်ပေးထားသည့် မြေငန်စားကျင်တွင်းများကိုလည်း တွေ့ရသည်။

တောထူလာသည့်အခါ လူသွားလမ်း၊ လှည်းလမ်းကြောင်းများ မတွေ့ရပါလေတော့။

နွားတွန်သံကဲ့သို့သော အသံကို ကြားလိုက်ကြရသည်။

ရှေ့မှ သွားနေသော ငွမ်ရှင်တူးတို့လူစု ခြေလှမ်းများ တုံ့ရပ်သွားကြပါလေသည်။

ပြောင်တွန်သံဖြစ်ကြောင်း အားလုံး သိလိုက်ကြသည်။

နေရဲသည် ဦးကျောက်အိုးအနီးသို့ ကပ်လိုက်ပါ၏။

“ပြောင်တွန်သံ ဦး ... သင်းကွဲပြောင်ဖြစ်နိုင်တယ် ... တွန်သံကြားရတာကတော့ ပြောင်အိုလည်း မဖြစ်လောက်ဘူး”

ဦးကျောက်အိုးမှာ ဘာမှ ပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ မင်းထိုက်ကမူ နေရဲကို ပြုံးလျက် ကြည့်၍ ပြောပါလေသည်။ သူ့အမူအရာက အထင်သေးဟန်ပဲဖြစ်၏။

“တွန်သံကတော့ ... တစ်ကောင်တည်းတွန်သံ မှန်ပါတယ်

ကိုနေရဲ ... ပြောင်အိုကြီးတစ်ကောင်ပဲ ဖြစ်မှာပါ"

"မဖြစ်နိုင်ဘူး ကိုမင်းထိုက် ... အသံက ပြောင်အိုတစ်ကောင်ရဲ့အသံ မဟုတ်နိုင်ဘူး ... သင်းကွဲပြောင်ထီးပဲ ဖြစ်နိုင်တယ် ... ပစ်နိုင်ရင်တော့ ဦးချိုကောင်းကောင်း ရတာပေါ့ဗျာ ... ခင်ဗျားပြောသလို ပြောင်အိုကြီးတစ်ကောင်ဆိုရင် ဦးချိုပိုလှတာပေါ့ ကိုမင်းထိုက်"

နေရဲက ခပ်အုပ်အုပ် ပြောလိုက်သည်။

ပြောင်အိုများသည် စိတ်ဆန္ဒကုန်ခမ်းနေခြင်းနှင့် ခေါင်းဆောင်ရန် အင်အားမရှိတော့သော ပြောင်ထီးကြီးပင် ဖြစ်သည်။

ထိုပြောင်ထီးကြီးများရပါမှ လှပသော ဦးချိုကောင်းကောင်း ရတတ်ပါလေသည်။ သင်းကွဲပြောင်ထီးတို့မှာမူ ခေါင်းဆောင် ပြောင်ထီးက သူ့အား ပြန်လှန် တိုက်ခိုက်သောကြောင့် ရှုံးပြီး နှင်ထုတ်ထားခံရသော ပြောင်ထီးများပင် ဖြစ်ပါ၏။

မင်းထိုက် ပြုံး၍ ကြည့်လာခဲ့သည်။

"ကိုနေရဲ ပစ်မလား ... ကျွန်တော် ပစ်ရမလား"

ဦးကျော်အိုးက ဝင်ဟန့်တားလိုက်သည်။ မင်းထိုက် ငြိမ်ကျသွားသည်။





"မောင်နေရဲပစ်ပါစေကွယ် ... မောင်နေရဲလက်ရည်ကလေး ကြည့်ရတာပေါ့ ... မောင်မင်းထိုက်လက်ရည်က ဦး သိပြီးသားပဲလေကွယ်"

မုဆိုးဂွမ်ရှင်တူးက ဦးကျော်အိုးစကားကြောင့် နေရဲကို ကြည့်လာခဲ့သည်။

"နင် ... ပြောင်တွေရဲ့အထာကို သိသလား"

"သိတာပေါ့ ဂွမ်ရှင်တူး ... ကျွန်တော်က သစ်တောအရာရှိသားတစ်ယောက်ပဲ ... တောလည်တဲ့ အတွေ့အကြုံ ရှိပြီးသားပါ ... ပြောင်ဆိုတာ တွန်ခဲတယ်ဗျ ... ဦးချိုအရင်းကနေ လေးလက်မထက်ကျော်ပြီး မတွန်ရင် မပစ်ခတ်ရဘူးလေ ... ပြောင်ထီးငယ်နဲ့ ပြောင်မတွေကို သစ်တောဥပဒေအရ လုံးဝ မပစ်ရတာ ကျွန်တော် သိပါတယ်"

နေရဲက လျှောက်ရင်းမှ ဂွမ်ရှင်တူးကို ပြောလိုက်ပါ၏။

တွန်သံရှိရာက နေရဲတို့ ရောက်ရှိနေရာနှင့် သိပ် ဝေးကွာလှခြင်းမရှိပေ။ ကိုက် (၃၀–၄၀) ခန့် မှန်းရောက်ရှိနေရာတွင် နေရဲ ချောင်းမြောင်းကြည့်ရှုခဲ့သည်။

ပြောင်အိုတစ်ကောင်တော့ မဟုတ်တာ သေချာ

နေပြီ။

နေရဲသည် ပြောင်ထီးကြီးကို အသေအချာပင် ချိန်ရွယ်လိုက်သည်။ အသက်ကို ခပ်မျှင်းမျှင်း မှုတ်ထုတ်လိုက်သည်။ ပြောင်ထီးသည် မြက်ပင်တိုကလေးများကို လိုက်လံ စားသောက်နေခဲ့သည်။

ပြောင်ထီး၏ လှုပ်ရှားမှု ငြိမ်သက်သွားသည်။ နေရဲလက်ညှိုးကို ကွေးညွှစ်လိုက်တော့သည်။

"ဒိုင်း ..."

ကော်ဒိုက်ယမ်းနံ့များ ဝေသွားသည်။ ပြောင်ထီးသည် ဆတ်ခနဲ လှည့်လာသေးသည်။ သေကွင်းသေကွက်ကို မိမိရရ ထိသွားဟန် တူပါလေသည်။

ဆတ်ခနဲ လှည့်လာပြီးနောက် ဘိုင်းခနဲ လဲကျသွားပါ၏။ ယင်းသျှော်နံ့များက ဝေ့ဝဲနေဆဲရှိသေးသည်။ ဦးကျောက်အိုးက နေရဲပခုံးကို လက်ဖြင့် ပုတ်လိုက်သည်။ နှုတ်ကတော့ ဘာမှ မပြောပေ။ နေရဲသည် နောက်ထပ် ချိန်ရွယ်ထားသည့် သေနတ်ပြောင်းကို ရုတ်သိမ်းလိုက်သည်။

"ဒီလောက်လည်း အကြောက်ကြီးစရာ မလိုပါဘူး ... ကိုနေရဲ"





"ခင်ဗျား ပြောင်အကြောင်း ဘယ်လောက် သိထားသလဲ တကယ်လို့ ဒဏ်ရာပဲ ရခဲ့မယ်ဆိုရင် ပြောင်တွေဟာ အတင်းဝင်ပြီး ဝှေ့တတ် ... ခတ်တတ်တယ်လေ ... ပြောင်တိုက်တတ်တယ်ဆိုပါတော့"

"ဟုတ်တယ်လေကွယ် ... ပြောင်တွေဟာ ဒဏ်ရာရခဲ့ရုံဆိုရင် သိပ်အန္တရာယ်ကြီးတော့တာပဲ ... သဘာဝအရတော့ လူကို ကြောက်တတ်ကြတယ် ... ရန်မမူတတ်ပါဘူး"

"မှန်ပါတယ် ဦး ... ဒါပေမဲ့ ကိုယ်ပစ်တာကို ကိုယ်ယုံကြည်ရမှာပေါ့ဗျာ ... မင်းထိုက်တို့က မပိုင်ရင် ခြင်မရိုက်ဘူး"

"ဒီမှာ ကိုမင်းထိုက် ... ကျုပ်တော်က ဘယ်လိုသတ္တဝါမျိုးကိုမဆို ပစ်ရင် ... နှလုံးသားနေရာကိုပဲ ပစ်တတ်တယ် ဟတ်(တ်)ထိရင် ရပ်ကြည့်စရာ မလိုပါဘူး"

ပြောင်ထီးကြီးရှိရာသို့ လျှောက်ခဲ့ကြသည်။ နဒီ၏ ှူး၍ကြည့်သောအကြည့်ကို တွေ့ရသည်။ နေရဲရင် တဒိတ်ဒိတ် ခုန် ါလေသည်။

နဒီသည်လည်း ရင်တဒိတ်ဒိတ် ခုန်မည်ထင်ပါ၏။ နေရဲ အသေအချာ စိုက်ကြည့်တော့ ရှက်ပြုံးကလေး ပြုံးကာ မျက် ဆ လွှဲသွားပါလေသည်။

ပြောင်ထီးကြီး၏အမြင့်သည် ငါးပေ ရှစ်လက်မခန့် ရှိလေမည်။ ပခုံးမှစ၍ ကျောရိုးအတိုင်း ကြွက်သားမြောင်းကြီး ရှိနေသည်။ ထိုကြွက်သားမြောင်းကြီးသည် ကျောပေါ်၌ မြေပြစ်စွာ လျော၍ အမြီးဆီသို့ မသွားဘဲ ခါးသို့ မရောက်မီး ဝမ်းဗိုက်အောက်သို့ နိမ့်ကျသွားခြင်းဖြစ်သည်။

ဦးချိုမှာ ကြီးမားလှသည်။ အရင်း၌ ကျွဲချိုကဲ့သို့ ခပ်ပြားပြားရှိပြီး အတွန့်များပါသည်။ ဦးချိုနှစ်ဖက်စလုံး ပစောက်ပုံသဏ္ဌာန် ဝိုင်းလျက်ရှိသည်။ အမွေးမှာ အနက်ရောင်ရှိသည်။ ခြေလေးဖက်စလုံးတွင် ခွာအထက်၌ ခြေအိတ်စွပ်ထားသကဲ့သို့ အဖြူရောင်(သို့)အဝါရောင်များ ပါရှိသည်။

နှာလောင်တွင်လည်း အဖြူရောင်ကြားများ ပါပါ၏။

ပြောင်ထီး၏ချိုမှာ ခေါင်းရိုးမှချိုဖျားအထိ လက်မ ၂၀ ကျော်ခန့် ရှိလေမည်။

ဝွမ်ရှင်တူးနှင့် သူ၏နောက်လိုက်နှစ်ဦးသည် ပြောင်ကို တခဏချင်း ဖျက်တော့သည်။ အမဲလိုက်ဓားများဖြင့် ကျင်လည်စွာ ဖျက်လိုက်ကြသည်။ ပြောင်များ၏အသားမှာ အလွန်နုသည်။ ကြာမြင့်စွာထားပြီးမှ ဖျက်လျှင် အသားပုပ်တော့သည်။ ပြောင်ရလျှင် တန်း၍ ဖျက်ကြသည်။





နေရဲသည် ကြိမ်များကို ခါးမှ အမဲလိုက်ဓားချွတ်ကာ ခုတ်သည်။ လျှော်ကို ကျင်လည်စွာ ထိုးသည်။ ဖျက်ပြီးအသားများကို ကြိမ်လျှော်ဖြင့် အသားစိုင်တွဲတော့သည်။

ဝွမ်ရှင်တူးမှာ မုဆိုးထုံးစံအတိုင်း ခွာဖျားနားရွက်ဖျားအမြီးဖျား စသည်တို့ကို ဖက်ရွက်တစ်ရွက်ခူးကာ ထည့်သည်။

တောစလေ့ထုံးစံအတိုင်း မုဆိုးဝွမ်ရှင်တူး တင်မြှောက်ပသကာ မြေတွင် မြှုပ်ပါလေသည်။

ထိုနေရာမှ ထွက်ခွာခဲ့ပြီး အရိပ်ကောင်းသောနေရာတွင် နားကာ ပါလာသော ထမင်းထုပ်များကို ဖြည်စားကြသည်။ ထယ်ထယ်ဝါဝါ မရှိသော်လည်း နေရဲ ထမင်းစား မြိန်ပါလေသည်။

နဒီက ထုံးစံအတိုင်း သူမ ထမင်းထုပ်ထဲမှ ကြက်သားတုံးတွေကို နေရဲထမင်းထုပ်ထဲသို့ ထည့်ပေးသည်။ ဦးကျောက်အိုးက ထမင်းစားပြီး၍ မသိဟန် ဆောင်သည်လားမသိ။ ဝွမ်ရှင်တူးနှင့်သွားကာ စကားပြောနေခဲ့ပါ၏။

မင်းထိုက်ကမူ နေရဲကို ဦးစားပေးလွန်းနေခြင်းကြောင့် အမြင်ကြည်လင်ပုံ မရပါလေ။ နေရဲသည် မင်းထိုက် မခံချိမခံသာ ဖြစ်အောင်ပင် ပြုံးကာရယ်ကာ အားရပါးရ စားပြပါလေသည်။

မင်းထိုက် မျက်နှာမကြည်မလင်ဖြင့် ကြည့်ကာ ဦးပါပထံသို့ ထွက်သွားပါ၏။

ထမင်းစားပြီးတော့ အနီးတဝိုက်သို့ တောလည်ကြသေးသည်။ အချိန်အတော်ကြာသည်အထိ သားကောင်ကြီးများ မတွေ့ရပေ။

“ပြန်ကြစို့ ဖေဖေ ... နဒီလည်း နားချင်ပြီ”

“အေး ... ဒါဆို ပြန်ကြမယ်လေ ... ပါပရေ ... ဝ္ပမ်ရှင်တူးကို ပြောလိုက်ကွာ ... တောလည် နားကြစို့လို့”

“ဟုတ်ကဲ့ ... ဆရာကျော်က်”

ဦးပါပကြီးသည် ထွားကြိုင်းသော ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင်ပင် ရှေ့ဆုံးမှ သွားနေသော မုဆိုးဝ္ပမ်ရှင်တူးထံသို့ အမှီလိုက်၍ ကပ်ပြောလိုက်သည်။ ပြန်ရန် တောအတွင်းမှ ခြေဦးလှည့်လိုက်ကြပါလေ၏။ နေရဲအား နဘေးရှိနဒီက လက်မောင်းကို ဆုပ်ကိုင်ကာ အားပြု လမ်းလျှောက်တော့သည်။

မင်းထိုက် မျက်နှာပျက်ကာ ရှေ့ဆုံးရှိ ဝ္ပမ်ရှင်တူးနဘေးသို့ ကပ်၍ ယှဉ်လျှောက်ခဲ့ပါ၏။

နေရဲသည် သစ်ပင်အုပ်တွေကိုကြည့်ရင်း ခပ်ဖြည်းဖြည်းပဲ လျှောက်သည်။ သစ်ရွက်တွေသည် တစ်ပင်မှတစ်ပင် ကိုင်း





ချင်းယှက်နေသည်။ လေမတိုက်ပါဘဲ ကိုင်းဖျားကိုင်းနားများ လှုပ်နေသည်ကို နေရဲ တွေ့လိုက်ရသည်။

ရိုင်ဖယ်ကို နေရဲ အသင့်ပြင်ထားလိုက်သည်။ အခြားသူများမှာ ထိုထူးခြားချက်ကို မည်သူမျှ သတိမပြုမိကျ။ နေရဲသည် ညာဘက်အခြမ်းကိုသာ ဂရုတစိုက် ကြည့်တော့သည်။

လှစ်ခနဲ ခုန်ချလာသည့် သတ္တဝါတစ်ကောင်ကို နေရဲ တွေ့လိုက်ရသည်။ လျှပ်တပြက်ပင် နေရဲလက်ထဲမှ ရိုင်ဖယ် သေနတ်ဖြင့်ဖြင့် ပစ်ချလိုက်သည်။

ဒသသမ သုံးရာသုံး ကျည်တောင့်သည် ချက်ကောင်းကို ထိသွားဟန် တူသည်။ ‘ဒိုင်း’ခနဲ သေနတ်သံနှင့်အတူ သစ်ပင်ပေါ်မှ ကျလာသည့် သတ္တဝါတစ်ကောင်မှာ လေထဲသို့ မြောက်တက်သွားသည်။ နဒီသည် နေရဲ၏ပခုံးကို ကြောက်လန့်တကြား သိုင်းဖက်လာပါ၏။

အန္တရာယ်ကြားမှ နေရဲရင်တွေ တဒိတ်ဒိတ်ခုန်ပါလေတော့၏။ ရင်ခုန်သံတွေ မြန်တော့သည်။ နဒီ၏ ခန္ဓာကိုယ်မှ အသားစိုင်များနှင့် မိနစ်အတော်ကြာ ထိတွေ့ပူးကပ်သွားခဲ့သည်။

နဒီသည်ကော။ အလားတူပဲဖြစ်လိမ့်မည်ဟု နေရဲ ထင်ပါ၏။ နဒီသည် မိနစ်အတော်ကြာမျှ မေ့လျော့နေဟန်တူသည်။

ဖခင်ဖြစ်သူ ဦးကျောက်အိုးအသံကြားမှ နေရဲအား သိုင်းဖက်မိသောလက်များ လွှတ်လိုက်မိပါ၏။

မြေကြီးပေါ်သို့ ကျလာသော သတ္တဝါကောင်မှာ ကျားသစ်ကစ်ကောင်ပဲဖြစ်သည်။ ကျားသစ်၏ အလျားမှာ ၁၁ ပေခွဲခန့် ရှိပေမည်။

အတော်ကြီးသော ကျားသစ်ပဲဖြစ်သည်။ များသောအားဖြင့် အလျား ခြောက်ပေ၊ ခုနစ်ပေခန့်သာ တွေ့ရတတ်သည်။

တကိုယ်လုံး ရွှေရောင် တောက်နေခဲ့သည်။ ကျားသစ်အရောင်မှာ အဝါ၊ ရွှေရောင်၊ ရွှေနီရောင်၊ လိမ္မော်ရောင် စသည်ဖြင့် အမျိုးမျိုးရှိသည်။ အနက်အပြောက်များမှာ အကြီးအသေး အစိပ်အကျဲ မတူညီပေ။

မိုးများစွာ ရွာသွန်းသည့် မြန်မာနိုင်ငံတောင်ပိုင်း၊ ဂျာဗားကျွန်းနှင့် အာသံနယ်တို့တွင် အနက်စက်များသည် ဆက်သွားပြီး ကျားသစ်နက်ဘဝ ရောက်ရှိသွားသည်ဟု ယူဆကြသည်။

"နည်းတဲ့ကောင်ကြီး မဟုတ်ဘူး မောင်နေရဲ ... တကယ်လို့သာ မောင်နေရဲ မတွေ့လို့ ပစ်မချလိုက်ရင် ဒီတောကောင်ဟာ မောင်မင်းထိုက်ကို လှမ်းကုတ်မှာ အသေအချာပဲ"

နေရဲ ပခုံးတွန့်လိုက်သည်။ မင်းထိုက်ကို ဘယ်လို





လဲဟူသော အကြည့်ဖြင့် တစ်ချက်တော့ ကြည့်မိပါလေသည်။

ဦးကျောက်အိုးက ပြောလိုက်သည်။

"ဠမ်ရှင်တူးရေ ... ကျားသစ်ရေတော့ ကျူပ်ယူမယ် ... အသားတော့ မင်းတို့ ခွဲဝေယူကြပေါ့"

"ဟုတ်ကဲ့ ... ဆရာကျောက်"

ကျားသစ်သေကို ဠမ်ရှင်တူးနှင့် သူ့နောက်လိုက်များ ဖျက်သည်။ အချိန်တိုတိုအတွင်းမှာပင် သားရေသပ်သပ်၊ အသားသပ်သပ် ဖြစ်သွားပါလေ၏။

၎င်းနောက် တောအတွင်းမှ ထွက်ခဲ့ကြတော့သည်။

## ၉

လီဒိုလမ်းမကြီးပေါ်မှာရှိသော အမဲအုပ်အိမ်သို့ လင်ရှိဘကားကို ဇော်လက မောင်းနှင်နေခဲ့သည်။ မုဆိုးဖွမ်ရှင်တူးနှင့် သူ့လူနှစ်ယောက်သည် လှည်းကြုံရ၍ မြစ်ကြီးနားသို့ လိုက်ပါသွားဟေ့သည်။

ဦးကျောက်အိုးတို့လူစုသာ အမဲအုပ်အိမ်သို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

"ပြောရရင် ... မောင်ရင်လေး နေရဲကို ရည်ရွယ်ချက်နှစ်မျိုးနဲ့ လည်ပတ်ရအောင် ခေါ်သွားတာပဲ"

"ဘယ်လို ရည်ရွယ်ချက်လဲ ဦး ... ကျွန်တော် သိပါရစေ"

"ဒီအမဲအုပ်ဟာ သစ်တောဘွဲ့ရတစ်ယောက်ပဲ ... မောင်





နေရဲထက် သုံးနှစ်လောက်ကြီးမယ်လို့ ဦးထင်တယ် ... အတိအကျတော့ မဟုတ်ဘူးပေါ့ကွယ် ... သူ့နာမည်က မောင်မောင်လတ်တဲ့"

"မောင်မောင်လတ် ... ဟုတ်လား ... ကျွန်တော် သစ်တောတက္ကသိုလ်ကို တက်တုန်းက အစ်ကိုလိုခင်ခဲ့ဖူးတဲ့သူများ ဖြစ်နေမလား မသိဘူး ... သူက အထက်ဘက်ကပဲ ... အသားညိုတယ် အရပ်က ငါးပေရှစ်လက်မလောက်တော့ ရှိလိမ့်မယ် ... ဒါပေမဲ့ ဟုတ်မဟုတ်တော့ မပြောနိုင်ပါဘူး ဦး ... သစ်တောမှာက မောင်မောင်လတ် သုံးလေးဦး ရှိတယ်လေ ... ပြီးတော့ တက္ကသိုလ်တစ်ခုလုံးတော့လည်း နှံ့စပ်အောင် မသိကြဘူးလေ ... ပထမနှစ်ခြင်းတူတာတောင် လုံးဝ မခင်မင်ခဲ့ဘူးတဲ့လူတွေ ရှိတတ်ကြတာမဟုတ်လား"

နေရဲက သူ့နဘေးမှာ လိုက်လာသော ဦးကျောက်အိုးကို ပြောလိုက်သည်။ ဦးကျောက်အိုးသည် တစ်စုံတစ်ခုကို စဉ်းစားနေပါ၏။ ပြီးမှ ...

"ဟုတ်ပြီ ... အခုမှ သတိရတယ် ... အမဲအုပ် ကိုဟောင်မောင်လတ်ရဲ့ ညာဘက်မေးစေ့အောက်မှာ အတော်လေးကြီးတဲ့ မှဲ့တစ်လုံးရှိတယ် ... မှဲ့က အစိမ်းပဲကွယ့်"

"ဟာ ... ဒါဆိုရင် ကျွန်တော်နဲ့ ညီအစ်ကိုလိုခင်တဲ့ ကိုမောင် မောင်လတ်ပဲ ဖြစ်ရမယ်"

"ဒါဆိုရင် ... ဟန်ကျတာပဲ မောင်နေရဲ ... ဦးနဲ့ ကိုမောင် မောင်လတ်က အတော်လေး ခင်ပါတယ် ... သစ်တောဘွဲ့ ရတစ်ယောက်ဟာ အမဲအုပ်ရာထူးထက်မကတဲ့ ရာထူးကို ရနိုင်တာပဲ ... ကိုမောင်မောင်လတ် ဘာဖြစ်လို့ အမဲအုပ် ရာထူးလောက်နဲ့ တင်းတိမ်နေခဲ့တာလဲလို့ ဦး မေးခဲ့ဖူး တယ်"

"သူ့အဖြေကြောင့် ... ဦးမှာ စဉ်းစားစရာတွေ ဖြစ်လာခဲ့ တယ်လေ"

ဦးကျော်အိုးနှင့် နေရဲတို့နှစ်ဦးသား အပြန်အလှန် စကားပြောနေခဲ့ကြပြီး မင်းထိုက်၊ နဒီ၊ ဦးပါပတို့ သူတို့အတွေးနှင့် သူတို့ ငြိမ်သက်နေကြပါလေသည်။

"ဘယ်လိုဖြေခဲ့လို့လဲ ... ဦး"

"ဒီလို ပိတောင်တောမှာ အမဲအုပ်ရဖို့အတွက် တမင်သက် သက် ကြိုးစားခဲ့ရတာပါတဲ့ ... တကယ်လို့သာ ပိတောင် တောမှာသာ အမဲအုပ်မဖြစ်ခဲ့ရင် ... သူ သစ်တောဌာနမှာ 'အမှုထမ်းဖြစ်မှာမဟုတ်ဘူးတဲ့လေ"





စဉ်းစားစရာတော့ဖြစ်သည်မှာ အမှန်ပဲဖြစ်ပါလေ၏။ မြန်မာနိုင်ငံရှိ သစ်တောဌာနလက်အောက်ရှိ သစ်တောများထဲမှ ဘာကြောင့် ကိုမောင်မောင်လတ်သည် ဤပိတောင်သစ်တော တွင်မှ အမဲအုပ်အဖြစ် အမှုထမ်းချင်ပါသနည်း။

ထူး၍ဆန်းနေပါလေ၏။

"မထူးဆန်းဘူးလား မောင်နေရဲ ... ပြီးတော့ ပြောသေး တယ်လေ ... သူက ထုံးတမ်းဓလေ့အစဉ်အလာတစ်ခုကို ကျေပွန်အောင် ဆောင်ရွက်ဖို့ပဲ အရေးကြီးပါတယ် ... ရာထူး ဂုဏ်ဒြပ်ဆိုတာနဲ့ ငွေကြေးကို မက်မောမှု မရှိပါဘူးတဲ့လေ သူတို့မိဘတွေဟာ မျိုးရိုးစဉ်ဆက် ကြွယ်ဝလာခဲ့ကြတာပါ လို့ ပြောခဲ့တယ်"

ဤတွင် မြစ်ကြီးနား မိတမူရပ် တိုက်အိမ်ကြီးထဲ တွင် ကျန်ရစ်ခဲ့လေသော သိမ့်သိမ့်ကို နေရဲ လှမ်းမြင်လိုက်ရသလို ခံစားမိသည်။

သိမ့်သိမ့်သည်လည်း ဤသို့ပင် သူ့အား ပြောခဲ့ပါ လေသည်။ သူမ၏မိခင် ဒေါ်ရွှေစောသည် ထုံးတမ်းဓလေ့ အစဉ် အလာတစ်ခုအတွက် ဦးကျော်အိုးအား ဇွတ်မှိတ် လက်ထပ်ခဲ့ သည်ဟု ဆိုခဲ့ပါ၏။

တိုက်ဆိုင်တာလား။ ဒါမမဟုတ် ...

ထိုစဉ်မှာပင် ဦးကျော[illegible]က ပြောလာပြန်ပါလေသည်။

"ဒီတော့ ... ဦး သူ့ကို စိတ်သိပ်ဝင်စားသွားတယ် ... သူ့ရဲ့ ထူးခြားချက်တွေကို ဦး သိချင်လာတယ် ... သူ့ကို ချဉ်းကပ်ဖို့ လူရွေးချယ်ကြည့်တယ် ... မောင်မင်းထိုက်ကို သူ သိနိုင်တယ် ... ဆိုတာက မောင်မင်းထိုက် လှုပ်ရှားခဲ့သမျှ အကြောင်းအရာတွေကို သိချင်သိနေနိုင်တယ်။ တစ်နည်းနဲ့ စဉ်းစားကြည့်တယ် ... သူ့အိမ်ကိုဝင်မွှေဖို့ပဲ ... တိတ်တဆိတ် သူမရှိတုန်းပေါ့ ... တကယ်လို့ သူ သိသွားခဲ့ရင် မကောင်းလှဘူး ... ဦးထင်သလို ဖြစ်နေခဲ့ရင် သူနဲ့ ပဋိပက္ခ မဖြစ်တာ အကောင်းဆုံးပဲပေါ့"

ကားက ထင်ထားတာထက် နှေးနေခဲ့သည်။ ဤကိစ္စတွေ ပြောချင်၍ ဖော်လကို ဦးကျော်အိုး တမင် မောင်းခိုင်းထားဟန် ရှိပါ၏။ ပြီးတော့ သူနဲ့ ပဋိပက္ခမဖြစ်တာ အကောင်းဆုံးဟု ဦးကျော်အိုး ဆိုခဲ့သည်။

'ဦးထင်ခဲ့သလို ဖြစ်နေခဲ့ရင်' ဆိုသော စကားကလည်း ဆန်းနေခဲ့ပါ၏။ နေရဲ့ အ[illegible] ပွဲထုတ်ရန်ပဲ ရှိတော့သည်။





"အဲဒါဆို ... ဦးက ဘယ်လိုဖြစ်စေချင်တာလဲ ... ဦးဖြစ်စေချင်တာပေါ့"

"မောင်နေရဲ ... သူ့ကို ချဉ်းကပ်ပေးပါ ... သူ ဘာကြောင့် ဒီ ပိတောင်တောမှာမှ အမဲအုပ် ဖြစ်ချင်ရတာလဲပေါ့"

နေရဲ ခေါင်းညိတ်ပြလိုက်ပါ၏။

ကားကလေးသည် တောင်ကုန်းကလေးအနီးတွင် ထိုးရပ်သွားခဲ့ပါလေသည်။ လင့်ရှိဘာပေါ်မှ ဦးကျော်အိုး၊ နေရဲ၊ မင်းထိုက်၊ နဒီနှင့် ဦးပါပတို့ ဆင်းခဲ့သည်။

အိမ်ကလေးမှာ အုတ်တစ်ထပ်တိုက်ကလေးတစ်လုံးဖြစ်လေ၏။

နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်ဟန်တူသော်လည်း ခိုင်ခံ့ဆဲပင်ရှိပါလေသည်။ နီစွေးစွေးအုတ်တို့ဖြင့် ဆောက်လုပ်ထားသည်။

တစ်ထပ်တိုက်ကလေးကို အင်္ဂတေမံထားခြင်းမရှိ၊ အုတ်အကွက်အတိုင်း ထားရှိသေသည်။ စည်းရိုးနှစ်ထပ် ကာရံထားသည်။ သွပ်ဆူးကြိုးများပဲဖြစ်သည်။

စည်းရိုးတံခါးသည် လုံခြုံသော သစ်တံခါးကြီးဖြစ်သည်။ စည်းရိုးတံခါးတွင် ကြေးခေါင်းလောင်းကြီး တပ်ဆင်ထားသည်။ တံခါးနဘေးတွင် သစ်သားတိုင်နှစ်တိုင်တွင် စွပ်ထားသော

ကြေးဝါခေါင်းလောင်းကို ဦးကျောက်အိုးလက်ဖြင့် လှုပ်ခါလိုက်သည်။

ခေါင်းလောင်းသံ ပျံ့လွင့်သွားသည်။

တိုက်အိမ်ကလေးအတွင်းမှ တုတ်မိုင်သန်မာသော လူတစ်ဦး ထွက်လာခဲ့သည်။ အသားမဖြူမညိုဖြစ်သည်။

ထိုသူက တံခါးရှိရာသို့ ရောက်လာခဲ့၏။

"ဘာကိစ္စရှိသလဲ ခင်ဗျ ... "

"အမဲအုပ်ကြီးနဲ့ တွေ့ချင်လို့ပါ ... မြစ်ကြီးနား မီတာမူရပ်က ဦးကျောက်အိုးဆိုရင် အမဲအုပ်ကြီး သိပါတယ်"

ဦးကျောက်အိုးက ထိုသူ့အား ပြောလိုက်သည်။

"ခဏလေးနော် ... အခုပဲ ကျွန်တော် အမဲအုပ်ကြီးကို သွားပြောလိုက်ပါဦးမယ် ... သည်းခံပါခင်ဗျာ"

သိမ်မွေ့စွာ ပြောဆို၍ တိုက်အိမ်ထဲသို့ ပြန်ဝင်သွားသည်။

ဗွီ





ခဏအကြာတွင် တိုက်ကလေးအတွင်းသို့ နေရဲတို့ ဝင်ခွင့်ရခဲ့သည်။

"ဧည့်ခန်းထဲမှာ ... အမဲအုပ်ကြီး စောင့်နေပါတယ် ... ဝင်သွားပါခင်ဗျာ"

ဦးကျောက်အိုးက ခေါင်းညိတ်ပြပြီးနောက် နေရဲတို့ လူသိုက် ဧည့်ခန်းထဲသို့ ဝင်လိုက်ကြသည်။

အမဲအုပ်ကြီးဖြစ်သူ ကိုမောင်မောင်လတ်က ဆီး၍ ကြိုဆိုပါလေ၏။

"ကြွကြပါ ခင်ဗျ ... ထိုင်ကြပါနော် ... "

သစ်သားဆက်တီခုံများတွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ နေရဲသည် အမဲအုပ်ကြီး ကိုမောင်မောင်လတ်ကို ကြည့်

လိုက်သည်။ သစ်တောတက္ကသိုလ်တွင် မိမိနှင့် တစ်နှစ်တည်း မဟုတ်စေကာမူ တက္ကသိုလ်တွင် အတူတူ တက်ခဲ့ကြသည့် ညီရင်းအစ်ကိုလို ခင်မင်ရင်းနှီးခဲ့သည့် ကိုမောင်မောင်လတ်ပဲ ဖြစ်ပါလေသည်။

ကိုမောင်မောင်လတ်က နေရဲအား သတိမထားမိသေးပေ။ ဦးကျောက်အိုးထံသို့သာ အကြည့်က ရောက်ရှိနေခဲ့ပါ၏။

"အလည်သက်သက်ပဲလား ... ဦးကျောက်အိုး"

"ဟုတ်ကဲ့ ... အမဲအုပ်ကြီးဆီ တောလည်ရင်းကနေ ကျွန်တော့်မိတ်ဆွေလေး တစ်ယောက်ပါလာလို့ ရောက်တုန်းပေါက်တုန်း အမဲအုပ်ကြီးဆီ လာလည်ခဲ့တာပါ"

ဦးကျောက်အိုးက ရှင်းပြလိုက်သည်။ ပြီးတော့ နေရဲကို ကြည့်လိုက်ပါလေသည်။

"ဒါက ... ပိတောင် ဘိနယ်တွေကို အုပ်ချုပ်ရတဲ့ အမဲအုပ်ကြီး ကိုမောင်မောင်လတ်တဲ့ မောင်နေရဲ"

နေရဲသည် ကိုမောင်မောင်လတ်အား ပြုံး၍ ကြည့်လိုက်ပြီး ...

"အစ်ကို မောင်မောင်လတ်နဲ့ အခုလို ပြန်လည်ဆုံဆည်းရတဲ့အတွက် တကယ့်ကို မင်္ဂလာရှိတဲ့နေ့ပါပဲ"





ကိုမောင်မောင်လတ်သည် နေရဲစကားကြောင့် အံ့အားသင့်သွားသည်။ ပြီးတော့မှ ဖက်လဲတကင်း ထကာ နေရဲအား သိုင်းဖက်ပါလေတော့သည်။

"နေရဲကွာ ... ညီလေးနဲ့ အစ်ကို မမျှော်လင့်ဘဲ ပြန်ဆုံရလိမ့်မယ်လို့ ထင်မထားခဲ့မိဘူးကွာ ... ဘာပဲဖြစ်ဖြစ် အခုလို ပြန်တွေ့ရတဲ့အတွက် ဖော်ပြလို့ မရအောင် အစ်ကို ဝမ်းသာတာတော့ အမှန်ပါပဲ"

"နေရဲလည်း အစ်ကို့လိုပဲပေါ့ အစ်ကို"

ထိုစဉ်မှာပင် လင်ပန်းတစ်ချပ်နှင့် ကိုမောင်မောင်လတ်၏တပည့် ဝင်ရောက်လာခဲ့သည်။

စားပွဲပေါ်သို့ လင်ပန်းကိုချကာ ကော်ဖီပန်းကန်များကို လိုက်လံချပေးခဲ့သည်။ ဆတ်သားခြောက်ပန်းကန် ပါလာခဲ့သည်။

"စားကြပါနော် ... ကော်ဖီလည်း သောက်ကြ ... တောမှာနေတော့ ကျွန်တော် တောစာပဲ ဧည့်ဝတ်ပြုနိုင်တယ်ဗျာ ... မြလွင်ရေ ဧည့်သည်တွေအတွက် ဖခါးရည်အိုးလေး လုပ်ပါဦး"

"ရှမယ် ဆရာ ... "

မြလွင်က တရိုတသေ ပြန်ပြောကာ ဧည့်ခန်းထဲမှ ထွက်သွားသည်။ ဆာလောင်နေကြသူများမို့ နဒီတို့လူသိုက် ဆတ်သားခြောက်ဆီဆမ်းနှင့် ကော်ဖီအား အားရပါးရ စားသောက်ကြပါ၏။

"သြော် ... မောင်နေရဲနဲ့ အမဲအုပ်ကြီးနဲ့က သိဟောင်းကျွမ်းဟောင်းတွေကိုး"

"ဟုတ်ပါတယ် ဦးကျောက်အိုး ... နေရဲနဲ့ကျွန်တော်က သစ်တောတက္ကသိုလ်မှာ အတူတူ တက်ခဲ့ကြတာလေ ... နှစ်ခြင်းတော့ မတူပါဘူး ... ကျွန်တော်က နှစ်နှစ်စောပါတယ်"

"သြော် ... သြော် ... ဒီလိုလား ... ဦးကတော့ ဘယ်လိုမှ ဆက်စပ်မိကြမယ် မထင်ဘူးလေ ... မောင်နေရဲကို အမဲအုပ်ကြီးနဲ့ မိတ်ဆက်ပေးရအောင် တမင် လာလည်ခဲ့တာလေ ... မောင်နေရဲကလည်း တောပစ်တောလည် တတ်တယ်ဆိုတော့ အမဲအုပ်ကြီးနဲ့ ခင်ရမင်ရအောင် ခေါ်လာတာပါ"

နဒီက ဖခင်ဖြစ်သူ ဦးကျောက်အိုးကို ကြည့်လိုက်သည်။





"ဖေဖေ ... နဒီတို့ ပြန်ကြရအောင် ... နေတောင် အတော်စောင်းနေပြီ"

"အေး အေး ... ပြန်ကြတာပေါ့ နဒီ"

သမီးဖြစ်သူကို ပြောရင်း အကြည့်က နေရဲထံသို့ ရောက်ရှိလာခဲ့ပါလေသည်။ နေရဲသည် ဦးကျောက်အိုး၏အကြည့်ကို သဘောပေါက်လိုက်ပါ၏။

ရေငတ်တုန်း ရေတွင်းထဲ ကျသည်ပဲ ဆိုဆို၊ နေရဲသည် ဦးကျောက်အိုး မနေစေလိုလျှင်ပင် နှစ်များစွာ ကွဲကွာနေသော သူငယ်ချင်းထံတွင် နေမည်ဟု အကြောင်းပြကာ နေရစ်ခဲ့မှာပဲဖြစ်ပါလေသည်။

ဘယ်လိုပဲပြောပြော၊ ကိုမောင်မောင်လတ်သည် နေရဲအား သူ၏ရည်ရွယ်ချက်တွေကို မည်သို့ပင်ဖြစ်စေ နေရဲကို ဖွင့်ပြောလေမည်ပဲဖြစ်သည်။

နေရဲသည် ဦးကျောက်အိုးကို ခွင့်ပန်လိုဟန်ဖြင့် ကြည့်လိုက်သည်။ ပြီးတော့မှ ...

"ဦးကို ကျွန်တော် တစ်ခုတော့ ခွင့်ပန်ချင်ပါတယ် ... ဦးအနေနဲ့ ခွင့်ပြုလိမ့်မယ်လို့လည်း ထင်ထားပါတယ် ... ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုတော့ ကျွန်တော်က ဦးတို့ဆီမှာ

နိုလှုံနေတာပဲမဟုတ်လား ... ကိုယ်သဘောနဲ့ကိုယ် ဝင်လိုက်ထွက်လိုက် လုပ်ခဲ့ရင် ဘယ်အိမ်ရှင်မှ ညှိသည်တစ်ယောက်ကို ကြည်ဖြူနိုင်မှာမဟုတ်ပါဘူး"

"ပြောပါကွယ် ... လူမှုဝတ္တရားအရ ဆောင်ရွက်ပေးနိုင်တာဆိုရင် ခွင့်ပြုရမှာပေါ့ ... နော ... "

"အစ်ကိုမောင်မောင်လတ်အိမ်မှာ ကျွန်တော့်ကို တစ်ညတော့ အိပ်ခွင့်ပြုပါဦး ... မတွေ့ရတာကြာတော့ စကားလေးတွေ ပြောချင်တယ်ပေါ့"

"ဟာ ... တစ်ည မဟုတ်ဘူးလေ ... မောင်နေရဲကို ဦးအကန့်အသတ်နဲ့ မပြောပါဘူး ... မောင်ရင်နေရဲ သဘောပါ"

ဦးကျောက်အိုးသည် သူဖြစ်လိုသောဆန္ဒကြောင့်လိုက်လိုက်လျောလျော ပြောတော့သည်။

ဤတွင် မျက်နှာညိုလေသူက နဒီပဲဖြစ်ပါလေ၏။

"ဟင်း ... ဖေဖေကလည်း နေရဲကို ပျော်သရွေ့နေလို့ ပြောလိုက်တာလား ... နေရဲမှာ လုပ်ငန်းနဲ့လေ ... ဦးဒိုးလုံးတို့အုပ်စု အခြေအနေကို ဖေဖေသိသားနဲ့"

ကန့်ကွက်ကာ နဒီမျက်စောင်းလေးသည် ခုန်ပေါက်





ပြေးလွှား၍ နေရဲထံ ကျလာပါ၏။

ရှေ့ရာဇဝင်နိပါတ်ထဲတွင် နဂါးတို့မျက်စောင်းသည်အကြောင်းသုံးပါး မရွေးပါဟု ဆိုထားပါလေသည်။ နဂါးတို့မျက်စောင်းသည် အထိုးခံရလျှင် မီးလောင်ပြာကျသည်အထိ ကြောက်မက်ဖွယ်ကောင်းသည်ဟု ဆိုကြသည်။

သို့သော် ...

အကြောင်းသုံးပါးမရွေးလေသော နဒီမိန်းမလှကလေး၏ မျက်စောင်းသည် ရင်ခုန်ဖွယ်၊ ရင်တဒိတ်ဒိတ် ခုန်ဖွယ်ပဲဖြစ်ပါ၏။

"တစ်ညတည်းပါ နဒီ ... နေရဲ ပြန်လာမှာပါ"

"အင်းပါ ... နဒီက စူဠလိပ် ရေထဲချလိုက်သလိုများ ဖြစ်သွားမလားလို့"

နေရဲ ပြုံးလိုက်မိတော့သည်။ ရှေးနိပါတ်တော်လာဝတ္ထုတွေထဲတွင် စူဠလိပ်အကြောင်းပါရှိသည်။

စူဠလိပ်အား သတ်ရန် မှူးမတ်များက တိုင်ပင်ကြသည်။ မီးနှင့် သတ်မည်ဆိုတော့ စူဠလိပ်သည် ပရိယာယ်သုံးကာ ငိုကြွေးခြင်းမရှိဘဲ ဟားတိုက်ရယ်သည်။ ရေထဲချမည်ဆိုတော့ အပြင်းအထန် ငိုကြွေးတော့သည်။

ဤတွင် ရေတွင်ချပါက ဤစူဠလိပ် သေဆုံးမည် မလွဲဟုတွက်ကာ ရေတွင် ပျော်သော စူဠလိပ်အား မိုက်မဲစွာ ရေချလိုက်တော့သည်။ စူဠလိပ် ပေါ်မလာပါလေတော့။

ထို့နောက် အမဲအုပ် ကိုမောင်မောင်လတ်အိမ်မှ နဒီတို့ လူသိုက် ပြန်သွားကြပါ၏။

ကိုမောင်မောင်လတ်သည် ညနေစာကို တောဟင်းတောထမင်းဖြင့်ပဲ ဧည့်ခံပါလေသည်။ ထူးထူးထွေထွေတော့မဟုတ်ဟု ပြောသည်။ နေ့ရဲ့အတွက်တော့ ထူးသည်။ အခေါက်ပါး၍ အဆီမရှိသော တောဝက်သားကို ငရုတ်သီးရဲရဲနှင့် ဆီပြန်တစ်ခွက်၊ မှန်ညှင်းဖူးခြောက်ကို အချဉ်ခံကာ အခြောက်လှန်းထားသော စွန်တန်ဟင်း ချိုချဉ်တစ်ခွက်၊ ဆတ်သားခြောက်ပဲ ဖြစ်သည်။

စားသောက်ပြီးစီးတော့ မိုးစုန်းစုန်းချုပ်ပါလေပြီတည်း။

ဖွ





တိုက်အိမ်ကလေး၏ ဧည့်ခန်းအတွင်းတွင် မှန်မီးအိမ်အလင်းရောင်က ဖြာကျနေခဲ့ပါ၏။ စားပွဲပေါ်တွင် ဆတ်သားခြောက်တစ်ပန်းကန်နှင့် ဖခါးရည်တစ်အိုး၊ ပန်းကန်နှစ်လုံး ရှိပါလေ၏။

"ဒါဆိုရင် ... မင်းတို့က အပေးအယူသဘောနဲ့ပေါ့ နေရဲ"

"ဟုတ်တယ် အစ်ကို ... ကျွန်တော်နဲ့ အဲဒီလို အပေးအယူသဘောမျိုး နေခဲ့ရတာပဲ ... ခုစရိုက်အဖွဲ့ထဲမှာဆိုပေမယ့် အခုအထိ နေရဲ ဘာမှ မလုပ်ရှားရသေးပါဘူး ... ကျွန်တော်သိချင်တာကတော့ အစ်ကိုဟာ ဒီတောမှာမှ ဘာဖြစ်လို့ အမဲအုပ် လုပ်ချင်ရသလဲ ... သစ်တောဘွဲ့ရတစ်ယောက်ဟာ အမဲအုပ်ရာထူးလောက်ကို မရရအောင် ဘာဖြစ်လို့

တာဝန်ထမ်းဆောင်ခဲ့ရသလဲပေါ့ ... ပြီးတော့ အစ်ကို့ကို သိမ့်သိမ့်တို့အမေဟာ ဦးကျောက်အိုးကို သူတို့ရဲ့ ဓလေ့ထုံးစံတစ်ခုကို တာဝန်ကျေပွန်အောင် ဆောင်ရွက်ချင်လို့ ဖွတ်မှိတ်ယူခဲ့ရပါတယ်လို့ အစ်ကို့ကို ရှင်းပြခဲ့ပြီးပြီပဲ ... အစ်ကိုနဲ့ သိမ့်သိမ့်တို့အမေရဲ့ အကြောင်းအရာတွေ တူညီနေတယ်လို့ ထင်တယ်လေ ... ဦးကျောက်အိုးကလည်း ကျွန်တော့်ကို အစ်ကို့အကြောင်း စုံစမ်းခိုင်းတာကို ပြောခဲ့ပြီးပြီပဲ”

လေနှင့် နီးသောအရပ်မို့ အေးစိမ့်ခြင်းက ပိုသည်။ အချမ်းမပြေသော်လည်း ဖခါးရည်ကိုတော့ နေရဲသောက်မိသည်။ ရင်ထဲ နွေးသွားသော်လည်း ချမ်းစိမ့်မှုနှင့်တော့ ဘာမှ မဆိုင်ပါ။

“အင်း ... နေရဲကို အစ်ကိုတို့မျိုးရိုးစဉ်ဆက်အမြတ်တနိုး သိမ်းဆည်းထားတဲ့ ပစ္စည်းတစ်ခုကို ထုတ်ပြမယ် ... အဲဒီ ပစ္စည်းကြောင့် အစ်ကိုဟာ ပိတောင်တောမှာ အိပ်မက်မ ဟုတ်တဲ့ အိပ်မက်ရှည်ကြီးတစ်ခုကို ဖြစ်လာလိမ့်နိုးနဲ့ စောင့် စားနေရတယ်ဆိုတာ ငါ့ညီ နေရဲ သိလာပါလိမ့်မယ်”

ဧည့်ခန်းထဲမှ ထွက်သွားခဲ့သည်။ အအေးဓာတ်က ပိုလာခဲ့ပါလေသည်။ နေရဲ ခေါင်းပေါ်မှ သိုးမွေးဦးထုပ်ကို နားရွက် လုံအောင် ပြင်ဆောင်းလိုက်ပါ၏။





ကိုမောင်မောင်လတ် ပြန်ရောက်လာသည်။ သူ့ လက်ထဲတွင် ကတ္တီပါအိတ်ရှုံ့ကြီးတစ်လုံး ပါလာခဲ့သည်။ ကိုမောင် မောင်လတ်သည် အထုပ်ကို စားပွဲပေါ်သို့ ချလိုက်သည်။

နေရဲ လှမ်းကြည့်လိုက်သည်။ ကတ္တီပါသည် ရှေး ကတ္တီပါပဲ ဖြစ်ပေလိမ့်မည်။ ထူထဲပြီး အချို့နေရာများတွင် အမွေးပင် တုံးနေလေပြီ။

ကိုမောင်မောင်လတ်သည် ကတ္တီပါအိတ်ရှုံ့ကို ဖြေ လိုက်ပြီး အထဲမှပစ္စည်းကို ထုတ်ယူလိုက်တော့သည်။

မမျှော်လင့်ထားသော ပစ္စည်းမျိုးဖြစ်နေ၍ နေရဲ အံ့အားသင့်ကာ ကြည့်နေမိပါလေသည်။ နေရဲစိတ်ထဲ ထင်ထားမိ သည်က အဖိုးတန် ပစ္စည်းတစ်ခု ဖြစ်လိမ့်မည်ဟု ထင်မိသည်။

မဟုတ် ... ။ ထင်ထားသလို မဟုတ်ခဲ့။

ကိုမောင်မောင်လတ်ဆိုသောလူသည် အဘယ့် ကြောင့် ဤမသတီစရာ မနှစ်မြို့ဖွယ်ရာ ပစ္စည်းကြီးကို အမြတ်တနိုး သိမ်းဆည်းထားပါလေသနည်း။

သဘာဝနှင့်တော့ ဆန့်ကျင်ဘက်ပဲ ဖြစ်ပါလေ၏။ လူမှန်လျှင် အလှပစ္စည်း၊ အဖိုးတန် ရွှေ ငွေ ရတနာတို့ကိုသာ သိမ်း ဆည်းမည်သာဖြစ်သည်။

အခုတော့ အရိုးခေါင်းခွံကြီးတစ်ခုပဲ ဖြစ်နေပါလေသည်။ ဤပစ္စည်းကြီးသည် မြတ်နိုးဖွယ်ရာပစ္စည်း မဟုတ်တာတော့ သေချာပါလေ၏။

"နေရဲ ... သိပ်အံ့သြသွားပြီ မဟုတ်လား ... ဒီခေါင်းခွံဟာ အစ်ကိုတို့ရဲ့ အဘေးရဲ့ ဦးခေါင်းပဲလေ ... ဒီခေါင်းခွံမျိုး နောက်ထပ်နှစ်လုံး ရှိနေပါသေးတယ် ... ဘယ်မှာလဲလို့မေးလာရင် မသိဘူးလို့ပဲ ဖြေရမှာပဲ နေရဲ"

"ဟုတ်တယ် အစ်ကို ... နေ့ရဲ ထင်ထားတာ ရွှေငွေရတနာပစ္စည်းတစ်ခုခုပဲ ဖြစ်လိမ့်မယ်လို့ ထင်ထားတာလေ ... အနိဋ္ဌပစ္စည်း လူရိုးခေါင်းခွံကြီးတစ်ခွံ ဖြစ်လိမ့်မယ်လို့တော့ ဘယ်လိုမှ ထင်မထားတာ အမှန်ပဲ"

"ဘယ်သူမဆို ဒီလိုပဲ ထင်မှာပါပဲ ... နေရဲ ... ခေါင်းခွံရဲ့ နောက်ဘက်ကို ကြည့်လိုက်ပါဦး ... ပြီးရင် အစ်ကို ရှင်းပြမယ်လေ"

နေရဲသည် မနှစ်မြို့ဖွယ် အရိုးခေါင်းကိုကိုင်ကာ ဦးခေါင်းခွံနောက်ကျောကို ကြည့်လိုက်ပါ၏။

မြေပုံများ ရေထွင်းထားသည်ကို တွေ့ရသည်။ မြေပုံ လမ်းကြောင်းများကို မှေးမှိန်ခြင်းမရှိစေရန် သစ်စေးတစ်မျိုး ထည့်





ထားဟန်တူသည်။ မြေပုံသည် အပြည့်အစုံတော့ မဟုတ်။

"မြေပုံ ပါနေတာပဲ အစ်ကို နေရဲ ... အပြည့်အစုံတော့ မဟုတ်ဘူးနော်"

"ဟုတ်တယ် ... အဲဒီလို နောက်ထပ် ခေါင်းခွံ သုံးခု စုံရင် မြေပုံ အတိအကျ ဖြစ်လာလိမ့်မယ် ... ဒီအကြောင်းကို အစ်ကို ရှင်းပြမယ်လေ ... မြန်မာမင်းဆက်ရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းလက်ထက်မှာ နန်းတွင်းပဋိပက္ခ ဖြစ်ခဲ့တယ် ... ညောင်ရမ်းနဲ့ ညောင်အုပ်မင်းသား နှစ်ပါး အနက်က တစ်ပါးကို မြန်မာမှုကြီးမတ်ရာ နယ်စား ပယ်စား အချို့က နန်းတင်ဖို့ ကြိုးစားခဲ့ကြတယ် ... အဲဒီအခါမှာ ညောင်ရမ်း ... ညောင်အုပ်မင်းသားရဲ့ သစ္စာခံ သူဌေး သူကြွယ်တွေက အရေးတော်ပုံ အောင်မြင်ဖို့အတွက် ရွှေ ထည်ရတနာပစ္စည်းတွေကို ထည့်ဝင်ခဲ့ကြတယ် ... ဒါကို သစ္စာခံမြို့စားကြီးတစ်ဦးရဲ့ သစ္စာတော်ခံ အထောက်တော် သုံးဦးဟာ တိတ်တဆိတ် တာဝန်ယူခဲ့ကြရတယ် ... အဲဒီ အထောက်တော်သုံးဦးရဲ့အမည်က ဦးရဗြီး ... ဦးဘိုးမိန် ဦးဘိုးအိပ်တဲ့ ... သီပေါမင်း နန်းကျသွားပေမဲ့ ညောင်ရမ်း နဲ့ ညောင်အုပ်မင်းသားနှစ်ပါး နန်းမတင်နိုင်ခဲ့ဘူး ... အင်္ဂလိပ်

က အထက်မြန်မာပြည်ကို သိမ်းယူသွားနိုင်ခဲ့တယ် … ဒီတော့ ဦးရှေဦး ဦးဘိုးစိန် ဦးဘိုးအိပ်တို့ရဲ့ ရည်ရွယ်ချက်ပြောင်းလဲသွားတယ် … သူတို့ရဲ့ သားသုံးယောက်ကို သူတို့ဟာ အင်္ဂလိပ်ကို တော်လှန်ရင်း ကျဆုံးခဲ့ရင် မြန်မာနန်းဆက် … နန်းဆက်ဆိုတာမှာ သူတို့က အစွဲကြီးတယ် … ညောင်ရမ်းဆက်အနွယ်တော်တွေထဲကသာ နန်းတင်ရမယ် နန်းတင်နိုင်ဖို့ လူသူစုဆောင်းဖို့ ရတနာတွေက အဓိကပဲ … ဒီရတနာတွေ ဖွက်ထားတဲ့နေရာကို ဦးခေါင်းခွံမှာ မြေပုံရေးထိုးကြရမယ်လို့ မှာခဲ့တယ် … အဲဒီအတိုင်းပဲ သူတို့ ကျဆုံးသွားကြတယ် … ဂူကြီးတစ်ဂူထဲမှာ ကိုယ်ခန္ဓာကို သရိုးကိုင်ရှေ့ပိန်းချပစ်ခဲ့ကြတယ် … ခေါင်းခွံမှာ မှာတဲ့အတိုင်း မြေပုံကို ကူးပြီး အထောက်တော်သုံးဦးရဲ့သားတွေက တစ်ယောက်ခေါင်းခွံတစ်ခွံဆီ သိမ်းဆည်းခဲ့ကြတယ်လေ … မျိုးရိုးအစဉ်အဆက် မှာခဲ့တယ် … မြန်မာပြည် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းအထိ မဆုံဆည်းနိုင်တော့ဘူး … အကြောင်းအမျိုးမျိုးကြောင့်လည်း မရှာဖွေနိုင်ခဲ့ဘူးပေါ့ … အစ်ကိုဟာ အထောက်တော် ဘိုးစိန်ရဲ့ အဆက်ပဲ”

“ဟုတ်ပါပြီ … ဘယ်မှာဆုံမယ် … ဘယ်အချိန် … ဘယ်နှစ်





ခုနှစ်ဆိုတာတွေ မရှိကြတော့ … အစ်ကိုတို့ကိစ္စက လက်တွေ့မှာ အိပ်မက်ရှည်ကြီး မက်နေရတဲ့အဖြစ်နဲ့ မတူနေဘူးလား … အထောက်တော်သုံးဦးရဲ့ အဆက်အနွယ်တွေဟာ အဆက်အသွယ် မရှိကြတော့ဘူး … တစ်ဦးနဲ့တစ်ဦးမှ မသိနိုင်ကြတော့ပဲ”

“မှန်ပါတယ် နေရဲ … ဒါပေမဲ့ အစ်ကိုတို့ အဆက်အနွယ်တွေမှာ မမှားနိုင်တဲ့ အချက်တစ်ခုကို လက်ခံထားခဲ့ကြတယ် မမှားနိုင်ပေမဲ့ မဖြစ်နိုင်ဘူးလို့လည်း ဆိုရမှာပါပဲ … မှတ်တမ်းရေးခဲ့တဲ့အဘေးတွေဟာ ဟောဒီ ပိတောင်တောထဲမှာ လာဆုံကြမယ် … ဆုံတဲ့အခါ သူတို့ ပေါင်းခဲ့ကြတဲ့ ပိုးပဝါတွေနဲ့ ပေါင်းပြီး တစ်နှစ်တစ်ခါ ဆုံကြရမယ်လို့ ဆိုခဲ့ကြတယ် … အစ်ကိုတို့လည်း တစ်နှစ်တစ်ခေါက် ရောက်ဖို့ဆိုတာ မလွယ်ခဲ့ပါဘူး … ပြည်တွင်းသောင်းကျန်းမှုတွေ ရှိနေတဲ့အချိန် ဘယ်လိုလုပ်ပြီး ရောက်နိုင်မှာလဲ … တကယ်လို့ ကျန်တဲ့အဆက်အနွယ်နှစ်ဖွဲ့ထဲမှာ စိတ်မဝင်စားခဲ့ရလို့တစ်ကြောင်း မရှာနိုင် မဖွေနိုင်တော့တဲ့အတွက် လက်လျှော့နိုင်သူတွေ ပါလာရင်လည်း မဖြစ်နိုင်တော့ဘူးပေါ့”

“တကယ်လို့မျိုးရိုးပြတ်သွားခဲ့ရင်လည်း ရောက်လာနိုင်ဖို့

မလွယ်ဘူးလေ”

“မျိုးရိုးစဉ်ဆက် ပြတ်သွားတဲ့ နောက် ဘယ်လိုလုပ်ရောက်လာနိုင်တော့မလဲကွာ ... အစ်ကိုကတော့ အစ်ကို့အဖေမှာထားရစ်ခဲ့တဲ့အတိုင်း ရှာဖွေနိုင်ခဲ့ရင် အစ်ကိုတို့အတွက် သာမကဘူး တိုင်းပြည်ကိုပါ လှူနိုင်မယ်ပေါ့ကွာ ... ဒီရည်ရွယ်ချက်ကြောင့် ဒီတောမှာ အမဲအုပ်အဖြစ် အမှုထမ်းနေခဲ့တာပါ ... တကယ်လို့ ရလာခဲ့ရင် ပစ္စည်းကို သုံးပုံပုံရမှာလေ ... ညောင်ရမ်းအဆက်အနွယ်ဆိုတာ ကျန်ရှိသေးရင်တောင် မဖြစ်နိုင်တော့ပါဘူး နေရဲ ... အစ်ကိုလည်း အိပ်မက်ကို တူးဆွနေတဲ့လူတစ်ယောက်လို့ ဆိုနိုင်ပါတယ်”

“ဒါဆိုရင် အစ်ကို့အနေနဲ့ သတင်းစာထဲကနေ ကြော်ငြာပြီး ခေါ်နိုင်တာပဲလေ”

“လူသိထင်ရှား မလုပ်ချင်လို့ပေါ့ကွာ ... ကြော်ငြာထည့်ခဲ့ရင်တောင် ကျန်တဲ့ အနွယ်နှစ်ဆက်က ဖတ်ပါဦးမှဖြစ်မှာ မျိုးရိုးဆက်ပြတ်ခဲ့ရင်လည်း အကျိုးမဲ့ပြီပေါ့ နေရဲ”

“ဟုတ်တယ် အစ်ကို ... အစ်ကိုတွေးတာ မှန်ပါတယ် ... ဒါပေမဲ့ သိမ့်သိမ့်တို့အမေ ဒေါ်ရွှေစောဟာ အထောက်တော် သုံးဦးထဲက တစ်ဦး ဖြစ်နိုင်ပါတယ်”





“အင်း ... နေရဲတွေးသလို အစ်ကိုလည်း ယူဆတာပဲ”

“ဒါနဲ့ နေပါဦး ... ရတနာတွေဟာ ဒီပိတောင်တောထဲမှာလား”

“မဟုတ်ဘူး နေရဲ ... ပိတောင်တောမှာ ဆုံပြီး ကသိဏ်းတောင်မှာ တူးဖော်ယူကြမှာ”

“ကသိဏ်းတောင် ... ဟုတ်လား အစ်ကို”

“ဟုတ်တယ် ... ဖားကန့်နဲ့ အာမခံကြားမှာ ကသိဏ်းတောင်ဆိုတာ ရှိတယ် ... အဲဒီတောင်မှာ ရတနာပစ္စည်းတွေကို ထားခဲ့ကြတာ”

ညဉ့်နက်စ ပြုလာပြီဖြစ်၍ အိပ်စက်ရန် ပြင်လိုက်ကြပါ၏။ ထိုညက သိမ့်သိမ့်မျက်နှာကလေးကိုရော နဒီမျက်နှာကလေးကိုပါ အိပ်မပျော်မီအထိ နေရဲ မြင်နေမိပါလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် နိုးသည်။ ကိုမောင်မောင်လတ်၏ တပည့်တစ်ဦးက ထမင်းကို နေကြာဆီနှင့် ကြော်သည်။ ချေသားဆီပြန်ဟင်းနှင့် ကျွေးသည်။

နံနက်ဆယ်နာရီခန့်တွင် ကိုမောင်မောင်လတ် စီစဉ်ပေးသော လှည်းကြုံဖြင့် မြစ်ကြီးနား မိတာပူရပ်သို့ ပြန်ခဲ့ပါလေသည်။

မီတာပူရပ်ရှိ တိုက်ကြီးထဲရောက်တော့ ဦးကျော်အိုး၊ နဒီ၊ ဦးပါပ၊ ဇော်လတို့ကို မတွေ့ရပေ။

သိမ့်သိမ့်သည် နေရဲကို နံနက်စာထမင်းကို ကြက်သားကြော်၊ ဟင်းချိုတစ်ခွက်နှင့် မုန်လာဥကြော်တစ်ခွက်ဖြင့် ကျွေးပါလေသည်။

နံနက်စာ စားပြီးတော့ နေရဲ တရေးအိပ်သည်။ အိပ်ရာမှနိုးတော့ နဒီတို့ ပြန်ရောက်နေသည်ကို တွေ့ရသည်။

"နေရဲ အလုပ်မရှိလို့ ပျင်းနေပြီထင်တယ် ... ဒီညနေ ခရီးထွက်ရမယ်နော်"

"ဘယ်ကိုလဲ နဒီ"

"ဒါတော့ အတပ်မပြောနိုင်သေးဘူး နေရဲ ... ဖေဖေ ပြန်ရောက်လာမှ သိမှာ"

"ဩော် ... နေရဲက ဦးပြန်ရောက်နေပြီထင်တာ"

"ဟင့်အင်း ... နဒီတစ်ယောက်တည်း ပြန်ရောက်လာတာ နေရဲ ပြန်မလာရင် နဒီ လိုက်ခေါ်မလို့လေ ... နေရဲ မရှိတော့ နဒီ ထမင်းစားရတာ မမြိန်ဘူး သိလား ... နေရဲရေ"

မျက်လုံးထောင့်ကပ်၍မေးသော နဒီ၏ အမူအရာလေးကြောင့် နေရဲရင် တဒိတ်ဒိတ် ခုန်ရပြန်ပြီဖြစ်ပါလေ၏။





"အင်း ... နေရဲလည်း ထမင်းစားရတာ မမြိန်ပါဘူး"

"နဒီ့ကို သတိရလို့ပေါ့နော်"

"ဟင့်အင်း ... ဟင်း မကောင်းလို့"

အကြောင်းသုံးပါး မရွေးသော နဒီ့မျက်စောင်းသည် နေရဲထံ ဝဲပျံကျရောက်လာပါလေတော့သည်။

ညနေစာကို စောစော စားကြသည်။ ထူးခြားသည်က သိမ့်သိမ့်သည် နေရဲ၏ဘေးတွင် နေရာယူပြီး ထမင်းစားခြင်းပဲ ဖြစ်သည်။ နဒီ ထမင်းခန်းထဲရောက်တော့ သိမ့်သိမ့်နှင့် နေရဲတို့ စတင်စားနေလေပြီ။

နဒီသည် နေရဲနှင့် မျက်နှာခြင်းဆိုင်တွင် ဝင်ထိုင်သည်။ သိမ့်သိမ့်သည် ကြက်သားဟင်းထဲမှ အသားတုံးများကို ဆယ်ပြီး နေရဲပန်းကန်ထဲသို့ ထည့်ပေးသည်။

သိမ့်သိမ့် ဤသို့ ဟင်းတုံး ရွေးဆယ်ထည့်ပေးလေတိုင်း နဒီ မျက်နှာပျက်သွားသည်ကို နေရဲ တွေ့ရသည်။

နေရဲ မဟန့်တားမိ။ ဟန့်တားရန်လည်း မဖြစ်။ သူ သိမ့်သိမ့်ထည့်ပေးကာမှ ငြင်းလျှင် သိမ့်သိမ့် ရှက်ရှာပေလိမ့်မည်။





ထမင်းစားသည့်အခါတိုင်း နဒီထည့်ပေးသည်ကို သိမ့်သိမ့်မြင်နေကျပဲ ဖြစ်လေသည်မဟုတ်လား။

နဒီ ထမင်းကို တို့ကာပင့်ကာ စား၍ ထွက်သွားသည်။

အပေါ်ထပ်မှ ဆင်းမလာတော့ပေ။ ခြံထဲတွင် နေရဲ ဆင်းထိုင်နေမိသည်။ နဒီ ရောက်မလာခဲ့ပဲ သိမ့်သိမ့် ရောက်လာပါလေသည်။

သိမ့်သိမ့်၏မျက်နှာ မကောင်းသည်ကို နေရဲ တွေ့ရပါလေသည်။

"မသိမ့် ... နေမကောင်းလို့လား"

"နေကောင်းပါတယ် ... စိတ်ကတော့ မကျန်းမာဘူးပေါ့"

"ဘာဖြစ်လို့လဲ မသိမ့်"

"ဒီည ခရီးထွက်ကြရမှာလေ ... ကြက်သွန်နဲ့ပေါင်းမိလို့ သိမ့်သိမ့်တို့တော့ ဘဝပျက်တဲ့ ငရုတ်သီးဘဝမျိုး ရောက်နေပြီပဲမဟုတ်လား"

"နေရဲကိုလည်း နဒီက ခရီးထွက်ရမယ်လို့ ပြောတယ် ... ဘယ်ကိုလဲဆိုတာတော့ မသိဘူးတဲ့"

သိမ့်သိမ့်မဲ့ပြုံးလေး ပြုံးပါလေ၏။ မဲ့ပြုံးသည်ပင် အ

တော်ကို လှသည်ဟု နေရဲ ထင်မိသည်။ နီးနီးကပ်ကပ်ကြည့်မှပင် သိမ့်သိမ့်အလှသည် အစွန်းအထင်း အနာအဆာကင်းမဲ့သောအလှပဲ ဖြစ်ပါလေသည်။

နုမွတ်နေသော ပါးပြင်ကလေးပေါ်မှာ မှဲ့ပြောက်မှဲ့ခြောက်မရှိ၊ ဝက်ခြံ အနာအဆာ ကင်းသည်။ ပါးပြင်မှ အကြော စိမ်းစိမ်းကလေးများ တွေ့နေရသည်။ နေရဲ စေ့စပ်စွာ ကြည့်မိသည်ကိုပင် သိမ့်သိမ့်သိသွားဟန် တူသည်။ ပါးပြင်မှာ ပန်းနုသွေးရောင်ကလေး လွှမ်းသွားပါလေသည်။ သိမ့်သိမ့် ဘာမှတော့ မပြော။

အနုသင်းသော ကိုယ်လိမ်းပေါင်ဒါနံ့ကလေး လေအဝေ့တွင် နေရဲ ရှူရှိုက်မိသည်။ သိမ့်သိမ့် စကားဆက်သည်။

"ဘယ်ပြောမလဲ ကိုနေရဲ ... သမီးရေအဖေရေ သူတို့ ဒုစရိုက်အလုပ် လုပ်မယ့်နေရာကို ကြိုပြောလေ့မရှိဘူးလေ ပြောခဲ့ရင် ... တစ်ယောက်လောက် ပါးစပ်ကျွံသွားခဲ့ရင် အန္တရာယ် ရှိနိုင်တယ်မဟုတ်လား ... ဦးပါပကြီးတောင် မသိတာ များပါတယ်"

"သိမ့်သိမ့်တော့ တိုက်မှာပဲ နေခဲ့ရမှာမဟုတ်လား"

"ဝေးပါသေးတယ် ... သိမ့်သိမ့်လည်း လိုက်ရမှာပဲလေ ... သိမ့်သိမ့်အထင်တော့ ပစ္စည်းရောင်းမယ်လို့ ထင်တာပဲ ...





ဦးဒိုးလုံးတို့ ပြန်ရောက်နေကြပြီထင်တယ်"

"ဟိုလူ မင်းထိုက်ရော ပါဦးမှာလား သိမ့်သိမ့်"

"ဟင့်အင်း ... ဒီလူကို ဦးကျောက်အိုးက ရည်ရွယ်ချက်တစ်မျိုးနဲ့ ခေါ်ထားတာ ဖြစ်မှာပါ ... အဲဒီလို ကျောက်အရောင်းအဝယ်ကိစ္စတွေကို ခေါ်လေ့မရှိဘူး ... တစ်ခါတလေတော့ မြို့ပေါ်မှာ သိုသိုသိပ်သိပ် ဝယ်တာရောင်းတာမျိုးလောက်တော့ ခေါ်သွားလေ့ရှိပါတယ် ... သိမ့်သိမ့်လေ ဒီဘဝမျိုးက လွတ်ချင်တယ် သိလား ... ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးလေ ... မေမေရော ... ကိုနေရဲကိုပါ လွတ်စေချင်တာပါ ... ဒုစရိုက်လုပ်ငန်းဆိုတာ ကောင်းမွန်တဲ့အလုပ် မဟုတ်ဘူးလေ ... အခြေအနေတစ်ခုကြောင့် သိမ့် လိုက်လျောနေရတာပါ"

"တစ်နေ့တော့ လမ်းစတွေ့မှာပါ မသိမ့် ... ကိုယ်တို့အတွက် လမ်းစတစ်ခုခုတော့ ပေါ်လာမှာပါ"

"ဒီလိုပဲ မျှော်လင့်ရတာပဲလေ ကိုနေရဲ ... သိမ့်ပြန်တော့မယ်နော်"

အုတ်တန်းလျှားခုံပေါ်မှ ထသည်။ လေဝင်သွားဟန်တူ၍ သိမ့်သိမ့်လည်း ပြုံးမလို ဖြစ်သွားခဲ့သည်။ နေရဲ လျှင်မြန်စွာ

သိမ်းဖက်၍ ထိန်းလိုက်ရသည်။

လူခြင်း ပူးကပ်သွားခဲ့ရသည်။

နူးညံ့သော အသားစိုင်တို့၏ ထိခိုက်မိခြင်းကြောင့် နေရဲ တခဏတော့ သာယာမိန်းမောသွားမိသည်။ နေရဲအသိဖြင့် သာယာမိသောစိတ်ကို ဖယ်လိုက်မိသည်။

ဆင်ခြင်တုံစွမ်းအားဆိုတာ ယောကျ်ားကောင်းတစ်ဦးမှာ အမြဲရှိသင့်ပါလေသည်။ နေရဲ လက်နှစ်ဖက်ကို လွှတ်ပေးလိုက်သည်။

အပျိုမ မသိမ့်သိမ့် ပါးပြင်လေး ရဲရဲနီနေပါလေပြီ။

နေရဲ မေးချိန်ပင် မရလိုက်တော့။ အပါးမှ သိမ့်သိမ့် သွက်လက်စွာ အပြေးထွက်သွားပါ၏။

ရင်တို့ တဒိတ်ဒိတ်ခုန်ကျန်ခဲ့ပါလေသည်။





## ၁၀

နေရဲတို့အားလုံး မိုးကောင်းမြို့၏ကြားထဲတွင် ရှိသော ခင်တန်းတောအုပ်ကလေးထဲသို့ ရောက်ရှိနေခဲ့ပါ၏။

ဦးကျောက်အိုး၏တပည့် ညာလက်ရုံး ဦးဒိုးလုံးကို တွေ့ရသည်။ မျက်နှာပေါက်ဆိုး၍ တုတ်ခိုင်ကာ အရပ်ပုပြတ်ပြတ်ပဲဖြစ်သည်။ သူနှင့်အတူ တပည့်ငါးဦးကို တွေ့ရသည်။

မိုက်ရုပ်အပြည့်ပဲ ဖြစ်ပါ၏။ မျက်နှာထားတွေကကျားက အဖေခေါ်ရလောက်အောင် ကောက်ကျစ်စဉ်းလဲဟန် အပြည့်ရှိကြသည်။ သူတို့ခေါင်းထဲတွင် ခိုးတာလုပ်မည်။ ရလာသောငွေကြေးကို ပေါ်ပေါ်သီသီသုံးမည်။ သေရဲသည်။ သတ်ရဲသည်။

ကောင်းမှုကုသိုလ်ဆိုတာကို ခေါင်းထဲသို့ တစေ့တစ္ဆေး ထည့်ထားပုံ မပေါ်ပါပေ။

"ဦးလုံး … မင်းပြောတာ ကျိန်းသေတယ်နော်"

"ကျိန်းသေပါတယ် ဆရာကျောက် … ကျိန်းသေလို့လည်း အမဲကောင် လွတ်သွားမှာစိုးလို့ ဖားကန့်က ပြန်ရောက်တာတောင် ဆရာ့ဆီမလာဘဲ ဒီတောထဲမှာ လာခိုနေတာပေါ့ သတင်းက ဖားကန့်ကပဲ ရခဲ့တာပဲ ဆရာ … သူတို့ ငါးရက်မကျော်ဘူး … ဒီတောထဲမှာ အရောင်းအဝယ်လုပ်ကြမှာပါ … ဒီနေ့ဆို လေးရက်ရှိပြီ … ကုန်သည်နှစ်ဖွဲ့ဆိုတော့ အနည်းဆုံး တစ်ဖွဲ့ငါးယောက် … ပေါင်းရင် ဆယ်ယောက်ပဲဆရာ … အောင်ကျောက်သုံးတုံးနဲ့ တဖက်အဝယ်က ငွေနဲ့လဲမှာလေ … ဒီပစ္စည်းနှစ်ခုလုံး ကျွန်တော်တို့အဖွဲ့ လုယူနိုင်ရင် လအတော်ကြာ အလုပ်မလုပ်ဘဲ နေလို့ရတယ်ဆရာ"

"အေးပါ … အောင်မြင်ရင် ငါ ထိုက်ထိုက်တန်တန် ခွဲဝေပေးဖို့ စီစဉ်ထားပါတယ် … ပြီးတော့ ငါတို့တစ်တွေ ဒုစရိုက်အလုပ်ကို စွန့်ခွာနိုင်မယ့် ခရီးတစ်ခု ထွက်ကောင်းထွက်ရ





လိမ့်မယ်"

"ဘယ်တော့လဲ … ဆရာ"

"အတိအကျတော့ မပြောနိုင်သေးပေမဲ့ မျှော်လင့်ထားသလိုဖြစ်လာရင် … နွေဦးပေါက်ရာသီရဲ့ မြန်မာလဆန်းတစ်ရက်နေ့ပဲ ဖြစ်လိမ့်မယ် … လူဦးရေကတော့ မင်းဦးဆောင်တဲ့အဖွဲ့ လူငါးယောက် … ငါဦးဆောင်တဲ့အဖွဲ့ ငါးယောက်အားလုံးပေါင်း ဆယ့်တစ်ယောက်မို့ တိုက်ခိုက်နိုင်လိမ့်လို့ငါ ယုံကြည်ထားတယ်"

ဦးကျောက်အိုးက လေသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

ထိုစဉ်မှာပင် အရှိန်လျှော့မောင်းလာသော ကားနှစ်စီး၏အသံကို ကြားလိုက်ကြရသည်။

ကားသံသည် တစ်စီးနှင့်တစ်စီး မကွာလှပေ။

ဦးကျောက်အိုးတို့လူစု ငြိမ်သက်သွားသည်။ တောစပ်မို့ ပိုးကောင်မွှားကောင်ကလေးများ အော်မြည်သံမှအပ ငြိမ်သက်နေပါလေသည်။ ကားများ အသံမကြားရတော့ပေ။

မိနစ်အနည်းငယ်အကွာတွင် တောအတွင်းသို့ လူ

အုပ်စုနှစ်ဖွဲ့ ဝင်ရောက်လာခဲ့ကြသည်။

ခေါင်းဆောင်နှင့်တူသူနှစ်ဦး၏ လက်ထဲတွင် အတက်(ချ်)ကေ့(စ)နှစ်လုံးပါလာခဲ့ကြသည်။ လအနည်းငယ် ထွက်လာသဖြင့် ထိုသူတို့၏ လှုပ်ရှားမှုကို သဲကွဲစွာဖြင့် တွေ့နေရပါလေသည်။

ခေါင်းဆောင်နှစ်ဦးက သူတို့လက်အတွင်း ပါလာသည့် အတက်(ချ်)ကေ့(စ်)များကို တပည့်တစ်ဦးစီအား ဖွင့်နိုင်းကာ ပစ္စည်းစစ်နေကြသည်။

ဦးကျောက်အိုးက သူတို့အဖွဲ့ဝင်အားလုံးကို ကြည့်လိုက်ပြီး ...

"အားလုံး တိတ်ဆိတ်နိုင်သမျှ တိတ်ဆိတ်အောင် ချဉ်းကပ်ပါ ... သေနတ်ကို လိုအပ်မှ သုံးမယ် ... အထူးသဖြင့် အသေမပစ်ပါနဲ့ ... တတ်နိုင်သမျှ လူမသတ်မိအောင် ရှောင်ဖို့လိုတယ် ... နေရဲနဲ့သိမ့်သိမ့်က ပစ္စည်းရအောင်လုမယ် ... နဒီက ပါပနဲ့တွဲပြီး နေရဲနဲ့ သိမ့်သိမ့်ကို အကာအကွယ်ပေးရမယ်"

စကားကိုဖြတ်ပြီး ဦးကျောက်အိုးက လက်ဖြင့်တက်ရန် အချက်ပြလိုက်တော့သည်။ ပစ္စည်းလဲသူများ၏ ပစ်မှတ်





နေရာနှင့် နီးကပ်အောင် ချဉ်းကပ်လိုက်ကြပါ၏။

သစ်ပင်ကြီးတစ်ပင်ကို အကွယ်ပြု၍ နေရဲ ကြည့်လိုက်သည်။ သိမ့်သိမ့်သည်လည်း နေရဲလိုပင် ဝါးတရိုက်အကွာမှ လှမ်းကြည့်သည်။

မိမိကို သိမ့်သိမ့်က လှမ်း၍ကြည့်သည်။ နေရဲ ခေါင်းညိတ်ပြလိုက်ပါ၏။

လျှင်မြန်စွာပင်အတက်(ချ်)ကေ့(စ)ကိုင်ထားသူနှစ်ဦး၏အနီးသို့ နေရဲနှင့်သိမ့်သိမ့်တို့ ရောက်ရှိသွားသည်။

သူတို့ပစ္စည်း စစ်မှန်ကြောင်း ပြသပြီးချိန်နှင့် ကွက်တိပဲဖြစ်သည်။ နေရဲသည် ညာလက်မှ အတက်(ချ်)ကေ့(စ)အားဆွဲလုပြီး ဘယ်ဖြောင့်လက်သီးဖြင့် အတက်(ချ်)ကေ့(စ)ကိုင်ထားသူကို ထိုးချလိုက်သည်။ ထိုသူ၏နှာခေါင်းထဲမှသွေးများ ယိုစီးကျလာခဲ့ပြီး လဲကျသွားခဲ့ပါလေသည်။

သိမ့်သိမ့်သည် ကျန်အတက်(ချ်)ကေ့(စ်)ကိုင်ထားသူ၏ ညာလက်ကို သူမ၏ ဘယ်ခြေဖြင့် ပတ်ကန်လိုက်သည်။

အားခနဲ အော်ကာ ထိုသူလက်အတွင်းမှ အတက်(ချ်)ကေ့(စ) ပြုတ်ကျသွားသည်။ ချက်ချင်းမကောက်သေးဘဲ ညာခြေ

ဖြင့် ထိုသူ၏ နံစောင်းကို မိမိရရ ကန်သည်။

ထို့နောက် အတက်(၈၂)ကျော့(၈) ဆွဲကာ သတ်မှတ်ဆုံရပ်ဖြစ်သော လင့်ရှိဘာကားရှိရာသို့ နှစ်ဦးသား ပြေးတော့သည်။

နဒီနှင့် ဦးပါပသည် နေရဲနှင့် သိမ့်သိမ့်တို့နောက်သို့ လိုက်ပါရန် ကြိုးစားသူများကို တိုက်ခိုက်ပါလေသည်။

နဒီသည် မိမိရရပင် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ဦးပါပကြီးသည်လည်း ပျော်ပါးစွာပင် တိုက်ခိုက်နိုင်ပါ၏။

တောအုပ်အတွင်း ဖွက်ထားခဲ့သော လင့်ရှိဘာကားပေါ်သို့ နေရဲရော သိမ့်သိမ့်ပါ တက်လိုက်ကြသည်။

ဦးကျောက်အိုးတို့လူစုမှာ သူသေကိုယ်သေ တိုက်ခိုက်နေခဲ့ကြသည်။

ကားကို နေရဲ မောင်းထွက်လိုက်တော့သည်။

သေနတ်သံတွေ ကြားရသည်။ မိမိတို့ကားရှိရာသို့လည်း လှမ်းပစ်ပါ၏။ ရင်တွေ တဒိတ်ဒိတ် ခုန်ခဲ့ရတော့သည်။

သို့သော် ... သစ်ပင်များ ခံနေ၍ ကျည်က ရောက်မလာခဲ့ပေ။ လင့်ရှိဘာကားကို လှည်းလမ်းအတိုင်း နေရဲ တရကြမ်းမောင်းထွက်ခဲ့တော့သည်။ ကားအင်ဂျင်စက်သံကြောင့် သေနတ်





သံများမှာရောထွေးကာ ကျယ်လောင်ခြင်းမရှိပေ။

တောအုပ်ကလေးမှာ ဝေဝါးစွာ ကျန်ရစ်ခဲ့ပါလေသည်။

ည တစ်နာရီကျော်ခန့် ရှိနေခဲ့ပြီ။ အအေးက ပိုလာသည်။ ဓော်လသည် သိမ့်သိမ့်နှင့် နေရဲတို့အတွက် ကော်ဖီနှင့် မုန့်များ ပြင်ဆင်ကျွေးမွေးသည်။ မီးလင်းဖိုအခန်းထဲမှာပင် နေရဲတို့ စားသောက်လိုက်ကြသည်။

"ကိုနေရဲ မနက်ကျရင် သိမ့်သိမ့်နဲ့ လိုက်ခဲ့ပါလားဟင် ... "

"ဘယ်သွားမလို့လဲဟင် မသိမ့်"

"သိမ့်လို့ပဲ ခေါ်ပါလား ... ကိုနေရဲခေါ်ပုံက မရင်းနှီးလိုက်တာ"

"သိမ့် ဘယ်သွားမယ်ဆိုတာ မေးမိလို့ ကိုနေရဲကို စပ်စုတယ်မထင်နဲ့နော်"

"ထင်စရာလား ကိုနေရဲ ... လိုက်ပို့နိုင်သူက ပို့နိုင်းရင် အပို့





နိုင်းသူရဲ့နေရာကို မေးမြန်းနိုင်ခွင့် ရှိတာပဲလေ ... သိမ့်ဘုန်းကြီးကျောင်းကို ဆွမ်းချက်ပြီး ကပ်ချင်လို့ပါ ... အပြစ်တွေ ကျေလိုကျေငြားပေါ့ ကိုနေရဲရယ် ... သိမ့်နဲ့ ကိုနေရဲက နိုးမှု လုယက်မှု ... ကျူးလွန်ခဲ့ပြီးပြီလေ ... သက်ဆိုင်ရာက မမိပေမဲ့ အပြစ်က မနေဘူးလေ ... သံသရာမှာ အကြွေးတင်သွားပြီပေါ့"

"အင်း ... သိမ့်ပြောတာ မှန်ပါတယ် ... မနက်စောစောနော် ... ကိုနေရဲ မနိုးလည်း သိမ့် နိူးလိုက်ပေါ့ ... သိမ့်နဲ့အတူ ကိုနေရဲ လိုက်ခဲ့ပါမယ် ... ဦးကျော်ကျော်အိုးတို့အဖွဲ့အန္တရာယ်မှ ကင်းပါ့မလား မသိဘူးနော် ..."

"မပူပါနဲ့ ကိုနေရဲ ... ဦးကျော်အိုးမှာ အချိတ်အဆက်တွေ ရှိပြီးသားပါ ... မတော်လို့ အန္တရာယ်ဖြစ်ခဲ့ရင်လည်း ကံကံ၏အကျိုးပဲလေ ... မကောင်းမှုပြုသူဟာ မကောင်းသောအန္တရာယ်ကို ကြုံတွေ့ရမှာပဲမဟုတ်လား"

ထိုစဉ်မှာပင် ဦးကျော်အိုးတို့အဖွဲ့ ပြန်ရောက်လာခဲ့ကြသည်။ နေရဲက အတက်(ချိ)ကော့(စ)နှစ်လုံးကို ဦးကျော်အိုးအား အပ်လိုက်သည်။ ဦးဒိုးလုံးတို့အဖွဲ့လည်း ပါလာကြသည်။

အတင်(ချိ)ကော့(စ)နှစ်လုံးကို ဖွင့်လိုက်သည်။

တစ်လုံးတွင် အောင်ကျောက်သုံးလုံး၊ တစ်လုံးတွင် ရွှေချောင်းများ တွေ့ရပါလေသည်။

"ကဲ ... ဒိုးလုံးတို့အဖွဲ့က အောက်ထပ် ဒီအခန်းထဲမှာပဲ အိပ်ကြပေါ့ ... နဒီရေ ... အတက်(ချ်)ကေ့(စ)နှစ်လုံးကို သိမ်းလိုက်ကွယ် ... မောင်နေရဲနဲ့ သိမ့်သိမ့်ရော ပါပပါ နားကြတော့"

ဖော်လသည် အခန်းထဲသို့ ရောက်ရှိလာပြီး လူငါးဦးစာ ပလတ်စတစ်ဖျာများ ခင်းသည်။ ခေါင်းအုံး စောင်များ ထုတ်၍ နေရာတကျ စီစဉ်ပေးပါလေသည်။

နဒီက သေတ္တာနှစ်လုံးကို ဆွဲကာ ထွက်ခွာသွားခဲ့သည်။ ထို့နောက် လူစု ခွဲလိုက်ကြပါလေတော့၏။





## ၁၁

နှင်းငွေ့များက ဆောင်းနှောင်းမို့လားမသိပေ။ ထူထပ်စွာပင် ကျနေပါ၏။ ဝေနေခဲ့ပါ၏။ မြူငွေ့နှင်းငွေ့များကြားမှ ဆောင်းနှောင်းနံနက်ခင်းသည် လတ်ဆတ်နိုးကြားနေပါလေသည်။

လမ်းလျှောက်ရင်း တောင်ကုန်းလေးပေါ်သို့အတက်တွင် သိမ့်သိမ့် လဲပြိုတော့မယောင် ဖြစ်သေးသည်။ ဟန်ချက်ပျက်သွားသော သိမ့်သိမ့်ကိုယ်လုံးကလေးကို နေရဲ နောက်မှ ထိန်းပေးလိုက်ရသည်။

နှင်းငွေ့များကြားမှ သိမ့်သိမ့်၏ ရှက်ရိပ်များ လွှမ်းသွားသည့်မျက်နှာချော့ချောကလေးကို နေရဲ တွေ့လိုက်ရပါ၏။

သိမ့်သိမ့် ရင်တုန် မတုန်တော့မသိ။ နေရဲလို

ယောကျ်ားသားတစ်ဦးပင် ရင်တုန်မိသည်။ ရင်တဒိတ်ဒိတ်ခုန်ပါလေသည်။

တောင်ကုန်းကလေးပေါ်ရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့သည်။ ပါလာသော ဆွမ်းချိုင့်ကို ဘုန်းတော်ကြီးကို ကပ်သည်။ ဘုန်းတော်ကြီးက ဩဝါဒစကားများကို မိန့်ဆိုပါ၏။

"ဗုဒ္ဓဘာသာဝင်ဆိုတာ ကံ ကံ၏အကျိုးကို နားလည်ရပါတယ် ... ဤသို့ ကပ်သောဆွမ်းခဲဘွယ် ဘောဇဉ်အဟာရများသည် များကောင်းများလိမ့်မည်။ နည်းကောင်း နည်းပေမည် ... ချိုချဉ်စပ်ခါးအရသာတစ်မျိုးမျိုး ကဲပေလိမ့်မည် သို့မဟုတ် ပေါင်းစည်းနေပေလိမ့်မည်မှာ အမှန်ပဲမဟုတ်လား ဒါယကာလေးနဲ့ ဒါယိကာမလေး"

"မှန်ပါတယ် ဘုရား"

"ဟုတ်ပြီ ... ဤသို့ဆိုလျှင် ဤကျောင်းတွင် သီတင်းသုံးကြတော်မူသော သံဃာများသည် ဆွမ်းအလို့ငှာ ဘုန်းပေးသုံးဆောင်ကြတဲ့အခါ တစ်မျိုးမျိုးသော အရသာကို ခံစားရမှာပဲ မဟုတ်လား"

"မှန်ပါ့ ဘုရား"

"တင်ပါ့ ဘုရား"





"သည်သို့ဆိုလျှင် ဒါယကာလေးနှင့် ဒါယိကာမလေးသည် ဤအတွက် ဆွမ်းလုပ်ကျွေးသော အဟာရဒါနကို ပြုမိကြပြီ ... ထို့အတွက် တစ်နပ်သော ဆွမ်းဘောဇဉ်၏အကျိုးကို ရပေလိမ့်မည် ... မကောင်းမှုပြုလျှင် မကောင်းသောအကျိုးကိုပဲ ခံစားရလိမ့်မယ် ဒါယကာလေးနဲ့ ဒါယိကာမလေး"

"မှန်ပါ့ ... ဘုရား"

"ဒါဆိုရင် ကမ္မဝါဒဖြစ်သော ငါတို့ ဂေါတမဗုဒ္ဓ ကံအကျိုးကို နားလည်အောင် ကြိုးစားပါ ... ရတတ်သရွေ့သော အချိန်ကာလတို့မှာ ပြုနိုင်သမျှ ပြုနိုင်သော ကုသိုလ်တို့ကို ပြုကြပါ ... ကွယ်တို့"

"တင်ပါ့ ဘုရား ... တပည့်တော်မတို့ကို ပြန်ခွင့်ပြုပါဦး ဘုရား"

တင်လျှောက်ပြီးနောက် ဘုန်းကြီးကျောင်းမှ ပြန်ထွက်ခဲ့ကြသည်။ စတီးလေးဆင့်ချိုင့်ကို နေရဲ တစ်လှည့်ဆွဲခဲ့ပါ၏။

လမ်းတစ်လျှောက် နှင်းများ ဝေဆဲ၊ ကျဆဲ ရှိနေသေးသည်။ သိမ့်သိမ့်၏ အချိုးကျပါလေသော ကိုယ်လုံးပြည့်ပြည့်လေးကို နေရဲ အမှတ်မထင် တွေ့ရပါလေသည်။ နဒီရော သိမ့်သိမ့်ရော လှကြပါ၏။

သို့သော် သိမ့်သိမ့်သည် နှလုံးသားအလှကို ပိုင်ဆိုင်ထားပါလေ၏။ သူမနှလုံးသားသည် ဖြူစင်ပါလေသည်ကော။





ဘုန်းတော်ကြီးကျောင်းနှင့် သိမ့်သိမ့်တို့ တိုက်ကဝေးလှသည်တော့ မဟုတ်ပေမဲ့ ချွေးကလေးများပင် စို့လာကြသည်။

သိမ့်သိမ့်သည် ဆိုင်းဒိနှင့်အတူ ချက်ပြုတ်ရန် မီးဖိုဆောင်သို့ ဝင်သည်။ နံနက်အဆာပြေ ကော်ဖီသောက်ချိန်မို့ နဒီကအောက်ထပ်မှာ ဆင်းစောင့်နေပါလေသည်။

ဦးဒိုးလုံးကိုပဲ တွေ့ရသည်။ သူ၏တပည့်များကို မတွေ့ရပါလေ။ ဦးပါပကြီးသည် ထမင်းစားခန်းထဲသို့ ဦးကျောက်အိုးနှင့်အတူ ရောက်ရှိနေဟန် တူပါ၏။ နဒီသည် နေရဲကို စကားနာထိုးတော့သည်။

မိန်းကလေးများသည် သူတို့ခင်မင်သော ယောကျ်ားကလေးများကို တပါးသော မိန်းကလေးများနှင့် တွဲ၍ ပြန်လာသည် တွေ့လျှင် အကြောင်းမရှိ အကြောင်းရှာ ပြောတတ်ပါလေသည်။

"နေရဲက ချိုင့်တွေဘာတွေ ဆွဲလို့ ... သိမ့်သိမ့်နဲ့ ဘယ်သွားနေကြတာလဲ"

"ဩော် ... သိမ့်သိမ့် ဘုန်းကြီးကျောင်း ဆွမ်းချိုင့်သွားပို့တာ ... အဖော်မရှိတာနဲ့ လိုက်သွားတာပါ နဒီ"

"အင်း ... အင်း သံသရာအစဥ်အဆက်မှာ တစ်တွဲတည်းဖြစ်အောင်ထင်ပါရဲ့နော် နေရဲ"

နေရဲ ဘာမှ မပြောတော့။ အပြုံးကလေးနဲ့သာ ငြိမ်နေလိုက်ပါလေတော့သည်။

ဦးကျောက်အိုး၊ ဒေါ်ရွှေစော၊ ဦးပါပတို့ သောက်ပြီးစားပြီးနေကြလေပြီ။

နေရဲနှင့် နဒီတို့ ဘေးချင်းကပ် ထိုင်လိုက်ကြသည်။

ရှမ်းအစားအစာဖြစ်သော ရေစိမ်ခေါက်ဆွဲပဲဖြစ်ပါ၏။

ပူပူနွေးနွေး ဟင်းရည်ကို ချိုင့်ထဲမှ နဒီထည့်ကာ နေရဲရှေ့အရောက် ဟင်းသောက်ပန်းကန်လုံးကို ချပေးသည်။ ပြီးမှ နဒီ စားပါ၏။





အသားများများနှင့်မို့ ခေါက်ဆွဲရေစိမ်က စားကောင်းပါသည်။

သိမ့်သိမ့်နှင့် ဦးဒိုးလုံးတို့ စားသောက်သည် မတွေ့ရပေ။ သိမ့်သိမ့် ချက်ပြုတ်နေဟန် တူသည်။ ဦးဒိုးလုံးကမူ ခြံအတွင်း ရှိနေလိမ့်မည် ထင်ပါ၏။

နေရဲတို့ စားသောက်အပြီးတွင် ဦးကျောက်အိုးက ပြောပါလေသည်။

"နေရဲကို ငွေဆယ်သိန်း ဝေစုပေးဖို့ ... ဦး စဥ်းစားထားပါတယ် ... ဦးပေးတာကို မောင်နေရဲစိတ်ထဲက မတန်ဘူးလို့ ယူဆရင် ပြောပါ ... ဦး ညှိနှိုင်းပြီး ထပ်ပေးပါ့မယ် ... မောင်နေရဲတင် မဟုတ်ပါဘူး ... ကျန်တဲ့လူတွေကိုလည်း ဦး ဒီအချိုးအတိုင်း ပေးမှာပါ ... အဲ တစ်ခုတော့ရှိတာပေါ့လေ ဒိုးလုံးလို ဦးဆောင်နေရတဲ့သူဆိုရင်တော့ ကြေးပိုပါတယ် မောင်နေရဲကို ငါးသိန်း ထပ်ဆောင်းပေးဖို့ စဥ်းစားထားပြီးသားပါ ... ဒီပွဲမှာ မောင်နေရဲနဲ့ သိမ့်သိမ့်လည်း အဓိကပဲလေ အများထက်ပိုပြီး အန္တရာယ်ရှိတယ်မဟုတ်လား"

"မကျေနပ်စရာ မရှိပါဘူး ဦး ... လောလောဆယ် ကျွန်တော့်အတွက် ဘာမှ အသုံးမလိုလို့ ဦးပဲ သိမ်းပေးထားပါ ခင်ဗျာ

နေရေးစားရေးမှ မပူရပဲလေ”

နဒီ၏အကြည့်က ဘယ်လိုလဲဟူသော အကြည့်မျိုးဖြင့် ဦးကျောက်အိုးကို ပြုံးကြည့်ပါလေသည်။ နေရဲ မြင်သော်လည်း မသိချင်ယောင် ဆောင်လိုက်ပါ၏။

“အင်းလေ … ဒါဆိုရင်တော့လည်း မောင်နေရဲ သဘောအတိုင်းပေါ့ … လိုချင်တဲ့အချိန် ဦးဆီမှာ တောင်းပါ”

“ဟုတ်ကဲ့ ဦး”

“ဩော် … ညကျရင် မောင်ရင်လေးနေရဲ တိုက်အပေါ်ထပ်ကို တက်ခဲ့ပါ … တိုင်ပင်စရာတွေ ရှိလာပြီမို့ပါ … မောင်နေရဲဆီက အမဲအုပ် ကိုမောင်မောင်လတ်ဆီက သတင်းပါ ကြားချင်လို့ဆိုပါတော့လေ … နွေဦးရာသီအစက မလိုတော့ဘူးလေကွယ်”

နွေဦးရာသီအစတဲ့။

စဉ်းစားစရာတစ်ခု တိုးလာပြန်ပါလေသည်။

နွေဦးရာသီအစသည် မည်သို့သောလျှို့ဝှက်ချက်အကြောင်းအရာတွေ ရှိနေပါသနည်း။





ညစာ စားပြီးချိန်တွင် ဦးပါပကြီးနှင့် နေရဲတို့ မီးလင်းဖိုရှိရာ အခန်းကျယ်အတွင်းသို့ ရောက်ရှိနေခဲ့ကြသည်။

ဦးပါပကြီးသည် ဖခါးရည်ကို တစိမ့်စိမ့်သောက်သည်။ ပြီးတော့ နေရဲမျက်နှာ မထားတတ်အောင် ချီးကျူးတော့သည်။

“မောင်နေရဲက အသတ်အပုတ် အတော်ကောင်းတာပဲ … အတွက်အချက်တွေလည်း မဆိုးဘူး … ဟိုနှစ်ကောင် အုပ်စုသေတ္တာတွေ ပိတ်ချိန်နဲ့ အံကိုက်ပဲလေ … ကားမောင်းတော့လည်း ကျည်သွားလမ်းကြောင်းနဲ့ ကျည်ကွယ်မျက်ကွယ်တွေကိုပါ လျှပ်တစ်ပြက်တွက်ပြီး မောင်းပြေးတာမဆိုးဘူး … ဒုစရိုက်အလုပ်ဆိုတာ ကိုယ်ကာယချည်းပဲ

အားကိုးလို့ မရဘူး … ဦးနှောက်ပါ လွှာသုံးနိုင်မှ တန်ကာ ကျတာ … ကျုပ်တို့ အလုပ်က အန္တရာယ်ကြားမှာ အသက် စွန့်ပြီး ငွေကြေး ရှာဖွေစားသောက်ရတာ မဟုတ်လား”

သိမ့်သိမ့်ရောက်လာသည်။

“ကိုနေရဲရော ဦးပါပပါ အပေါ်ကို လာခဲ့ကြပါလို့ ဦးလေး ကျော်အိုးက ခေါ်ခိုင်းလိုက်တယ်”

“အေးအေး … ဦးပါပတို့ လာကြမယ် ကလေး”

ဖခါးရည်ခွက်ကို သောက်ရင်းမှ ဦးပါပက ပြော လိုက်သည်။

သိမ့်သိမ့်ထွက်သွားသည်။ မရှေးမနှောင်းပင် ဦးပါပ နှင့်အတူ နေရဲ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။





လသာဆောင်တွင် လူစုံတက်စုံတွေ့ကြရသည်။

ကြိမ်ခွေးခြေပုကလေးများဖြင့် ထိုင်နေကြသည်။ မီးရောင်က ဖြာကျနေသည်။ ခွေးခြေပုကလေးများကိုတစ်ယောက် တစ်ခုံယူကာ ဦးပါပနှင့် နေရဲတို့ ထိုင်လိုက်ကြသည်။

ဒေါ်ရွှေစောနှင့် ဦးကျော်အိုးက ယှဉ်လျက် ထိုင် နေသည်။ နဒီက သူမအဖေနားတွင် ထိုင်နေပါ၏။ ဦးဒိုးလုံးက နဒီ နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေခဲ့သည်။

ဦးကျော်အိုးက စကားစသည်။ သိမ့်သိမ့်က လသာဆောင်ဝရန်တာဘေးတွင် ကျောခိုင်းနေခဲ့ပါလေသည်။

“မောင်နေရဲ အမဲအုပ်ကြီးဆီက ဘာထူးခြားချက်တွေ့ခဲ့ သလဲဆိုတာ သိချင်လို့ရယ် … ဦးနဲ့ မရွှေစောရဲ့ အဖြစ်ချင်

ဆုံးဆန္ဒရှိယ်ကို ပြောချင်လို့ အားလုံးလူစုံတက်စုံ ခေါ်ပြီး ပြောရတာပဲ”

သိမ့်သိမ့်တစ်ချက် လှည့်ကြည့်သည်။ မှဲ့ပြူးကလေး လှစ်ခနဲ ပြူးသည်ကို နေရဲ တွေ့လိုက်ရသည်။

နေရဲအားလုံးကို ဝေ့ကြည့်၍ ပြောလိုက်ပါ၏။

“ကိုမောင်မောင်လတ်ရဲ့ ထူးခြားတဲ့အကြောင်းအရာတွေ အားလုံး ကျွန်တော်သိခဲ့ရပါတယ် ... ဘာဖြစ်လို့ အမဲအုပ် ဘဝနဲ့ ပိတောင်တောမှာမှ အမှုထမ်းချင်ရတာလဲဆိုတာကို ပြောပြပါ့မယ် ... ကိုမောင်မောင်လတ်ဟာ ညောင်ရမ်းနဲ့ ညောင်အုပ်မင်းသားနှစ်ပါးရဲ့ သစ္စာတော်ခံအထောက်တော် သုံးယောက်ထဲက ဦးဘိုးစိန်ဆိုသူရဲ့ အနွယ်တစ်ဦးပဲ ... သီပေါမင်းကို နန်းချပြီး ညောင်ရမ်း၊ ညောင်အုပ်မင်းသား နှစ်ပါးအနက် တစ်ပါးကို နန်းတင်ဖို့ အစီအစဉ်ဟာ အင်္ဂလိပ် နယ်ချဲ့သာ မြန်မာပြည်ကို သိမ်းပိုက်ချိန်ကနေစပြီး မအောင်မြင်တော့ဘူး ... ညောင်ရမ်းညောင်အုပ်သစ္စာခံ တွေဟာ နန်းတင်ဖို့ လူသူလက်နက်အင်အား စားရေးရိက္ခာ အတွက် ရတနာပစ္စည်းတွေကို စုဆောင်းခဲ့ကြတယ် ... အဲဒီ ရွှေငွေရတနာပစ္စည်းတွေဟာ မြန်မာပြည်ကို အင်္ဂလိပ်သိမ်း





ယူပြီးတဲ့နောက် အထောက်တော်သုံးဦးရဲ့ လက်ထဲမှာ ထိန်းသိမ်းထားဆဲပဲ”

“အင်္ဂလိပ်လည်း မြန်မာပြည်ကို သိမ်းယူသွားတယ် ... ညောင်ရမ်း ညောင်အုပ်မင်းသားနှစ်ပါးအနက် တစ်ပါး ကံကုန်သွားတဲ့အချိန်က စပြီး နန်းတင်ရေး မအောင်မြင် တော့ဘူးဆိုတာသိတော့ ကသိုဏ်းတောင်ကို အခြေချပြီး ညောင်ရမ်းသစ္စာတော်ခံတွေဟာ အင်္ဂလိပ်ကို တော်လှန် တိုက်ခိုက်ခဲ့တယ် ... အထောက်တော်သုံးဦးဟာ တကယ် လို့ သူတို့ကျဆုံးသွားခဲ့ရင် သူတို့ရဲ့ အင်းအားစုလည်း ပြို ကွဲသွားနိုင်တာကို တွက်မိခဲ့ကြတယ် ... အဲဒီအခါ သူတို့ရဲ့ သားသုံးယောက်ကိုခေါ်ပြီး အထောက်တော်ဦးရွှေး ... ဦးဘိုးစိန် ... ဦးဖိုးအိပ်တို့က သူတို့ကျဆုံးခဲ့ရင် ရတနာပစ္စည်း တွေကို ညောင်ရမ်းအနွယ်တော်တွေထဲက နန်းတင်နိုင်ဖို့ အတွက် ပစ္စည်းတွေ ဖွက်ရမယ် ... အဲဒီနေရာကို သူတို့ရဲ့ ခေါင်းခွံတွေပေါ်မှာ တပိုင်းစီ ရေးဆွဲရမယ်လို့ မှာခဲ့တယ် တစ်နေ့မှာ အထောက်တော်သုံးယောက်ကျဆုံးခဲ့တယ် ... မှာခဲ့တဲ့အတိုင်းပဲ ခေါင်းခွံပေါ်မှာ မြေပုံရေး တစ်ယောက် ခေါင်းခွံတစ်လုံးစီယူပြီး လမ်းခွဲခဲ့ကြတယ် ... ပိတောင်

စေတနာစာပေ

တောမှာ တစ်နှစ်တစ်ခါဆုံဖို့ ကတိပြုခဲ့ကြတယ် ... မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် မဆုံဖြစ်တော့ဘူး ... ဘယ်မှာရောက်နေကြမှန်းလည်း မသိနိုင်တော့ဘူးပေါ့"

"ဟုတ်ပြီ မောင်နေရဲ ... ဒေါ်ဒေါ်ဟာ ဦးဖိုးအိပ်ရဲ့ အနွယ်တော်ပဲပေါ့ ... ဒါနဲ့ အမဲအုပ်ကြီးကိုမောင်မောင်လတ်က ဘယ်အချိန်မှာ ပိတောင်တောထဲ ဆုံကြရမလဲဆိုတာ မပြောလိုက်ဘူးလား မောင်နေရဲ"

"အဲဒါတော့ ကိုမောင်မောင်လတ် မပြောခဲ့ဘူး ... သူမပြောချင်တာလား ... မပြောဖြစ်ခဲ့တာလားတော့ ကျွန်တော်လည်း မသိပါဘူး ... ဒါပေမယ့် ပိတောင်တောမှာ ဆုံခဲ့ကြရင် အနွယ်တော်တွေမှန်းသိနိုင်အောင် သူတို့ရဲ့ အထိမ်းအမှတ်ပိုးပဝါပေါင်းကြရမှာလို့တော့ ကိုမောင်မောင်လတ် ပြောခဲ့ပါတယ် ဒေါ်ဒေါ်"

"ဟန်ကျပြီ ကိုကျောက်အိုး ... အနွယ်တော်နှစ်ဦးတော့ ဆုံးပြီး ကျန်တဲ့အနွယ်တော်တစ်ဦးပဲ ကျန်တော့တယ် ... ဟင်း ... စိတ်ပျက်စရာတော့ ကောင်းပါတယ်လေ ... ကျန်တဲ့အနွယ်တော်အဆက်ရောက်မလာခဲ့ရင် ဒီရတနာမြုပ်ထားတဲ့နေရာကို ရှာဖွေနိုင်ဖို့ မလွယ်ပါဘူးလေ"





ဒေါ်ရွှေစောက စိတ်ပျက်အားလျော့ဟန်ဖြင့် ပြောလိုက်သည်။ ဦးကျောက်အိုးမှ –

"မရွှေစောက အတော်ကို စိတ်ဓာတ်ကြံ့ခိုင်မှု နည်းသေးတာပဲ ... အခုမမျှော်လင့်ပဲ အနွယ်တော်တစ်ဦး တွေ့ရပြီ ဆုံနိုင်ဖို့ ကျန်တဲ့အနွယ်တော်တစ်ဦးကလည်း ပိတောင်တောကို မလာနိုင်ဘူးလို့ ပြောနိုင်မလား ... ဆုံတွေ့ရမယ့်အချိန်ကလည်း ရက်လောက်ပဲ လိုတော့တာပဲကွယ်"

"အင်းလေ ... မြန်မာနှေ့ဦးရာသီကာလရဲ့ လဆန်း ၁ရက်နေ့မှာ ဆုံဆည်းရမယ်လို့ ဆိုထားတာပဲ ... ဒီတော့ သွားစောင့်ကြရမှာပေါ့"

ဒေါ်ရွှေစောက ပြောလိုက်ပါ၏။

"ဒါဆိုရင် ကျွန်တော်တို့အားလုံး ခရီးထွက်ကြရမယ်ဆိုတာ ဒီကိစ္စနဲ့ ပတ်သက်နေသလား ... ဆရာကျောက်"

"သိပ်မှန်တာပေါ့ ဒိုးလုံးရေ ... ငါတို့ မြန်မာနွေဦးကာလရဲ့ ရက်ဦးဖြစ်တဲ့ လဆန်းတစ်ရက်နေ့မှာ ပိတောင်တောမှာ သွားစောင့်ကြရမယ်လေ ... အဲဒီမှာ အနွယ်တော်သုံးဦး မမျှော်လင့်ပဲ ဆုံမိခဲ့ကြရင် ကသိုဏ်းတောင်ကို ခရီးဆက်ကြရမယ်"

"အဲဒီအတွက် ငါတို့ သိပ်ရက်စောင့်စရာမလိုတော့ဘူးလေ နွေဦးကာလက စနေပြီလို့ မဆိုနိုင်သေးပေမယ့် ရောက်ခါနီးနေပြီပဲ ဒိုးလုံး"

ဒေါ်ရွှေစောသည် မနှစ်မြို့ဖွယ်ရာဖြစ်လေသော အနိဋ္ဌပစ္စည်းအရိုးခေါင်းခွံကိုတော့ ထုတ်မပြတော့ပေ။

ထို့နောက် ညနက်စ ပြုလာပြီဖြစ်၍ အိပ်စက်ရန် လူစုခွဲခဲ့ကြပါလေတော့သည်။

ဆောင်းနှောင်းည၏ အအေးဓာတ်က မြစ်ကြီးနားမြို့ကလေးကို လွှမ်းခြုံထားပါလေ၏။





## ၁၂

ရက်ကလေးများ ကုန်ဆုံးသွားခဲ့သည်နှင့်အမျှ သိမ့်သိမ့်နှင့် နေရဲတို့၏ ရင်းနှီးမှုက ပိုမိုခိုင်မာလာခဲ့သည်။

ဦးဒိုးလုံးတို့လူစုမှာ မြစ်ကြီးနားမြို့ပေါ်တွင် ရသမျှ အချိန်ကလေးအတွင်း လောင်းကစားဝိုင်းရှိရာ ကျိတ်ဝိုင်းအိမ်များသို့ တစ်နေ့ကုန်သွားရောက် ကစားခြင်း၊ စားသောက်ဆိုင်များတွင် လှည့်လည်သောက်စား၍ ညနေမိုးချုပ်မှ စီတာပူရပ်တိုက်သို့ ပြန်အိပ်ကြသည်။ မင်းထိုက်ပင် အဝင်အထွက်မရှိလေခဲ့။

ဤရက်များအတွင်း နဒီသည် မိမိနှင့်မတွေ့အောင်ပင် ရှောင်ရှားနေခဲ့သည်လား ဒါမှမဟုတ် ဖခင်ဖြစ်သူ ဦးကျောက်အိုးနှင့် နေ့စဉ်အပြင်ထွက်နေခဲ့ခြင်းကြောင့်လားမသိ တွေ့ဆုံခြင်း မရှိခဲ့ပေ။

ဆုံဖြစ်နေသည်က သိမ့်သိမ့်နှင့် နေရဲသာလျှင် ဖြစ်ပါ၏။ ဦးပါပကြီးမှာလည်း ညနေရိုးရိုးမှသာလျှင် စီတာပူရပ်တိုက်အိမ်သို့ ပြန်လည်ရောက်ရှိတတ်လေသည်။

ဦးဒိုးလုံးတို့အဖွဲ့မှာ ဦးကျောက်အိုးအား ကြောက်ရ၍ပဲလားမဆိုနိုင် ညစာစားပြီးသည်နှင့် အိပ်စက်ကြသည်။

ဆောင်းနှင်းစုများက ဆောင်းကာလကုန်ဆုံးရက်နီးသည့်တိုင် အကြွေမလျော့ပေ။ ပိုမိုထူထပ်စွာပင် ကျဆင်းပါလေသည်။ ဦးဒိုးလုံးတို့လူစု ပြန်၍ ဆုံလာကြပြီးနောက်ပိုင်းတွင် ညပိုင်းများတွင် မီးလင်းဖိုရှိရာအခန်းကျယ်ကြီးတွင် နေရဲ မထိုင်ဖြစ်သေခဲ့။

ညနေခန်းတွင်သာ နေရဲ ညစဉ်ထိုင်တတ်ပါလေသည်။ သိမ့်သိမ့်ကလည်း ညစဉ်ပင်လာရောက် စကားပြောလေ့ရှိလာခဲ့သည်။

သိမ့်သိမ့်လာလျှင် ဖခါးရည်တစ်အိုးနှင့် မြည်းစရာတစ်ခုခုပါလာတတ်စမြဲပင်ဖြစ်သည်။

ယနေ့လည်း သိမ့်သိမ့်ရောက်လာပါလေ၏။ မြည်းစရာ အမြည်းတစ်ပန်းကန်လည်း ပါလာပါ၏။

အမြည်းက တောဝက်သားခြောက်ဆီဆမ်းပဲ ဖြစ်လေသည်။





"စားလေ ကိုနေရဲ ... တောဝက်သားက အဆီမပါတော့ မြို့ဝက်သားထက် ဒီရာသီမှာ စားကောင်းတယ်လေ ... ဆောင်းကုန်တယ်လို့သာ ပြက္ခဒိန်ပေါ်မှာ သတ်မှတ်ချက်ရှိပေမယ့် မြစ်ကြီးနားလို ဒေသမျိုးက ဆောင်းနဲ့ မိုးပဲ အမြဲလို ရှိနေတတ်တာ ကိုနေရဲ"

"ဟုတ်တယ်နော် ... ဂီတစာဆို ဆရာလင်းစေးလုလင် ရေးစပ်သွားခဲ့တဲ့ ဆွမ်ပရာဘွမ်ဆိုတဲ့သီချင်းလေးမှာတောင် မြစ်ကြီးနားဒေသရဲ့ ဥတုရာသီအကြောင်း ရေးဖွဲ့သွားသေးတာပဲ သိမ့်ရယ် ... သွေးချင်းတွေပျော်မွေ့ရာ မနောမြေဟာ အေးချမ်းသာယာလှပါတယ် သိမ့် ... ဒါပေမယ့်"

နေရဲ အသံတိမ်သွားသည်။ စကားမဆက်ချင်တော့ သိမ့်သည် အလွန်ပါးနပ်သော မိန်းကလေးတစ်ယောက်ဖြစ်၍ နားလည်မည်ထင်ပါလေသည်။ သိမ့်သိမ့်သည် ခေါင်းကို တဆတ်ဆတ် ညိတ်ပါ၏။

"ကိုနေရဲ ဆိုလိုချင်တာကို သိမ့်သဘောပေါက်ပါတယ် ... မနောမြေဟာ တကယ့်ကို ချစ်စရာပါ ... တကယ့်ကိုလည်း အေးချမ်းသာယာပါတယ် ... ဒါပေမယ့် ဦးကျောက်အိုးတို့လို ဝိသမာလောဘသား ဒုစရိုက်သမားတွေကြောင့် အလှ

အပတွေ ဆိတ်သုန်းနေတာပါ”

“ဒါကလည်း မနောမြေဒေသကြီးတစ်ခုလုံး မဟုတ်ပါဘူး ဝိသမလောဘသားတွေ ကျင်လည်တဲ့နေရာမျိုးတွေမှာ သာ အလှဆိတ်သုန်းနေတတ်တာပါ သိမ့် ... သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တွေ မှူခင်းတပ်ဖွဲ့ဝင်တွေကလည်း အာဥ်သဖြင့် ကြိုးစားရှင်းလင်းနေကြတာပါပဲလေ”

“ဟုတ်ပါတယ် ကိုနေရဲ ... တစ်နေ့တော့ အလှအပ ဆိတ်သုန်းအောင် အနှောင့်အယှက်ပေးနေတဲ့ ဒုစရိုက်သမားတွေ ရှင်းလင်းသွားမှာပါလို့ သိမ့်ယုံကြည်နေပါတယ်”

သိမ့်သိမ့်သည် အအေးပိုလာ၍လားမသိ ဖခါးရည်ကို ဆင့်၍ သောက်ပါလေသည်။

“နောက် နှစ်ရက်လောက်ဆို နွေကာလရဲ့ မြန်မာလဆန်း ၁ ရက်နေ့ရောက်ခါနီးပြီပေါ့နော် သိမ့်”

“ဟုတ်တယ် ... ဒါကြောင့် နဒီတို့ သားအဖ ဝိတောင်တောတစ်ပိုက်ကို နေ့စဥ်မပြတ် ကြည့်ရှုနေတတ်တာလေ ... ဦးကျောက်အိုးက အလုပ်လုပ်ရင် သိပ်စေ့စပ်တာ ကိုနေရဲ ဒါကြောင့် သူ့တာရားဥပဒေရဲ့ အဆုံးအမကို မခံရသေးတာပေါ့ ကိုနေရဲ”





နေရဲပြုံးပါလေသည်။ အပြုံးက အထင်မကြီးလေသော အပြုံးပဲဖြစ်ပါ၏။

“ဥပဒေရဲ့ လက်တန်က ရှည်ပါတယ် သိမ့် ... စောင့်ကြည့်လိုက်ပါဦးလေ”

“စောင့်ကြည့်ရဦးမှာပေါ့ ကိုနေရဲ ... ညဥ့်လည်း နက်ပြီ သိမ့် အိပ်တော့မယ် ... ကိုနေရဲလည်း အိပ်တော့နော်”

နေရဲ ခေါင်းညိတ်ပြလိုက်ပါပေသည်။ ညဥ့်နက်မှာပင် အအေးက ပိုလာပါလေ၏။

## ၁၃

နွေကာလ၏ မြန်မာလဆန်း ၁ ရက်နေ့အလိုတွင် ကိုမောင်မောင်လတ်၏အိမ်သို့ ဦးကျော်အိုး၊ နဒီနှင့် နေရဲတို့ ရောက်ရှိသွားသည်။ နေရဲ အကျိုးအကြောင်းရှင်းပြ၍ ကိုမောင် မောင်လတ်သည် ဦးကျော်အိုးကို ကြည်ဖြူစွာပင်လက်ခံခဲ့ပါလေ သည်။

ပိတောင်တောစပ်သို့ ရောက်ရှိခဲ့ကြသည် ...။ ဦးကျော်အိုးနှင့် ကိုမောင်မောင်လတ်သည် အထိမ်းအမှတ်အဖြစ် နှစ်ဦးစလုံး ပိုးပဝါများကို အကျအန ပေါင်းထားကြပါလေ၏။

နွေဦးကာလပင်ဖြစ်လင့်ကစား ဆောင်းလက်ကျန် နှင်းပုလဲနုကလေးများသည် တပေါက်ပေါက်ကြွပက်နေဆဲပါတည်း။





နဒီသည် နေရဲ၏လက်မောင်းကို ဆုပ်ကိုင်၍ တောစပ်မှ အတူလျှောက်နေခဲ့ကြသည်။

ဦးကျော်အိုးနှင့် ကိုမောင်မောင်လတ်သည် လင့်ရှိ ဘာအနီးမှာပင် ပိုးပဝါရှေကျင်ခတ်ခေါင်းပေါင်းစတလူလူနှင့် ရပ်၍ နေခဲ့ကြပါ၏။ မြူငွေ့နှင်းငွေ့များ ရောနေ၍ ပတ်ဝန်းကျင်တစ် ဝိုက်ကွဲကွဲပြားပြားမရှိလှပေ။

နှင်းခွဲမီးဖွင့်၍ ကားတစ်စီး မောင်းဝင်လာသံကို ကြားလည်းကြား တွေ့လည်း တွေ့လိုက်ကြရသည်။

နေရဲနှင့် နဒီတို့သည် လင့်ရှိဘာအနီးသို့ လျှောက် ခဲ့ကြသည်။ မောင်းဝင်လာသော ကားသည် ဝီလီဂျစ်ကားကလေး တစ်စင်းဖြစ်ပါလေ၏။ ကားကလေးသည် တောစပ်နှင့် မလှမ်း မကမ်းမှာပဲ ထိုးရပ်သွားသည်။

ကားပေါ်မှ အသက် ငါးဆယ်ကျော် ခြောက်ဆယ် နီးပါးခန့် ထောင်ထောင်မောင်းမောင်းလူကြီးတစ်ဦးဆင်းလာပါ လေသည်။ ထိုလူကြီးသည် အနောက်တိုင်းဝတ်စုံကို အကျအန ဝတ် ထားသည်။ သူ၏ဦးခေါင်းပေါ်တွင်လည်း ပိုးပဝါကို အကျအနပေါင်း ကာ ဝတ်ထားပါလေသည်။

ကားပေါ်မှ လေးဆယ်ကျော် ငါးဆယ်တွင်း အမျိုး

သမီးကြီးတစ်ဦးဆင်းလာခဲ့သည်။ ပြီးတော့ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ဦးနှင့် အမျိုးသမီးကလေးတစ်ဦးဆင်းလာခဲ့သည်။

နေရဲတို့အားလုံး ဝေဝါးနေဆဲရှိထားသည့် မြူငွေ့နှင်းငွေ့များအကြားမှ ထိုလူစုကို ကြည့်နေမိသည်။

ဝီလီဂျစ်ကားပေါ်မှ လူတစ်ဦးဆင်းလာသည်။ သက်လတ်ပိုင်းအရွယ် ပိန်ပိန်ပါးပါးလူတစ်ဦးပဲ ဖြစ်သည်။

"ကိုမောင်မောင်လတ်ရေ ကျုပ်တို့ အိပ်မက်ထဲက အတိုင်းတော့ ဖြစ်လာခဲ့ပြီ ... သူတို့လည်း ကျုပ်တို့ကို မြင်ပုံရတယ် ... ဘယ်သူဘယ်ဝါလို့ ရုပ်သာမသဲကွဲသေးတာ ကျုပ်တို့စောင့်နေတဲ့ အနွယ်တော်အုပ်စုဆိုတာ သေချာနေပါပြီ"

ဦးကျောက်အိုးက ဝမ်းသာအားရပြောလိုက်သည်။ ကိုမောင်မောင်လတ်သည် ရှေ့တူရူမှ လူစုကို ကြည့်နေရင်းမှ ခေါင်းကို ညိတ်ပြပါလေသည်။





သူတို့လူစုတဖြည်းဖြည်းနီးလာသည်။ မျက်နှာများကို သဲကွဲစွာ မြင်လိုက်ရပြီ။

နေရဲ ရင်တွေ တဒိတ်ဒိတ်ခုန်ပါလေပြီ။ သူလုံးဝမမျှော်လင့်ထားသော သူများပဲ ဖြစ်ပါလေသည်။

လောကကြီးတွင် ဒဏ္ဍာရီဆန်ဆန် ပုံဝတ္ထုဆန်ဆန် အဖြစ်အပျက်များစွာ ရှိနေခဲ့သည်။ မယုံကြည်နိုင်ဖွယ်ရာတွေလည်း ပါသည်။ ယုံကြည်လက်ခံနိုင်ရန် အထောက်အထားအကိုးအကားတွေနှင့် အဖြစ်အပျက်တို့ကို ကြားဖူးခဲ့သည်။

နှစ်ပေါင်းများစွာ ကြာရှည်သွားလျှင် တကယ့်အဖြစ်အပျက်တို့သည် ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ဖြစ်သွားတတ်ကြ

သည်ပဲ ဖြစ်ပေမည်။

အခုလည်း ကြည့်၊ နေရဲ မထင်မှတ်ထားသူများသည် တစ်ဦးတည်းသော အထောက်တော်ဦးရေဦး၏ အနွယ်တော်များပဲ ဖြစ်နေပါ၏။

နေရဲ ရင်တို့ တဒိတ်ဒိတ်ခုန်သည်။

ဝိုးပဝါ ရွှေကျင်စတ်နှင့် လူကြီးသည် နေရဲ၏ ဖခင်ဦးကျော်ဝေဖြစ်နေခဲ့သည်။ ပြီးတော့ သူနှင့်အတူ ပါလာသူများ သည် နေရဲ၏ မိထွေး ဒေါ်ဥမ္မာလေး၊ သမီး နန်းစီနှင့် သား ကြည်လတ်တို့ပဲ ဖြစ်သည်။

ဒက်ဒီသည် နေရဲကို သတိမပြုမိသေး။ ဦးကျောက်အိုးကိုသာ တစူးစူးတစိုက်စိုက် ကြည့်နေပါလေသည်။ ပြီးတော့မှ ကိုမောင်မောင်လတ်ကို ကြည့်သည်။

ဒေါ်ဥမ္မာလေး၏ မျက်နှာသည် ဖျော့်လင့်ချက်တို့ ပြည့်စုံသွား၍ ဝမ်းသာနေဟန် တွေ့နေရပါလေ၏။

"ဒီက လူကြီးမင်းတို့နှစ်ယောက်ဟာ ဦးဘိုးစိန်နဲ့ ဦးဖိုးအိပ်တို့ရဲ့ အနွယ်တော်တွေပဲ ထင်ပါတယ်"

"ဟုတ်ပါတယ် မိတ်ဆွေ ... ကျွန်တော်က ဦးဖိုးအိပ်အနွယ်





တော် ... ဒီက ကိုမောင်မောင်လတ်က ဦးဘိုးစိန်ရဲ့ အနွယ်တော်ပါပဲ"

ဦးကျောက်အိုးက ဒက်ဒီဦးကျော်ဝေကို ပြောလိုက်သည်။

ဒက်ဒီ၏အကြည့်က အားလုံးဝေ့ဝဲကြည့်သည်။ နေရဲနှင့် ဒက်ဒီမျက်ဝန်းတို့ ဆုံလိုက်ကြပါလေပြီ။

ဒက်ဒီ၏ နှုတ်ခမ်းနှစ်လွှာတို့ တဆတ်ဆတ်တုန်နေသည်။

အတော်လေး အားယူရဟန်တူသည်။

"မင်း ... မင်း ... နေ ... နေရဲ"

"ဟုတ်ပါတယ် ဒက်ဒီ ... ဒက်ဒီရဲ့သား နေရဲမှ ရေမရောပါဘူး ... ဒက်ဒီရှေ့မှာ အရှင်လတ်လတ်ရှိနေတာ ဒက်ဒီသားနေရဲအစစ်ပါ"

"ဟင်း"ခနဲ ဒက်ဒီ သက်ပြင်းမှုတ်ထုတ်သံ ကြားရသည်။ ဒက်ဒီသည် ဘာကိုမှ မပြောတော့။ လူစိမ်း သူစိမ်းများရှေ့မို့ မပြောလိုသည်လည်း ဖြစ်နိုင်သည်။ မတွေ့ရတာကြာပြီဖြစ်သောသား မိမိကို စိတ်မကောင်းဟန်ဖြင့် တွေတွေကြီး စိုက်ကြည့်

ပါလေသည်။

ဒေါ်ဥမ္မာလေးသည် မိမိကိုတွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။ မျက်နှာထားလည်းတင်းခနဲဖြစ်သွားသည်။ သို့သော် ဒေါ်ဥမ္မာလေးသည် ဣန္ဒြေ ဆယ်လိုက်လေသည်။

နဒီ၊ ဦးကျောက်အိုးနှင့် ကိုမောင်မောင်လတ်တို့ အံ့အားသင့်နေကြသည်။ သူတို့သားအဖကို ကြည့်နေကြပါ၏။

"ဦး ... ဒါ နေရဲဒက်ဒီ ဦးကျော်ဝေလေ ... ဟိုက ဒေါ်ဥမ္မာလေးလေ နေရဲရဲ့ ဒုတိယမိခင်ဆိုပါတော့ ... သူတို့က သမီးနန်စီနဲ့ သား ကြည်လတ်ပေါ့"

နေရဲသည် လူမှုဝတ္တရားအတိုင်း မိတ်ဆက်ပေးလိုက်ပါသည်။

"ဒါက ဦးကျောက်အိုးတဲ့ ... သူက နဒီလေ ... ဦးရဲ့သမီးပါ သူက ကိုမောင်မောင်လတ် ... နေရဲနဲ့ သစ်တောတက္ကသိုလ်မှာအတူတူတက်ခဲ့ကြတာ ... နေရဲထက် နှစ်နှစ်စောတယ် အခု ပီတောင်တောမှာ ဘီနယ်တွေကို အုပ်ချုပ်ရတဲ့ အမဲအုပ်ကြီးတစ်ယောက်ပေါ့ ဒက်ဒီ"

"တွေ့ရတာ ဝမ်းသာပါတယ် ... ဦးလည်း သစ်တောအရာရှိ





အငြိမ်းစားတစ်ဦးပါပဲ ... သိကျွမ်းနေကြတာဆိုတော့ သွားကြရမယ့်ခရီးလမ်းအတွက် စိတ်ချလက်ချဖြစ်သွားရတာပေါ့ကွယ်"

ထိုစဉ်မှာပင် ဝီလီဂျစ်ကားမောင်းလာသူမှ

"ဆရာတို့ချင်း တွေ့ကြပြီဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ... အိမ်မှာ အလုပ်ကလေးတွေ ရှိနေသေးလို့ပါ"

"အော် ... ကိုကျင်မောင် သွားချင်ရင် သွားလေ ... နေ့လည်လောက်တော့ ကျွန်တော်တို့ ပြန်လာကြမယ်လေ ဒီမှာ ကိစ္စဝိစ္စလေးတွေ ရှိနေသေးလို့ပါ"

"ဟုတ်ကဲ့ဆရာ ... ခွင့်ပြုပါဦး"

ထိုသူသည် ဝီလီဂျစ်ကားရှိရာသို့ လျှောက်သွားသည်။ ပြီးတော့ မောင်းထွက်သွားတော့သည်။

"ကဲ ... ကိစ္စဝိစ္စလေးတွေ ပြောကြဆိုကြရအောင် ... လင့်ရိုဘာကားနဲ့ ကိုမောင်မောင်လတ်အိမ်သွားကြတာပေါ့"

လင့်ရိုဘာကားဆီသို့ သူတို့အားလုံး လျှောက်ခဲ့ကြပါ၏။

ဦးကျောက်အိုးက ပြောရင်းဆိုရင်းမှ ကားဆီသို့ သွား

သည်။ အားလုံး ကားပေါ်တက်လိုက်ကြသည်။

နဒီသည် လင့်ရှိဘာကားကို နှစ် လမ်းသွား လိဒို လမ်းမကြီးပေါ်သို့ မောင်းနှင်လိုက်ပါလေ၏။





## ၁၄

အားလုံး တက်ကြွနေကြသည်။

ကသိုဏ်းတောင်သို့ သွားရန် ရက်ကိုပင် သတ်မှတ်လိုက်ကြတော့သည်။

ဦးကျောက်အိုးသည် ကိုမောင်မောင်လတ်ထက်စာရင် မနော့မြေကို ကျွမ်းကျင်သူဖြစ်၍ ကသိုဏ်းတောင်သို့ ခရီးကိုသူပင် ဦးဆောင်ရန် အားလုံးသဘောတူလိုက်ကြသည်။

ဦးကျောက်အိုးသည် ဆောင်ရန် ရှောင်ရန်များကို ပြောပြပါလေသည်။

"ကသိုဏ်းတောင်က ပြည်မသားတွေရော မြို့ခံ ရွာခံတွေပါ အရောက်အပေါက်နည်းကြတယ် ... ခရီးလမ်းကြမ်း

တယ် ... ငှက်ဖျားရောဂါက အတော်ကြမ်းတယ် ... ဆေးဝါးပစ္စည်းတော့ အပြည့်အစုံယူသွားရလိမ့်မယ် ... ကျွန်တော်တို့ သားအဖ ကြိုတင်ဝယ်ထားတာတွေ ရှိပါတယ် ... မဖြစ်နိုင်ဘူးလို့ ယူဆခဲ့ရတဲ့ အိပ်မက်ရှည်ကြီးက တကယ်ဖြစ်လာခဲ့ပြီပဲ ... ရတနာတွေကို ဘယ်လို မြုပ်နှံထားတယ်ဆိုတာ မသိကြရသေးဘူး ... ကျွန်တော်တို့က အဲဒီလမ်းတွေကို ကျွမ်းကျင်ပါတယ် ... သားကောင်အန္တရာယ်လည်း ပေါတယ်လေ"

"ဟုတ်ကဲ့ ... ဦးကျောက်အိုးက ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်လာတဲ့သူဆိုတော့ ကျွမ်းကျင်မှာကို ကျွန်တော်တို့ ယုံကြည်ပါတယ် ... တောကောင်အန္တရာယ်များတယ်ဆိုပေမယ့် ကျွန်တော်တို့အားလုံးက တောတွေ တောင်တွေနဲ့ ယဉ်ပါးခဲ့တော့ ကိစ္စမရှိပါဘူး ... မိန်းမသားတွေအတွက်ပဲ ပူပန်ရမှာပါ"

ဦးကျော်ဝေက ဦးကျောက်အိုးကို ပြောလိုက်သည်။ ကိုမောင်မောင်လတ်က ဝင်ပြောလာသည်။

"ဒါကတော့ ကျွန်တော်တို့အားလုံး သွေးစည်းရမှာပေါ့ဗျာ အားလုံးစောင့်ရှောက်ကြမယ်ဆိုရင် ပူစရာမလိုပါဘူး"





"ဟုတ်ပါတယ် ... ဒီတော့ ဦးကျော်ဝေတို့ သဘောကို သိပါရစေ ... ကျွန်တော်နဲ့ ကိုမောင်မောင်လတ်တို့ကတော့ အသင့်ပါပဲ"

"ဟုတ်ပါတယ် ဦးလေး ဦးကျော်ဝေ ... ကျွန်တော် ခရီးထွက်ရင် အမဲစောင့်ကြီးနှစ်ဦးရှိနေမှာဆိုတော့ လုပ်ငန်းအတွက်လည်း မပူပင်ရပါဘူး ... အသင့်ပါပဲ"

ကိုမောင်မောင်လတ်က ဇွဲကြည့်၍ ပြောလိုက်သည်။

"ဒါဆိုရင် ဒီနေ့ပဲ ကျွန်တော်တည်းခိုနေတဲ့ နေရာကနေ ကိုမောင်မောင်လတ်အိမ်မှာပဲ တည်းရင် ကောင်းမလား စဉ်းစားမိတယ်လေ"

နေရဲသည် သူ၏ ဒက်ဒီဦးကျော်ဝေကို ကြည့်လိုက်ပြီး –

"ကောင်းတာပေါ့ ဒက်ဒီ ... ကိုမောင်မောင်လတ်တိုက်က လုံခြုံမှုရှိပါတယ် ... ဒက်ဒီတည်းတဲ့နေရာကို ဒက်ဒီပြန်သွားတတ်လို့လား ... အင်း ... ကိုမောင်မောင်လတ်က မြစ်ကြီးနားမှာတော့ ကျွမ်းကျင်နေပါပြီလေ"

"ဒက်ဒီအတွက် မပူပါနဲ့ နေရဲ ... မြစ်ကြီးနားနယ်ဆိုတာ

ဒယ်ဒီသစ်တောဌာနဝင်ကာစက ခြေရာချင်းထပ်လာတဲ့ နေရာတွေပါ"

နေရဲ ဘာမှ ဝင်မပြောပါလေတော့။

"ဒါဆိုရင် ကျွန်တော်တို့လည်း ပြန်ပြီး စီစဉ်စရာရှိတာ စီစဉ်မယ်လေ ... ဝန်တင်လားတွေက ယူမာရွာက ငှားသွားရင် ဖြစ်ပါတယ် ... အဲဒီမှာ ကျွန်တော်လူတွေရှိတယ် ... မနက်ဖြန်ပဲ ခရီးထွက်ကြတာ ကောင်းလိမ့်မယ်"

"ဦးကျော်အိုး ကောင်းသလိုပဲ စီစဉ်ပါ ... ဦးကျော်အိုးက နယ်မြေခံပဲလေ"

ဦးကျော်ဝေက သဘောတူစွာဖြင့်ပင် ပြောလာခဲ့သည်။

"မောင်နေရဲရေ ... ဦးတို့ပြန်ကြမယ် ... မောင်နေရဲ ဒက်ဒီနဲ့ ပကားပြောချင်ရင် နေရစ်ခဲ့လေ ... မနေချင်ရင်လည်း ပြန်လိုက်ခဲ့ပေါ့"

နေရဲသည် ဒေါ်ဥမ္မာလေးနှင့် နန်းစီ၊ ကြည်လတ်တို့ကို ငေးဝဲကြည့်သည်။ ပြီးမှပင် ပြောလိုက်တော့သည်။

"ဒက်ဒီ ... နေရဲ ပြန်တော့မယ်"

ဒက်ဒီသည် ခေါင်းကို လေးပင်စွာပဲ ညိတ်ပြရှာပါလေ၏။





လင့်ရိုဘာကားရှိရာသို့ ထွက်ခဲ့ကြသည်။ လင့်ရိုဘာကို နဒီကပဲ မောင်းထွက်ခဲ့ပါလေသည်။

ပီတာမူရပ်ရှိ တိုက်အိမ်ကြီးသို့ ပြန်ရောက်တော့ ဦးကျောက်အိုး၊ နဒီနှင့် နေရဲတို့ပဲ ထမင်းစားရန် ကျန်တော့သည်။

ထမင်းစားပြီးနောက် ဦးကျောက်အိုးက အစီအစဉ်များကို ရေးဆွဲတော့သည်။ ဇော်လကိုလွှတ်၍ မင်းထိုက်ကို ခေါ်ခိုင်းခဲ့သည်။ ကိုမင်းထိုက်ရောက်လာသည်။

မီးလင်းဖိုအခန်းထဲမှာပဲ ပလတ်စတစ်ဖျာများပေါ်တွင် စုရုံးထိုင်ကြသည်။

"ကသိုဏ်းတောင်ကို မနက်ဖြန် မနက်ပဲ ခရီးထွက်ကြမယ် ဒီခရီးစဉ်မှာ ဇော်လရယ် ဆိုင်းဇီရယ် ဦးရယ်က တိုက်မှာ ကျန်နေခဲ့မယ် ... ငါတို့မိသားစုရယ် ... ပါပ ဒိုးလုံး နေရဲတို့ အဖွဲ့သား လူငါးယောက်ပါမယ် ... မောင်မင်းထိုက်ပါမယ်





ခရီးစဉ်က ညောင်ရမ်းဆက်အနွယ်တော်တွေရဲ့ ရတနာ မြှုပ်မြှုပ်နှံထားတဲ့ ရတနာပစ္စည်းတွေကို ရှာဖွေဖို့ပဲ ... ရလာတဲ့ ရတနာပစ္စည်းတွေအပေါ်ကြည့်ပြီး ငွေကြေးခံစားရမယ်"

အားလုံးငြိမ်နေကြသည်။ မည်သူမျှ စောဒကတက်ခြင်းမရှိပေ။ သို့သော် အားလုံး၏မျက်နှာထားများက တက်ကြွနေကြသည်။

လူတို့၏ သည်းခြေကြိုက်သည် ငွေကြေးရတနာပစ္စည်းပဲ ဖြစ်လေမည်မှာ သေချာလှသည့် အခြေခံဇယားပဲဖြစ်ပါလေသည်။

နေရဲသည် သိမ့်သိမ့်ကို လှမ်းကြည့်လိုက်သည်။ သိမ့်သည် ဝတ္တုရားအရ မိခင် ဒေါ်ရွှေစောကြောင့် လိုက်ပါခဲ့ရခြင်းဖြစ်ဟန်တူသည်။ သိမ့်သိမ့်၏မျက်နှာကလေးပေါ်တွင် စိတ်ပျက်ခြင်း အရိပ်အငွေ့တွေပဲ တွေ့နေရပါလေသည်။

"ဒါဆိုရင် ... ကသိုဏ်းတောင်ခရီးအတွက် အစစအရာရာ ပြင်ဆင်ထားကြပါ ... မိမိလိုတဲ့ အဝတ်အစား ... မိမိကိုင်ရမဲ့ လက်နက်တွေကို တိုက်ချွတ်စစ်ဆေးကြပါ ... ကသိုဏ်းတောင်ခရီးက ကြမ်းတယ်"

ဦးကျောက်အိုးက တိုတိုနှင့် စကားဖြတ်သည်။

လူစု ကွဲသွားကြသည်။ နဒီသည် ကျည် (၁၂) တောင့်ပါ ၄၅ မမ ပစ္စတိုတစ်လက်ကို နေရဲအား ပေးလာသည်။

နေရဲ ကျည်ကပ်ကို ထုတ်စစ်သည်။ ကျည်အပြည့်ပဲ ဖြစ်ပါလေ၏။ ဤလက်နက်များသည် တရားမဝင် လက်နက်ပုန်း များပဲ ဖြစ်ပါလေမည်။

ထိုနေ့က နဒီနှင့် ဦးကျောက်အိုး အပြင်ထွက်သွား သည်။ ဦးဒိုးလုံးတို့အုပ်စုသည် လက်နက်ကြီးငယ်များကို တိုက်ကြ ချွတ်ကြ ပြင်ဆင်ကြသည်။ သိမ့်သိမ့်နှင့် ဆိုင်းဇီမှာ မီတာပွုရပ်ရှိ တိုက်တွင် နေသူအားလုံးအတွက် ချက်ပြုတ်ပြင်ဆင်ရသည်။

တစ်နေ့လုံး မနားကြရရှာပေ။ ဦးပါပကြီးသည်လည်း အငြိမ်နေရ၊ ကိုသိုဏ်းတောင်ခရီးအတွက် ပြင်ဆင်နေခဲ့ရပါလေ သည်။

ထိုနေ့ညနေစာကို ခပ်စောစော စားလိုက်ကြသည်။ မင်းထိုက်က ညနေစောင်းတွင် အထုပ်အပိုးများဖြင့် ရောက်ရှိလာ ခဲ့ပါ၏။

နေရဲနှင့် အရောတဝင် မရှိ၍ နေရဲနှင့် ဦးပါပထံသို့ မလာခဲ့ပဲ ဦးဒိုးလုံးတို့လူစုနှင့်သာ ရောနှောနေခဲ့ပါလေသည်။





ညနေ မိုးချုပ်စမှာပင် ဦးကျောက်အိုး၊ နဒီတို့ ပြန် ရောက်လာကြသည်။ ရှရှားဂျစ်တစ်စင်း ပါလာခဲ့သည်။ ယာဉ် မောင်းတစ်ဦးလည်း ပါလာခဲ့၏။

မိုးအတော်ချုပ်သည်အထိ ဦးကျောက်အိုးနှင့် နဒီတို့ အပေါ်ထပ်မှ ဆင်းမလာခဲ့တော့ပေ။

ညဦးပိုင်းတွင် နှင်းအကျ အတော်ပင် ပါးလှသွားသည်။ အအေးပေါ့သည်မို့ ခြံဝင်းထဲတွင် နေရဲ ဆင်းထိုင်နေမိသည်။

သိမ့်သိမ့် ရောက်လာသည်။ သူမမျက်နှာကလေးသည် စိတ်ညစ်ညူးနေပုံ ပေါ်နေပါလေ၏။

"သိမ့်တော့ ... ဒီခရီးအတွက် ရင်လေးနေမိတယ် ကိုနေရဲ"

"ဘာဖြစ်လို့လဲ ... သိမ့် ဘာအတွက် ရင်လေးနေမိတာလဲ ဟင်"

"ဒီလိုလေ ကိုနေရဲ ... ဒီခရီးဟာ လောဘရမ္မက်နဲ့ ဆက်နွယ်ပြီး ထွက်တဲ့ခရီးပဲလေ ... ဒီခရီးစဉ်ဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေပဲ ဖြစ်လာနိုင်တယ်လေ ... အဲဒီခရီးစဉ်မှာ ကိုနေရဲအနေနဲ့ သိမ့်တို့သားအမိကို မမေ့ထားပါနဲ့နော်"





လရောင်က ထိုးကျနေခဲ့သည်။ ခပ်ပါးပါး လအလင်းတွင် ပါးကြောကလေးများ စိမ်းထနေသည့် သိမ့်သိမ့်၏ မျက်နှာကလေးကို နေရဲ တွေ့နေရပါ၏။ ရင်တို့ တဒိတ်ဒိတ် ခုန်စပြုသည်။

အသိမဲ့မဟုတ်သော စိတ်တို့က လွှတ်ထွက်သွားသည်။ သိမ့်သိမ့်၏ ကိုယ်လုံးတစ်တစ်ကလေးကို နေရဲ သိုင်းဖက်မိတော့သည်။

ဝင်သက်ထွက်သက်တွေ မြင်းလာသည်။ နေရဲ စိတ်ကို ထိန်းချုပ်လိုက်နိုင်သည်။ သိုက်ဖက်ထားသော လက်များ ပြေလျော့သွား၏။

"တို့ကို ခွင့်လွှတ်ပါ သိမ့် ... သိမ့် အဖြစ်ပြောမယ်ဆိုလည်း တို့ ကျေကျေနပ်နပ် ခံယူမှာပါ ... သိမ့်အဖြစ်က ကျားကြောက်လို့ ရှင်ကြီးခိုး ... ရှင်ကြီး ကျားကောက်ဆိုးတဲ့အဖြစ်မျိုးနဲ့ ကြုံရတယ်လို့ မထင်ဘူးလားဟင် ... မကွယ်တန်းပြောရရင် သိမ့်ကို နေရဲ ချစ်နေမိပြီကွာ"

သိမ့် တုပ်တုပ်မလှုပ်ပါ။ ဘာမျှ မပြော၊ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲစ ပြုလာသည်။

"သိမ့်ပေးချင်တဲ့အပစ် ပေးပါတော့ သိမ့် ... တို့ဟာ မပြုအပ်မပြုသင့်တဲ့အဖြစ်ကို ကျူးလွန်မိသလို ခံစားရပါတယ်

သိမ့်ဘ၀ကို ကိုယ်ချင်းစာမိရင် ကိုနေရဲ ဒီလိုမပြုသင့်ဘူးလေ ... ခက်တယ် သိမ့် ... အချစ်ဆိုတာ နှလုံးသားရှိတဲ့သူတိုင်း ထိန်းချုပ်လို့ မရနိုင်တဲ့စွမ်းအင်တချို့ပဲလေ ... မယုံရင် ကိုနေရဲရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေတဲ့ နှလုံးသားနေရာကို သိမ့် စမ်းကြည့်နိုင်ပါတယ်"

"တော်ပါ ... သိမ့်ဘာဖြစ်လို့ စမ်းကြည့်ရမှာလဲ ... ဒီမှာလည်း ရင်တွေ တဒိတ်ဒိတ် ခုန်နေတဲ့ဥစ္စာပဲ"

နေရဲအပျော်တွေ တစ်ကိုယ်လုံး စိမ့်ဝင်သွားတော့သည်။

"ဒါ ... ဒါဆိုရင် ... တို့ ... တို့ကို သိမ့် ချစ်တယ်ပေါ့ ဟုတ်လား"

သိမ့်သည် ရှက်ပြုံးကလေး ပြုံးကာ ခေါင်းညိတ်ပါလေတော့သည်။

ပြီးတော့ လှစ်ခနဲ ပြေးသွားပါလေပြီ။

နေရဲ မချင့်မရဲ ဖြစ်ပါလေတော့သည်။ ရင်တွေ တဒိတ်ဒိတ်ခုန် ကျန်ရစ်ပါ၏။





ကသိုဏ်းတောင်ခရီးကြမ်းကို စတင်ထွက်ခွာခဲ့ကြသည်။ ဖားကန့်သို့ လင့်ရှိဘာကား၊ ရှရှဂျစ်နဲ့ ဝီလီဂျစ် ကားသုံးစီးဖြင့် သွားခဲ့ကြသည်။

ဖားကန့်ရောက်တော့ ဒက်ဒီ ဦးကျော်ဝေ၏တပည့်တစ်ဦးဖြစ်ခဲ့သူ ကိုသန်းမောင်က ဖားကန့်တွင် ကျန်ရစ်ခဲ့သည်။ ဦးကျောက်အိုး စီစဉ်ပေးမှုကြောင့် ဖားကန့်ရှိအိမ်တစ်အိမ်တွင် ကိုသန်းမောင်နှင့်အတူ ကားနှစ်စီး ကျန်ရစ်ခဲ့သည်။

ဖားကန့်မှ ယူမာရွာအရောက်တွင် မရော်ဆိုသူက လားငါးကောင်နှင့် လားထိန်း တရုတ်ငါးဦးကို ငှားရမ်းပေးသည်။

ခရီးသည်တစ်စု၏ ဝန်စည်စလယ် အထုပ်အပိုးပစ္စည်းများကို လားများပေါ်တွင် တင်၍ ခရီးဆက်ကြသည်။

ခရီးစဉ်က ရှည်လှပါသည်။ ဦးကျောက်အိုးတို့လူစုမှာ မိုးကောင်းမြို့မှ ကားဖြင့် ကာမိုင်း၊ နန်ယာ၊ နန့်ထိန်း၊ လုံးခင် တဘက်ကမ်းအထိ ကားလမ်းဖြင့် သွားရသည်။

လုံးခင်မှာ ခုရူမြစ်၏ တဘက်ကမ်းတွင် ရှိသည်။

လုံးခင်သို့ရောက်လျှင် တော်မှော်မှ ၉ မိုင်ခရီး လမော်ရွာမှ ကျော်ဖြတ်ပြီး ဖားကန့်သို့ ရောက်သည်။

ဖားကန့်မှ ယူမာ၊ ယူမာမှလစ်ခွရွာအထိ သွားကြရပါ၏။ လမ်းခရီးတွင် ရွာဆက်များ ရှိနေ၍ အစားအသောက်မှာ အဆင်ပြေပါသည်။

ကသိုဏ်းတောင်သို့ တက်ပြီဆိုသည်နှင့် ဒေါ်ရွှေစော၊ ဒေါ်ဥမ္မာလေး၊ နန့်စီနှင့် ကြည်လတ်တို့ အပင်ပန်းမခံနိုင်ပါလေတော့။

တောက ကြမ်းသည်။ တော်ထဲမှာပင် ရွက်ဖျက်တဲထိုး၍ အစုအဖွဲ့အလိုက် နေကြရသည်။ သိမ့်သိမ့်သည် အခြေအနေအရ နေရဲကို နဒီနှင့် နီးနီးကပ်ကပ် ထားရှိရသည်။

လူအစုများ၍ တောကောင်အန္တရာယ်မှာ သိပ်တော့ မကြောက်ရလှပေ။

ဦးခေါင်းခွံ သုံးခွံကိုဆက်သည်တွင် လမ်းညွှန်မြေပုံ





ပေါ်လာတော့သည်။ ထိုလမ်းညွှန်မြေပုံကို ဒက်ဒီကိုယ်တိုင်ပင် စာရွက်တစ်ရွက်ပေါ်တွင် စကေး ိက် ရေးဆွဲခဲ့ပါ၏။

"လမ်းညွှန်အရဆိုရင်တော့ ... ကျွန်တော်တို့ ရောက်တဲ့နေရာနဲ့ သိပ်မဝေးတော့ဘူးလို့ ဆိုနိုင်ပါတယ် ... ဘာဖြစ်လို့ ပြောနိုင်သလဲဆိုရင် သဘာဝအလျှောက်ဖြစ်နေတဲ့ သမင်ဦးချိုဆိုတဲ့ တောင်ခါးပြတ်ကို တွေ့ရလိမ့်လို့ ဆိုထားတယ် ... အခု ကျွန်တော်တို့ရောက်နေတဲ့နေရာက သမင်ဦးချိုနဲ့တူတဲ့ တောင်ခါးပြတ်မှာပဲလေ"

"ဟုတ်ကဲ့ ... ဦးကျော်ဝေ ... ဆက်ပါဦး မြေပုံအရ ဘယ်လောက် ဝေးသေးသလဲဆိုတာကိုပေါ့"

ဦးကျောက်အိုးက သိချင်စိတ်တို့ ထိန်းမရဟန်ဖြင့် မေးလာခဲ့သည်။

"မဝေးတော့ဘူးဗျ ... မြေပုံအရဆိုရင် နှစ်မိုင်ပဲ ကျန်တော့တယ် ... ဒါက မှတ်တမ်းအရ ပြောတာနော် ... အပိုအလိုတော့ ရှိနိုင်တယ် ... တောလမ်းအတိုင်း သွားခဲ့ရင် သစ်နီပင်ကို တွေ့လိမ့်မယ်လို့ ပြထားတယ် ... သစ်နီပင်ရဲ့အနီးမှာ ရှိတဲ့ ဂူသုံးခုအနက် အလယ်ဂူမှာ ရှိတယ်လို့ ဆိုထားပါတယ်"

မင်းထိုက်သည် စိတ်ဝင်တစား နားထောင်နေခဲ့လေသည်။ သူ၏မျက်လုံးများက ဂဏှာမငြိမ် ဖြစ်နေသည်ကို နေရဲ သတိထားလိုက်မိသည်။

"ဒါဆိုရင်တော့ ... မနက်ကျမှပဲ အေးအေးဆေးဆေး ရှာကြ ဖွေကြတာပေါ့ ... အခု ညဦးတောင် အတော်နက်နေပြီပဲ"

"ဟုတ်တယ် ကိုကျောက်အိုး ... ကျွန်တော်တို့ လန်းလန်းဆန်းဆန်းဖြစ်နေမှ ကောင်းမယ် ... အိပ်ကြစို့"

မြေပုံကို ဦးကျော်ဝေ သိမ်းဆည်းလိုက်သည်။ တစ်ခါတစ်ရံ ချေဟောက်သံ၊ မျောက်အော်သံတို့ကို ကြားရပါလေသည်။ ကျားသစ်သံတော့ မကြားရပေ။

ကသိုဏ်းတောင်တွင် မိုးက ရွာသွန်းပါလေသည်။ တာမခံဆိုလျှင်ပင် မိုးနှင့်ဆောင်းတို့သာ အမြဲရှိနေတတ်ပြီး မိုးသံက အမြဲမပြတ် ကြားနေရတတ်ပါ၏။





နံနက်မိုးလင်းတော့ လားငါးကောင် လားထိန်းငါးဦးနှင့် မင်းထိုက်တို့ ပျောက်နေခဲ့သည်။ ဦးပါပလည်း မရှိတော့။

"ဒီအတိုင်းဆိုရင်တော့ ... မင်းထိုက်ဆိုတဲ့ကောင် ကျွန်တော်တို့ကို သစ္စာဖောက်သွားပြီ ဦးကျော်ဝေ ... ဘာပဲဖြစ်ဖြစ် ခရီးတော့ ဆက်ကြရမှာပဲ ... တော်သေးတာက ဆေးဝါးပစ္စည်းအချို့နဲ့ လက်နက်ကိုယ်စီ ကျန်ခဲ့တာကိုပဲ ကျေးဇူးတင်ရဦးမယ် ... ခရီးဆက်ရင်တော့ သတိထားရလိမ့်မယ် ... မင်းသိုက် ဘာတွေ ကြံနေသလဲဆိုတာ ကျွန်တော်တို့ မသိနိုင်ဘူးလေ"

"ဟုတ်တယ် ကိုကျောက်အိုး ... သတိတော့ ထားရလိမ့်မယ်"

ဦးကျော်ဝေက လေးနက်စွာ စဉ်းစားရင်း ပြောလိုက်သည်။

ခရီးဆက်ကြသည်။ သတိထား၍ ခရီးဆက်ကြသည်။ ဦးကျော်အိုးတို့ ခရီးစဉ်သည် ရင်တဒိတ်ဒိတ် ခုန်ရပါလေတော့ပြီ။ လားထိန်းငါးယောက်နှင့် မင်းထိုက်သည် ဆန့်ကျင်ဘက်ရန်သူတွေ ဖြစ်သွားကြလေပြီ။

ရှေ့ဆုံးမှ ဦးဒိုးလုံးနှင့်အဖွဲ့သားငါးဦး ခရီးဆက်သည်။ အလယ်တွင် ဒေါ်ရွှေစော၊ ဒေါ်ဥမ္မာလေး၊ နန့်စီနှင့် ကြည်လတ်တို့ပဲ ဖြစ်၍ နောက်ဆုံးတွင် နေရဲ၊ နဒီ၊ သိမ့်သိမ့်နှင့် ဦးကျောက်အိုး၊ ဦးကျော်ဝေတို့ ဖြစ်ကြသည်။

ခရီး အတော်ပေါက်လာပြီ။ ခင်တန်းတောတန်းအစပ်သို့ပင် ရောက်လာခဲ့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

မိုင်းပေါက်ကွဲသံတွေ ကြားရသည်။ ရှေ့ဆုံးမှ ဦးဒိုးလုံးနှင့် အဖွဲ့သားငါးဦးလုံး မြင်မကောင်းတော့။

သွေးသံရဲရဲနှင့် အသက်မဲ့နေကြပြီ။

"ဒက်ဒီ ... သူတို့ဟာ ဘာပဲပြောပြော ကျွန်တော်တို့ခရီးရဲ့ အဖော်ပဲလေ ... ဒီတော့ သူတို့ကို မြေမြှုပ်ပြီး သင်္ဂြိုဟ်





ပေးကြရအောင်ပါ"

နေရဲက တောင်းဆိုလိုက်သည်။ ဦးကျော်ဝေက ခေါင်းညိတ်လိုက်ပါ၏။

ယောကျ်ားသားသုံးဦးသည် ပါလာသော ပေါက်ပြားငယ်များဖြင့် တူးဆွရတော့သည်။

အတိမ်အနက် အလောတော် မြေကျင်းတစ်ခုထဲတွင် စုပေါင်းပြီး သင်္ဂြိုဟ်လိုက်ရတော့သည်။

ရှေ့သို့ ခရီးအဆက်တွင် ဒဏ်ရာဖြင့် ညည်းနေသံကြားရသည်။ ဦးပါပကြီးပဲ ဖြစ်သည်။ သတိတော့ ကောင်းနေပါသေးသည်။

"ဆ ... ဆရာ ကျောက် ... ကျုပ်ကို ... ဓားစာခံ ဖမ်းလာခဲ့တာ ... ကျုပ်ကို မင်း ... မင်းထိုက် ဓား ... နဲ့ ... ထိုး"

စကားပင် မဆုံးလိုက်။ ဦးပါပကြီး ဇက်လိမ်ကျသွားရှာသည်။ ဓားဒဏ်ရာများမှ သွေးယိုစီးနေဆဲရှိသေးသည်။

"တောက် ... "

ဦးကျောက်အိုးထံမှ တက်ခေါက်သံ ကြားရသည်။

နေရဲသည် တွင်းတစ်တွင်းကို တူးတော့သည်။ ဦးပါပကို နေရဲခင်မင်ရင်းစွဲရှိသည်မို့ ကောင်းမွန်စွာပဲ သင်္ဂြိုဟ်လိုက်ပါသည်။

အင့်ခနဲ ရှိုက်သံ ကြားရပြန်သည်။ နဒီထံမှပဲ ဖြစ်ပါလေ၏။ ဦးပါပကြီးသည် နဒီ၏ အဖော်ကောင်းဖြစ်ရှာခဲ့သည်ပဲ။

ခရီးဆက်ကြသည်။ တန်းနေသော ကျောက်ဂူသုံးလုံးကို လှမ်းမြင်ရသည်။

ဦးကျောက်အိုးနှင့် နဒီတို့ သေနတ်ပြင်ကာ ရှေ့တက်သွားတော့သည်။ သေနတ်သံတွေ ဆင့်ကဲ ဆင့်ကဲ ထွက်လာသည်။

ကျောက်ဂူသွားလမ်း၏နဘေးမှ သေနတ်သံများ ထွက်လာခြင်းဖြစ်သည်။

နာကျင်စွာ အော်ဟစ်ညည်းညူသံတွေ ပျံ့လွင့်သွားသည်။ ဒေါ်ရွှေစော၊ ဒေါ်ဥမ္မာလေး၊ နန့်စီနှင့် ကြည်လတ်တို့ သေနတ်ဒဏ်ရာဖြင့် သွေးအိုင်ထဲမှာ လူးလွန့်နေကြသည်။

နေရဲသည် သိမ့်သိမ့်ကို ဆွဲမှောက်လိုက်သည်။

နေရဲနှင့် သိမ့်သိမ့်တို့ ဟိုဘက်သည်ဘက် ပြန်လှန်ပစ်ခတ်လိုက်သည်။ ဦးကျော်ဝေသည်လည်း ကျသွားလေသည်။

သေနတ်သံသည် သုံးချက်မျှသာ ထွက်ပေါ်လာပြီး ငြိမ်ကျသွားတော့သည်။

"သိမ့် သေနတ်သံက သုံးချက်တည်း ... ငြိမ်ကျသွားပြီ ...





လူသုံးယောက် ကျန်လိမ့်ဦးမယ်"

ထိုစဉ်မှာပင် ဒိုင်းခနဲ သေနတ်သံ ကြားရသည်။ နောက် ဆင့်ကာ အပြန်အလှန် ပစ်ခတ်သံတွေ ကြားရသည်။

သေနတ်သံ ငြိမ်သွားပြန်သည်။ သိမ့်သိမ့် မျက်ရည်သုတ်ကာ နေရဲနှင့်အတူ ရှေ့ဆက်တက်သည်။

ကျောက်ဂူနှင့် မနီးမဝေးတွင် လဲကျနေသော ဦးကျောက်အိုး၊ ဒဏ်ရာရထားသော်လည်း သေနတ်ကိုင်ကာ မတ်တတ်ရပ်နေသည့် နဒီကို တွေ့ရသည်။

"နေရဲ ... ဟိုကောင် မင်းထိုက်တစ်ယောက်ပဲ ကျန်တော့တယ် ... ဖေဖေလည်း ကျ ... ကျသွားပြီ"

"နဒီမှာ သေနတ်ဒဏ်ရာကြီးနဲ့ ... သိမ့်သိမ့်နဲ့အတူတူ ဟောဟိုက ကျောက်တုံးအကွယ်မှာ နေပါ ... နေရဲ ဒီကောင့်ကို ရှင်းမယ်"

"နဒီလက်မောင်းဒဏ်ရာက သေနတ်ပစ်နိုင်ပါသေးတယ် ... သိမ့်သိမ့်ပဲ ပုန်းနေပါလေ ... နဒီက ကိုရဲနဲ့အတူ လိုက်ခဲ့ပါမယ်"

"နဒီ နေရစ်ခဲ့ပါ ... ကိုရဲစကားကို နားထောင်ပါ ... အချိန်မရှိဘူး ... ဒီကောင်က ကျည်ကွယ်တစ်ခုမှာ ရှိနေမှာ အမှန်

ပါ”

နဒီသည် တွေဝေမနေတော့ဘဲ ကျောက်တုံးအကွယ်သို့ လှမ်းလိုက်သည်။ ယင်းအခိုက်မှာပင် ရိုပ်ခနဲ မြင်လိုက်ရ၍ နဒီနှင့် သိမ့်သိမ့်ကို နေရဲ တွန်းထုတ်လိုက်ပြီး ကိုယ်က တပတ်လည် လှိမ့်ချလိုက်သည်။

‘ဒိုင်း’ ခနဲ သေနတ်သံနှင့်အတူ မင်းထိုက် ပြေးထွက်လာသည်။ မင်းထိုက်သည်။ ကျောက်ဂူရှိရာသို့ ပြေးလွှားနေခဲ့သည်။

နေရဲရော သိမ့်သိမ့်ပါ သေနတ်ဖြင့် လှမ်း၍ ပစ်သည်။ ပြန်လှန်ပစ်ခတ်ရင်း ကျောက်ဂူအဝအရောက်တွင် မင်းထိုက် လဲကျသွားပါလေသည်။

မင်းထိုက်သည် မိုင်းထောင်ထားသည့် ကျောက်ဂူထဲသို့ လဲရာမှ ပြေးဝင်သွားတော့သည်။

မကြာလိုက်။ မိုင်းတွေ ဆင့်ကွဲပေါက်သံတွေ ကြားရသည်။ ကျောက်ဂူသုံးလုံး ပြိုကျသွားတော့သည်။

မင်းထိုက် ဘာလုပ်မည်ကို နေရဲ တွက်ဆထားပြီးဖြစ်ပါ၏။

လောဘရမ္မက်ကြောင့်ပင် မင်းထိုက်သည် ဘဝမကူးခင် အချိန်ကလေးအတွင်းမှာပင် မိုင်းခွဲခဲ့သည်။





မစားရသည့်အမဲ သဲပက်လိုက်ခြင်းပဲ ဖြစ်သည်။

ဒဏ္ဍာရီတစ်ပုဒ်လို ရှိခဲ့ဖူးသော ညောင်ရမ်းဆက်နွယ်တို့၏ အဖြစ်အပျက်အားလုံးသည် ဒဏ္ဍာရီတစ်ပုဒ်လိုပင် ဖြစ်သွားခဲ့ရပြီတည့်။

သိမ့်သိမ့်နှင့် နေရဲတို့ နဒီအား ပြေးပွေ့လိုက်သည်။ နဒီမျက်ဝန်းအိမ်တွေ ပွင့်လာသည်။

နှုတ်ခမ်းနှစ်လွှာက အားယူနေသည်။

မပီမသစကားလုံးတို့ကို ကြားလိုက်ရသည်။

“ကို ... ကိုရဲကို နောက် ... နောက်ဘဝမှာ မျှော်နေမယ် ကိုရဲကို နဒီ ... လေ ... သိပ် ... ချစ်”

နဒီအသံတို့ ဆိတ်ညိမ်သွားပြီ။

မျက်ဝန်းမှာ နေရဲကို စိုက်ကြည့်နေဆဲဖြစ်သည်။ နေရဲသည် နဒီမျက်ခွံတို့ကို ဆွဲပိတ်ပေးလိုက်တော့သည်။

“သွားကြအောင် သိမ့် ... ကိုရဲတို့ ဒီခရီးလမ်းက သွားကြစို့နော် ... ကျန်သူတွေကို သင်္ဂြိုဟ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးကွာ ... နေမဝင်ခင် ရွာတစ်ရွာကိုရောက်အောင် သွားကြမယ် ... အဲဒီကမှတစ်ဆင့် ဖားကန့်ပြန်မယ် ... ဖားကန့်ကတစ်ဆင့် မြစ်ကြီးနားရောက်ရင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့

ကို အကြောင်းကြားမယ် ... အစစ်အဆေးခံမယ် ... အပြစ်ရှိခဲ့ရင်လည်း ကိုရဲ့နဲ့သိမ့် ကျေနပ်စွာ ခံပြီး ဘဝသစ်တစ်ခုကို တည်ဆောက်ကြမယ်လေ"

"ကိုရဲ့ သဘောအတိုင်းပဲပေါ့ ... "

နှစ်ဦးသား သိုင်းဖက်လျက် ခရီးဆက်ကြတော့သည်။

နှစ်ဦးစလုံး၏ ရင်ခုန်သံတို့သည် တဒိတ်ဒိတ်ခုန်နေပါလေသည်။ နောင်တွင်လည်း တဒိတ်ဒိတ် ရင်ခုန်နေဦးမည် ဖြစ်ပါလေတော့သည်။

ပြီးပါပြီ။

တဒိတ်ဒိတ် ရင်ခုန်နိုင်ကြပါစေ